www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ကြယ်နက်သမီးတော်

စိတြအင်္ဂ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အခန်း (၁)



## ထူးခြားသော မျောက်စမ

တစ်ခုသောဆောင်းညနေခင်းသမယဝယ် ဂမ္ဘီရစာရေးဆရာ အဂ္ဂဝဏ္ဏသည် ဗားကရာချောက်အနီးရှိ သူ၏ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီး၏ အောက်ထပ်အိမ်ရှေ့ဝရန်တာ၌ ပက်လက်ကုလားထိုင်ဖြင့်ထိုင်ကာ ဒန်းပေါးလ်ဆေးတံကြီးကို တမျှဉ်းမျှဉ်းဖွာရှိုက်ရင်း ညနေရီရှုခင်းကို ငေးကြည့်နေလေ၏။ ထိုစဉ်ဟီးလ်မင်းကားနက်လေးတစ်စီး အိမ်ရှေ့သို့ ထိုးဆိုက်လာပြီးကားပေါ်မှ သူ၏မိတ်ဆွေလေး အိုင်အိုချစ်သွေးသည် မှတ်စုစာအုပ်လေးကိုင်လျက် ဆင်းလာလေ၏။

သူသည် အဂ္ဂဝဏ္ဏရှိရာသို့ မော်ကြည့်လိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



လေ့ကားသုံးထစ်ကို နင်းကာ ဝရန်တာသို့ တက်လာလျက် ပက်လက်ကုလားထိုင်ရှေ့မှ ခွေးခြေပုလေးတွင် ထိုင်လိုက်လေသည်။

"ဟဲလို ... ဘယ်လိုလဲ မောင်ချစ်သွေးရဲ့၊ ညနေခင်းကြီး မလာစဖူး အလာထူးတဲ့အပြင် လူကလည်း ရွှင်ရွှင်ပျပျ မရှိပုံထောက်တော့ ကေန္ဒ အမှုအခင်းပြဿနာ ကြီးကြီးမားမားနဲ့ ကြုံလာပြီမှတ်တယ်"

အဂ္ဂဝဏ္ဏကပြုံးလျက် ပြောလိုက်လေလျှင် အိုင်အိုချစ်သွေးသည် ဦးခေါင်းကို လေးပင်စွာ ညိတ်ပြလိုက်ပြီး ...

"ဟုတ်တယ် အာစရိရေ ... ကျွန်တော်တော့ လူသေမှုတစ်မှုအတွက် ခေါင်းရှုပ်လွန်းတာနဲ့ ကြံရာမရဖြစ်ပြီး အာစရိဆီ ထွက်လာခဲ့ရတာဗျ"

ဟုပြောရင်း မှတ်စုစာအုပ်လေးကို ဖွင့်ကာ စာရွက်ဖြူအပိုင်းလေးတစ်ခုကို ထုတ်ယူလိုက်လေသည်။

"အိုင်ဆေး ... ဆိုစမ်းပါဦးမောင်ချစ်သွေးရဲ့၊ ဘယ်လိုလူသေမှုမျိုးမို့လို့ ခေါင်းရှုပ်ရတာတုံးကွဲ့"

"ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချသတ်သေမှုပါ အာစရိရယ်၊ ဂျူဒါအီဇီကယ်လမ်း (ယခု ... သိမ်ဖြူလမ်း)က နှစ်ထပ်တိုက်





တစ်တိုက်မှာ ဖြစ်ပွားခဲ့တာပါ၊ အသက်သုံးဆယ့်ငါးနှစ်လောက် အရွယ်ကောင်းယောကျ်ားတစ်ယောက်ပါပဲ၊ နာမည်က ရောင်နီတဲ့၊ ကျောက်အရောင်းအဝယ်သမား၊ တစ်ကိုယ်တည်းနေတယ်၊ သူသေလို့ ငါးရက်ကြာမှ အပုပ်နံ့ရပြီး ဝန်းကျင်ကလူတွေ သိကြရတယ်"

"ဆွဲကြိုးချ သတ်သေတာရော သေချာရဲ့လား"

"သေချာပါတယ် အာစရိရဲ့၊ အလောင်းရဲ့အနေအထားက ဆွဲကြိုးချသတ်သေတဲ့ အနေအထားပါပဲ၊ လျှာထွက်၊ မျက်လုံးပြူးနေပြီး အောက်က ကြမ်းပြင်ပေါ်မှာလည်း သေးတစ်စက်နှစ်စက် ကျနေတာကို တွေ့ရတယ်ခင်ဗျ၊ ဒါပေမဲ့ ခက်တာက"

"ဆိုပါဦး အိုင်ဆေးရဲ့ ... ဘယ်လိုခက်တာတုံး"


"အလောင်းမှာဝတ်ထားတဲ့ ရှပ်အင်္ကျီအိတ်ကပ်ထဲမှာ ဟောဒီ အင်းလိုလို စမလိုလိုပုံကို တွေ့ရတာပဲ ခင်ဗျ"

အိုင်အိုချစ်သွေးသည် ပြောရင်း လက်ထဲမှ စာရွက်ပိုင်းလေးကို ကမ်းပေးလိုက်ရာ အဂ္ဂဝဏ္ဏက သေချာကြည့်လိုက်သည်တွင် တစ်ဖက်စာမျက်နှာပါပုံကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒါဟာ မျောက်စမပုံပဲကွဲ့"

"မျောက်စမ . . . ဟုတ်လား အာစရိ"

"ဟုတ်တယ်ကွဲ့ . . . ကျုပ်တို့နိုင်ငံမှာ အင်း, စမပညာရပ်နဲ့ပတ်သက်ပြီး လောကီဝိဇ္ဇာတွေဟာ သရေခေတ္တရာမင်း ၂၇ ဆက်မြောက်ဖြစ်တဲ့ သုပညာနဂရဆိန္နမင်းလက်ထက် သာသနာသက္ကရာဇ် ၆၂၉ လောက်မှာ ကပ္ပလက်ာရဆိုတဲ့ ကျမ်းကြီးကို ပြုစုခဲ့တယ်ကွဲ့၊ အဲဒီလို ရှေးဟောင်းကျမ်းလာ စမတွေထဲက ဒီမျောက်စမကို အတိုက်အခိုက်, အနှောင့်အယှက် တွေကို ဖြိုခွင်းအောင်နိုင်စေဖို့အတွက် အသုံးပြုကြတယ်ကွဲ့၊





အဲ အဲ . . . နေဦး နေဦး၊ ဒီမှာ သင်္ကေတလိုလိုတွေ ပါနေပါလား"

အဂ္ဂဝဏ္ဏက မျောက်စမပုံ၏ အောက်ခြေမှ သင်္ကေတလိုလိုလေးများကို လက်ညှိုးထောက်ပြရာ အိုင်အိုချစ်သွေးက သေချာကြည့်လေသည်။

"ရှေးစာအက္ခရာတွေလိုလိုပါလား အာစရိရဲ့"

စာရေးဆရာအဂ္ဂဝဏ္ဏလည်း ယင်းသင်္ကေတတို့ကို သေချာသဲကွဲစွာ မမြင်ရသဖြင့် ဂရိတ်ကုတ်အကျႌကြီး၏အတွင်း အိတ်ထဲမှ စာကြည့်ကော်ကိုင်းမျက်မှန်ကြီးကိုထုတ်ကာ အဆိုပါ အက္ခရာလိုလို၊ သင်္ကေတလိုလိုတို့ကို သေချာကြည့်လိုက်ရလေ၏။

"သြော် . . . ဝိဇ္ဇာလက်ရေးအက္ခရာတွေနဲ့ ရေးထားတာပဲကွဲ့"

"ဝိဇ္ဇာလက်ရေးအက္ခရာတွေ . . . ဟုတ်လား အာစရိ"

"ဟုတ်တယ် မောင်ချစ်သွေးရဲ့၊ ဝိဇ္ဇာလက်ရေးဆိုတာ ရေးချတို့, အသတ်တို့, ယပင့်, ယရစ်, တစ်ချောင်းငင်, နှစ်ချောင်းငင်တို့ကို သင်္ချာနဲ့ဖော်ပြတာပဲကွဲ့၊ ဥပမာအားဖြင့်"

"ရေးချ –ာ = ၁
သဝေထိုး ေ– = ၆
အဲဒီလို သင်္ချာဂဏန်းနဲ့ ဖော်ပြကြတာကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အဂ္ဂဝဏ္ဏသည် တပည့်ဖြစ်သူ မောင်ပေဒါအား ကော်ပီစာအုပ်နှင့် ခဲတံယူလာပေးရန် စေခိုင်းလိုက်ပြီး ကော်ပီစာအုပ်၊ ခဲတံရောက်လာသည်နှင့် မျောက်စမပုံ၏အောက်၌ရှိသော ဝိဇ္ဇာလက်ရေးဖြင့် ရေးထားသည်များကို ကော်ပီစာရွက်လွတ်ပေါ်တွင် ကူးရေးလိုက်လေ၏။

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၈ | ၇ | | ၇ | | | | ၁ | ၁ | ၁ | ၂ | ၁ | | ၁ |
| က | ယ | န | က | ၆ | တ | ၆ | ရ | က | လ | လ | မ | မ | ယ |
| | | | | | ၂ | | | | | | | | |

| | | | | |
|---|---|---|---|---|
| | ၈ | | | ၁ |
| ၆ | ပ | ၉ | ၆ | တာ |
| | | ၉ | | ၉ |

ယင်းနောက် ဝိဇ္ဇာလက်ရေးတို့ကို ဘာသာပြန်ကာ ချရေးပြလိုက်တော့သည်။

**ကြယ်နက်တွေရောက်လာလိမ့်မယ်၊**

**ပြေးတော့။**

"အင်း . . . ဒီလိုကျတော့လည်း အဓိပ္ပာယ်ပေါ်လာပါလား အာစရိရဲ့"





"ဟုတ်တယ် . . . ဒါပေမဲ့ သိဒ္ဓိမြောက်နေတဲ့ ဒီမျောက်စမမှာ အဲဒီလို အပိုစာအက္ခရာတွေ ပါနေတဲ့အတွက် ဒီမျောက်စမဟာ အစွမ်းထက်မှု မရှိတော့ဘူးကွဲ့၊ အင်း . . . ဒီမျောက်စမကို အစွမ်းသိဒ္ဓိအတွက် အသုံးပြုတာလည်း ဟုတ်ချင်မှဟုတ်မှာပါကွယ်"

"ကြယ်နက်တွေ ရောက်လာလိမ့်မယ်၊ ပြေးတော့ဆိုတာက ဘာအဓိပ္ပာယ်လဲ မသိဘူးနော် အာစရိ"

"အင်း . . . ကျုပ်အထင်ပြောရရင်တော့ မောင်ရင့်လူရောင်နီဟာ သူ့ဘာသာ ဆွဲကြိုးချသတ်သေတာ ဟုတ်ချင်မှ ဟုတ်မှာကွဲ့"

"ဗျာ . . . ဘာဖြစ်လို့လဲ အာစရိ"

"မျောက်စမမှာ ရေးထားတဲ့သတိပေး စာသားတွေအရ ဆက်စပ်တွေးကြည့်ရင် ရောင်နီမှာ အန္တရာယ်ရှိနေတယ်၊ အဲဒီအန္တရာယ်ကနေ လွတ်အောင်ပြေးဖို့ တစ်ယောက်ယောက်က လျှို့ဝှက်သင်္ကေတစာ ရေးပို့ပြီး သတိပေးတိုက်တွန်းတယ်၊ အဲဒီစာအရ သူပြေးဖို့ပြင်ဆင်တဲ့အချိန်မှာပဲ ကြယ်နက်ဆိုတာတွေ ရောက်လာပြီး သူ့ကို ကြိုးပေးသတ်သွားတာ မဖြစ်နိုင်ဘူးလား"

ထိုစဉ် အငှားကားလေးတစ်စီးသည် စာရေးဆရာ အဂ္ဂ



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏ၏ အိမ်ရှေ့သို့ ထိုးဆိုက်လာပြီး ကားထဲမှ ဆားပုလင်းမင်းညိုထွက်လာသည်ကို တွေ့ရလေ၏။ ဆားပုလင်းမင်းညိုမှာ အိုင်အိုချစ်သွေး၏တပည့်ကျော်တစ်ဦးဖြစ်သည်။

ဆားပုလင်းမင်းညိုသည် အိမ်ပေါ်ရောက်သည်နှင့် အဂ္ဂဝဏ္ဏကို ပြုံးလျက် နှုတ်ဆက်လိုက်ပြီးနောက် သူ့ဆရာ အိုင်အိုချစ်သွေးအား ဆလုရိုက်အလေးပြုလိုက်လေ၏။

ပြီးမှ ခွေးခြေပုလေးတစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး . . .

"ဆရာ . . . အလောင်းကို ရန်ကုန်ဟော်စပီတယ်လ်ကရေခဲတိုက် (Mortuary) မော်ကျူရီ ပို့လိုက်ပြီ၊ အဲဒီအချိန်မှာ ဆတ်သားရဲဘော်လိုက်လာပြီး စုံထောက်မင်းကြီးခေါ်တယ်ဆိုလို့ စီအိုင်ဒီရုံးကို သွားရသေးတယ် ခင်ဗျ၊ ခေါ်တာကတော့ ဆရာ့ကို ခေါ်တာပါ၊ ဆရာမရှိလို့ ကျွန်တော်ပဲ လိုက်သွားရတယ်"

ဟု အိုင်အိုချစ်သွေးအား တင်ပြလိုက်လေသည်။

"စုံထောက်မင်းကြီးက ဘာကိစ္စ ခေါ်တာလဲ"

"ဒီလိုဆရာရဲ့ . . . စစ်ကိုင်းခရိုင် ရာဇဝတ်ဝန်က စုံထောက်မင်းကြီးဆီကို ကြေးနန်းရိုက် သတင်းပို့တယ်၊ ကသာမြို့ မြို့ပတ်ကမ်းနားလမ်း မြစေတီနားက အိမ်တစ်အိမ်မှာ မနေ့က လူတစ်ယောက် ဆွဲကြိုးချသတ်သေခဲ့တယ်တဲ့၊ အဲဒီသေဆုံးသူရဲ့





ဘောင်းဘီအိတ်ထဲမှာ စမပုံတစ်ပုံ တွေ့ရတယ်တဲ့၊ နားလည်တဲ့သူတွေကိုပြကြည့်တော့ အဲဒါ ဂမ္ဘီရဆိုင်ရာ မျောက်စမပုံလို့ ပြောတယ်တဲ့ခင်ဗျ၊ အဲဒီသေဆုံးသူက လောကီပညာရပ်တွေ, ဂမ္ဘီရကိစ္စတွေကို သိသူမဟုတ်နိုင်ဘူးတဲ့၊ အဲဒီလူဆီမှာ အဲဒီစမပုံတွေ့ရတဲ့အပြင် သူ့ရဲ့လက်ကောက်ဝတ်တွေမှာလည်း ဖျစ်ညှစ်ခံထားခဲ့ရသလို အညိုအမည်းအရာ နည်းနည်းတွေ့ရလို့ လူသေမှုရိုးရိုးမှ ဟုတ်ရဲ့လား၊ လူသတ်မှုများ ဖြစ်နေမလားဆိုပြီး သံသယဝင်တာနဲ့ လှမ်းသတင်းပို့ အစီရင်ခံတာတဲ့ ခင်ဗျ . . .၊

အဲဒီမှာတင် စုံထောက်မင်းကြီးက ကြေးနန်းပြန်ရိုက်လိုက်တယ်၊ အလောင်းကို မသင်္ဂြိုဟ်နဲ့ဦး၊ ဒီက အထူးစုံထောက်တစ်ဦး လွှတ်လိုက်မယ်လို့ ကြေးနန်းရိုက်လိုက်တယ်တဲ့ ဆရာ၊ အဲဒါ ဆရာ့ကို ကသာလွှတ်မယ်လို့ ပြောတယ်၊ ဆရာ့ကို တွေ့အောင်ရှာပြီး ရုံးချိန်ကျော်သွားရင် သူ့အိမ်လာခဲ့ဖို့ ဆရာ့ကို ပြောခိုင်းလိုက်တယ် ခင်ဗျ၊ ကျွန်တော်လည်း စီအိုင်ဒီရုံးက ပြန်လာကတည်းက ဆရာ့ကိုလိုက်ရှာနေတာ နှံ့နေပြီ၊ နောက်မှ ဒီဆရာကြီးရဲ့အိမ် ရောက်နေလားမသိဘူးဆိုပြီး လိုက်လာတာ"

အိုင်အိုချစ်သွေးက သက်ပြင်းချလိုက်သည်။

"အင်း . . . အာစရိရဲ့ ဝေဖန်သုံးသပ်ချက်နဲ့ ကသာက



www.burmeseclassic.com

www.burmeseclassic.com



သတင်းအရဆိုရင် ဒီလူသေမှုနှစ်မှုစလုံးဟာ လူသတ်မှုတွေများ ဖြစ်နေမလား မသိဘူး''

''ဟုတ်တယ် မောင်ချစ်သွေး၊ အဲဒီ ကသာမှာတွေ့ရတဲ့ မျောက်စမပုံမှာလည်း ဒီက မျောက်စမပုံလိုပဲ လျှို့ဝှက်စာတွေ ပါမယ် ထင်တယ်ကွဲ့''

''ဒါဆို အာစရိ . . . အဲဒီ လျှို့ဝှက်စာတွေဟာ အဲဒီအမှု တွေအတွက် အတော်အရေးပါနေပြီဗျ''

''ဟုတ်တယ် . . . လျှို့ဝှက်စာတွေရော, အလောင်းတွေ ကိုပါ သေချာစိစစ်လေ့လာသင့်ပြီကွဲ့''

''အင်း . . . ဟုတ်တယ်၊ ရန်ကုန်ပော်စပီတယ်က ရေခဲ တိုက်ထဲရောက်နေတဲ့ ရောင်နီရဲ့အလောင်းကိုပါ ပြန်စစ်ဆေး ရဦးမယ်၊ ကဲ အာစရိရေ . . . ကြာပါတယ်၊ ခုပဲ (Mortuary) ရေခဲတိုက်သွားလိုက်မယ်၊ ပြီးမှ စုံထောက်မင်းကြီးရဲ့အိမ် လိုက် သွားမယ်၊ မင်းညို . . . မင်းလည်း လိုက်ခဲ့၊ အာစရိ . . . ခွင့်ပြု ဦးဗျာ''

အိုင်အိုချစ်သွေးသည် အဂ္ဂဝဏ္ဏကို နှုတ်ဆက်ပြီးနောက် ဆားပုလင်းမင်းညိုကိုခေါ်ကာ သူ၏ကားလေးဖြင့် အလျင်စလို ထွက်ခွာသွားတော့၏။





စာရေးဆရာ အဂ္ဂဝဏ္ဏလည်း ယင်းလူသေမှုနှစ်မှု၏ အကြောင်းကို စဉ်းစားတွေးတောရင်း ဒန်းဟေးလ်ဆေးတံကြီးကို စိမ်ပြေနပြေ ခဲနေလိုက်လေ၏။

ထိုစဉ် မောင်ဗေဒါက အနီးသို့ချဉ်းကပ်လာကာ . . .

''ဆရာ . . . စောစောက ဆရာချစ်သွေးပြောသွားတဲ့ အမှုနှစ်မှုစလုံးဟာ တကယ်ပဲ ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချသတ်မှု တွေမှ ဟုတ်ရဲ့လား၊ လူသတ်မှုတွေများ ဖြစ်နေမလား ဆရာ''

ဟု ထင်မြင်ချက်ကိုမေးလေ၏။ စာရေးဆရာက ဆေး တံကို ပါးစပ်မှချွတ်ကာ ဖြေလိုက်ရသည်။

''အိမ်း . . . လူသတ်မှုတွေ ဖြစ်ဖို့များတယ်ကွဲ့၊ ထူးခြား တာက အဲဒီအမှုတွေမှာ မျောက်စမတွေကို အသုံးပြုထားတာပဲ''

''မျောက်စမဟာ ဘယ်လိုနေရာတွေမှာ အသုံးတည့် သလဲ ဆရာ''

''မျောက်စမကို အိမ်ထောင်ရေးအဆင်မပြေသူတွေ အဆင်ပြေစေဖို့, အမှုအခင်းကြုံနေသူတွေ အမှုအခင်း ပြေလည် ငြိမ်းချမ်းအောင်နိုင်စေဖို့, အတိုက်အခိုက် အနှောင့်အယှက် ကြုံ နေရရင် အဲဒီ အတိုက်အခိုက် အနှောင့်အယှက်တွေကို ဖြိုခွင်း အောင်နိုင်စေဖို့ အသုံးပြုနိုင်တယ် မောင်ဗေဒါရဲ့ . . .၊




www.burmeseclassic.com

www.burmeseclassic.com



စောစောက မောင်ချစ်သွေးယူလာတဲ့ မျောက်စမမှာတော့ အောက်ခြေမှာ စာတန်းနှစ်တန်းအပိုပါနေတယ်၊ အဲဒါကြောင့် စမဟာ ပျက်သွားတယ်၊ သိဒ္ဓိမမြောက်တော့ဘူး''

ထို့နောက် ဂမ္ဘီရစာရေးဆရာလည်း ဖြစ်သလို ဗေဒင်ဆရာလည်းဖြစ်သော အဂ္ဂဝဏ္ဏက မောင်ဗေဒါအား ဖောင်တိန်နှင့် စာရေးအောက်ခံကတ်ပြား (Writting board) ကိုယူစေကာ မျောက်စမပုံကို အောက်ဖော်ပြပါအတိုင်း ရေးဆွဲပြလိုက်လေ၏။







"အဲဒီမျောက်စမကို ဘယ်လိုအသုံးပြုရမှာလဲ ဆရာ"

"အိမ်ထောင်ရေး အဆင်မပြေသူတွေ, အမှုအခင်းကြုံသူတွေ, အတိုက်အခိုက် အနှောင့်အယှက်ကြုံသူတွေဟာ အဲဒီ မျောက်စမကို ကြေးပန်းကန်ပြားတစ်ချပ်မှာ ရေးဆွဲပြီး ထဆင်ထူးနေရာမှာ ဖယောင်းတိုင်စိုက်ထွန်းရမယ်ကွဲ့၊ မနက် ၉ နာရီမှာတစ်တိုင်, ည ၉ နာရီမှာတစ်တိုင် ၉ ရက်ဆက်ထွန်းရမယ်၊ အိမ်ထောင်ရေးအဆင်မပြေသူတွေဟာ မိမိတို့ဖနီးမောင်နှံ့ အိပ်ခန်းရဲ့ ခေါင်းရင်းထောင့်တစ်နေရာမှာ ထွန်းရမှာဖြစ်ပြီး အမှုအခင်း အတိုက်ခိုက်ကြုံနေသူတွေကတော့ အိမ်ရှေ့ခန်း ဗီရိုပေါ်မှာဖြစ်ဖြစ် ထွန်းပေါ့ကွယ် ...၊

ပြီး ...ဘုရားကိုလည်း ဆီမီး၊ ရေချမ်းကပ် ရှိခိုးဆုတောင်းပေါ့ကွယ် ...၊

အဲဒီလို ၉ ရက်ဆက်ထွန်းပြီးရင် မထွန်းဘဲ ၉ ရက်ထားရမယ်ကွဲ့ ...၊

အဲဒါဆိုရင် မပြေလည်တဲ့အိမ်ထောင်ရေးတွေ အဆင်ပြေသွားမယ်၊ ရင်ဆိုင်နေရတဲ့ အမှုအခင်းတွေ ပြေငြိမ်းသွားမယ်၊ ဒါမှမဟုတ် အနိုင်ရမယ်၊ အတိုက်အခိုက်, အနှောင့်အယှက်တွေ ကင်းပသွားမယ်ပေါ့ကွယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်အစွမ်းထက်ပြီး တန်ဖိုးရှိတဲ့ မျောက်စမကို လူသေမှု ဒါမှမဟုတ် လူသတ်မှုနဲ့ ဆက်နွှယ်ပြီး ဘာဖြစ်လို့ အသုံးပြုရတာလဲ မသိဘူးနော် ဆရာ"

"အေး ... အဲဒါ စိတ်ဝင်စားစရာပဲကွဲ့၊ ကျုပ် အထင်တော့ အင်မတန်နက်ရှိုင်းကြီးကျယ်တဲ့ ပြဿနာကြီးတစ်ခု ခု နောက်ခံရှိနေပြီး အဲဒီပြဿနာစက်ဝန်းထဲမှာ ဂမ္ဘီရဆရာ တစ်ဦးဦး ပါဝင်ပတ်သက်နေမယ် ထင်တယ်ကွဲ့"

✪

နောက်နေ့နံနက်စောစောမှာပင် အိုင်အိုချစ်သွေးသည် အငှားကားလေးတစ်စီးဖြင့် ပေါက်ချလာပြန်၏။

"အိုင်ဆေး မောင်ချစ်သွေး ... ဘယ်လိုဖြစ်လာတာလဲ ကွယ်၊ စောစောစီးစီး ကားကလည်း အငှားကားပါလား၊ မောင် ရင်ရဲ့ကား ပျက်နေလို့လား"

မျက်နှာသစ်ပြီးစ စာရေးဆရာအဂ္ဂဝဏ္ဏက အိမ်ရှေ့ခန်း သို့ထွက်လာရင်း ခပ်ပြုံးပြုံးဖြင့် မေးလေသည်။





"ခရီးထွက်မှာမို့ ကားမယူလာတာ အာစရိရဲ့"

"အလို ... ဘယ်ကိုလဲ၊ ကသာကိုလား၊ ကဲ ... ထိုင် များလည်း ထိုင်ပါဦး"

"သေချာတာပေါ့ အာစရိရယ်"

အိုင်အိုချစ်သွေးက ကျွန်းဆက်တီခုံတွင် ဝင်ထိုင်လိုက် ပြီး ဆက်ပြောသည်။

"ကျွန်တော် မနေ့က ရန်ကုန်ဟော်စပီတယ်လ်က ရေခဲ တိုက်မှာ ရောင်နီရဲ့အလောင်းကို သွားစစ်ဆေးကြည့်တယ် အာစရိ၊ ဟုတ်တယ် ... သူ့ရဲ့လက်ကောက်ဝတ် နှစ်ဖက်စလုံး မှာ ဖျစ်ညှစ်ခံထားရသလို ဒဏ်ရာအညိုအမည်းနည်းနည်း တွေ့ ရတယ်၊ သေချာကြည့်မှ တွေ့ရတာ၊ သိပ်မသိသာဘူး၊ ဒါ ကြောင့် အစတုန်းက သတိမမူမိတာ၊ အဲဒါနဲ့ စုံထောက်မင်းကြီး ကို သူ့အိမ်မှာသွားတွေ့တဲ့အခါ အဲဒီတွေ့ရှိချက်ရယ်, ရောင်နီရဲ့ အင်္ကျီအိတ်ကပ်ထဲက ရတဲ့ မျောက်စမပုံက လျှို့ဝှက်သတိပေး စာရဲ့ အကြောင်းရယ် တင်ပြလိုက်တယ် ...၊

စုံထောက်မင်းကြီးကလည်း ဒါတွေဟာ သွေးရိုးသားရိုး ကိုယ့်ဘာသာ ဆွဲကြိုးချသတ်သေတာ မဟုတ်နိုင်ဘူး၊ တစ်စုံ တစ်ဦး, တစ်စုတစ်ဖွဲ့ရဲ့ ပယောဂနဲ့ ရက်ရက်စက်စက် ကြိုးပေး



www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံရတာ ဖြစ်နိုင်တယ်၊ ပြီးတော့ ကသာကအမှုနဲ့ ဒီရန်ကုန်က အမှုနှစ်ခုဟာ ဆက်နွယ်မှုရှိနေနိုင်တယ်လို့ မှတ်ချက်ချတယ် အာစရိ …။

ပြီးတော့ ကျွန်တော့်ကို ဒီမနက်ပဲ မြစ်ကြီးနားရထားနဲ့ ကသာလိုက်သွားဖို့ အမိန့်ပေးတယ်၊ အဲဒါကြောင့် အာစရိကို လာခေါ်တာဗျ''

''အလို … ကျုပ်ကို ဘာဖြစ်လို့လာခေါ်ရတာတုံး၊ ဘုန်းကြီးအမှု ရွာပတ်ဆိုသလို ဖြစ်နေပြီဗျာ၊ အေးအေးနေပါရစေ''

''ဒီလိုလည်းမလုပ်နဲ့လေ အာစရိရဲ့ … ကသာကအလောင်းမှာ တွေ့ရတဲ့ မျောက်စမမှာ လျှို့ဝှက်စာတွေ ပါချင်ပါနေမှာလေဗျာ၊ အဲဒီလိုပါနေရင် အဲဒီ လျှို့ဝှက်စာကို အာစရိမှ ဖော်ထုတ်ပေးနိုင်မှာလေ၊ ဂမ္ဘီရကိစ္စတွေကို အာစရိမှ ကျွမ်းကျင်တာဗျ၊ ကျွန်တော်က နကန်းတစ်လုံးမှ နားလည်တာ မဟုတ်ဘူး၊ အဲဒီလျှို့ဝှက်စာတွေနဲ့ မျောက်စမတွေကို သဲလွန်စအဖြစ် ဆုပ်ကိုင်ပြီး အမှုမှန်ပေါ်အောင် ဖော်ထုတ်ရမှာဗျ၊ ဒီတော့ အာစရိမလိုက်လို့ မဖြစ်ဘူးဗျာ၊ ကဲ … ဗေဒါကို ခရီးဆောင်အိတ်ပြင်ခိုင်းလိုက်ဗျာ အာစရိ၊ ရထားချိန်နီးနေပြီဗျ၊ ပိုက်ဆံတစ်ပြား





မှ ထည့်မလာနဲ့၊ အစစ ကျွန်တော့်တာဝန်ထား''

အိုင်အိုချစ်သွေးကား ညီအစ်ကိုအရင်းတမျှ ခင်မင်နေသည့် မိမိအပေါ် အနိုင်ကျင့်ပြန်ပြီဟု စိတ်ထဲမှတွေးမိသည့်တိုင် အမှန်တရားကို ဖော်ထုတ်ရမည့်ကိစ္စ၊ ရက်စက်သော ရာဇဝတ်ကောင်များကို ဖော်ထုတ်ရန်ကိစ္စတို့မှာ နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်ဟု ပင်ကိုကပင် ခံယူထားသည့် စာရေးဆရာအဂ္ဂဝဏ္ဏမှာ သူကိုယ်တိုင်လည်း ယင်းအမှုတို့ကို စိတ်ဝင်စားနေပြီဖြစ်၍ မငြင်းတော့ဘဲ တပည့်ဖြစ်သူ မောင်ဗေဒါကိုသာ ခရီးဆောင်အိတ်ပြင်ခိုင်းလိုက်ရပေတော့၏။

✪

အိုင်အိုချစ်သွေးတို့သည် ရန်ကုန်–မန္တလေးရထားကြီးကို ဦးစွာစီးခဲ့ပြီး မန္တလေးရောက်မှ မန္တလေး–မြစ်ကြီးနားရထားကို စီးကာ တောက်လျှောက် ခရီးဆက်ခဲ့ရလေ၏။

ရန်ကုန်–မန္တလေး ခရီးစဉ်မှာ တစ်ညအိပ်သာ ကြာခဲ့သော်လည်း မန္တလေး–မြစ်ကြီးနားခရီးမှာမူ ခရီးလမ်းပန်း ပိုမို



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းပြီး ရထားလမ်း မကြာခဏချော်နေသဖြင့် အင်းတော် ရောက်သည်အထိ လမ်းမှာ နှစ်ညအိပ်ခဲ့ရလေ၏။

အင်းတော်မှတစ်ဆင့် ကသာသို့ ခရီးသည်တင်ကားဖြင့် လိုက်ပါခဲ့ရပြီး ကသာမြို့သို့ရောက်လေလျှင် ဂါတ်ဌာနသို့ ဦးစွာ ဝင်ရလေ၏။

ခရိုင်ရာဇဝတ်ဝန်မှ အကြောင်းကြားအသိပေးထားပြီး ဖြစ်သဖြင့် ဌာနအုပ်ဦးအုန်းလှက အိုင်အိုချစ်သွေးအား ဂရုတစိုက် ကြိုဆိုခြင်း ပြုလေ၏။

"ကျွန်တော်က ဌာနအုပ်ဦးအုန်းလှပါ၊ အိုင်အိုလာမယ် ဆိုတာ ခရိုင်ရာဇဝတ်ဝန်က ပြောထားပြီးသားပါ၊ ဒီဌာနမှာပဲ တည်းမလား၊ ဘိုတဲမှာ တည်းမလား ခင်ဗျ၊ ကမ်းနားလမ်းမှာ ဘိုတဲရှိပါတယ်၊ အဲဒီမှာတည်းချင်ရင်လည်း စီစဉ်ပေးပါ့မယ်၊ သစ်တောဌာနကပိုင်တဲ့ ဘိုတဲပေမယ့် ကျွန်တော် စီစဉ်ပေးလို့ ရပါတယ်"

"ဒီမှာ ညွှန်သည်လည်းပါလာတော့ ဘိုတဲမှာတည်းလို့ ရရင် တည်းချင်တယ်ဗျာ၊ ဪ . . . မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်ရဲ့ဆရာသမား ဂမ္ဘီရဝတ္ထုလုံးချင်းတွေရေးတဲ့ စာရေး ဆရာ အဂ္ဂဝဏ္ဏပါ"





"ဪ . . . ဟုတ်ကဲ့၊ လေးစားပါတယ် ခင်ဗျာ၊ ဂမ္ဘီရ ဆိုလို့ မောက်ကြီးသေဆုံးတော့ သူ့အင်္ကျီအိတ်ကပ်ထဲကနေ မျောက်စမပုံ တွေ့ရတယ်ဗျ၊ စမတွေဘာတွေဟာ ဂမ္ဘီရနဲ့ ဆိုင် တယ်မဟုတ်လားခင်ဗျ"

"အင်းပေါ့လေ၊ နက်နဲလျှို့ဝှက်ဆန်းကြယ်တဲ့ သဘော တွေဟာ ဂမ္ဘီရသဘောတရားတွေပါပဲ၊ စမတို့, အင်းတို့ ဆိုတာ တွေမှာလည်း လက်ဆုပ်လက်ကိုင် အကောင်အထည်ပြဖို့မလွယ် တဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ဂုဏ်သတ္တိတွေ ရှိလေတော့ ဂမ္ဘီရ သဘောတွေပဲပေါ့ ဌာနအုပ်ကြီးရယ်"

"ရန်ကုန်မှာလည်း ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းကပဲ ဆွဲကြိုး ချသေတဲ့ ယောကျ်ားအလောင်းတစ်လောင်းကနေ မျောက်စမပုံ ရခဲ့တယ်ဗျ"

"အလို . . . ဟုတ်လား အိုင်အို၊ မောက်ကြီးရဲ့အလောင်း မှာ တွေ့သလိုပဲလား"

"ဒီမှာသေတဲ့လူရဲ့အမည်က မောက်ကြီးတဲ့လား၊ ရန် ကုန်မှာသေတဲ့လူရဲ့နာမည်ကတော့ ရောင်နီတဲ့ဗျ၊ သူ့ရဲ့အင်္ကျီ အိတ်ကပ်ထဲကနေ ဟောဒီမျောက်စမပုံကို တွေ့ခဲ့ရတာပဲ"

အိုင်အိုချစ်သွေး ထုတ်ပြသည့် မျောက်စမပုံကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သည့်တွင် ဌာနအုပ်ကြီးဦးအုန်းလှမှာ အံ့အားသင့်သွားတော့၏။

"ဟာ . . . ဟုတ်တယ်ဗျို့၊ ဒီကဟာနဲ့ တစ်ပုံစံတည်း ပါလား"

ဦးအုန်းလှက ပြောပြောဆိုဆိုဖြင့် သူ့စားပွဲပေါ်ရှိ ဖိုင်တွဲ တစ်တွဲအတွင်းမှ စာရွက်ဖြူလေးတစ်ရွက်ကို ထုတ်ပြလေသည်။

"ဒါ မောက်ကြီးရဲ့အလောင်း ဘောင်းဘီနောက်အိတ် ထဲက တွေ့ခဲ့ရတဲ့ဟာပါ"

အိုင်အိုချစ်သွေးက မောက်ကြီး၏အလောင်းမှ တွေ့ရ သည်ဆိုသော မျောက်စမပုံအား သေချာစွာကြည့်ရှုပြီးနောက် . .

"ဟုတ်တယ်ဗျ . . . တစ်ထေရာတည်း တူတာပါလား၊ ဒါဆို ရောင်နီသေတာနဲ့ မောက်ကြီးသေတာဟာ လုံးဝဆက်စပ် နေပြီဗျို့"

ဟု ပြောလိုက်လေသည်။ စာရေးဆရာအဂ္ဂဝဏ္ဏက မောက်ကြီးထံမှရသော မျောက်စမပုံအား သေချာစွာ ယူကြည့် လိုက်ပြီးလျှင် . . .


"အင်း . . . မျောက်စမပုံချင်းက တူပါတယ်၊ ဒီစမပုံ တွေကို တစ်ဦးတည်း ရေးဆွဲတာ သေချာတယ်၊ အောက်ခြေက သတိပေးစာတွေကတော့မတူဘူး"





ဟု မှတ်ချက်ပြုကာ စမပုံနှစ်ခုကို ယှဉ်ပြလိုက်လေ သည်။

မောက်ကြီး၏အလောင်းမှရရှိသော မျောက်စမပုံမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါ၏။





www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ အဂ္ဂဝဏ္ဏ ထောက်ပြမှ အိုင်အိုချစ်သွေးရော ဌာနအုပ်ကြီး ဦးအုန်းလှပါ မျောက်စမတို့၏ အောက်ခြေစာတန်းနှစ်ခု မတူညီကြောင်း သတိပြုမိကြတော့သည်။

"အဲ အဲဒါ ဘယ်လိုစာတွေလဲဗျ ... အင်း စမနဲ့ ပတ်သက်တဲ့စာတွေလား"

ဌာနအုပ်ကြီးဦးအုန်းလှက မေးမြန်းရာ စာရေးဆရာ အဂ္ဂဝဏ္ဏက သေချာစွာရှင်းပြလေသည်။

"အဲဒီစာတွေဟာ အင်း, စမနဲ့ ပတ်သက်တဲ့စာတွေ မဟုတ်ပါဘူး။ ဌာနအုပ်ကြီးရဲ့ ဝိဇ္ဇာလက်ရေးနဲ့ရေးထားတာပါ၊ ဝိဇ္ဇာလက်ရေးဆိုတာ ဂမ္ဘီရပညာရပ်တွေ, လောကီအစီအရင် ပညာရပ်တွေကို လေ့လာလိုက်စားသူ ဂမ္ဘီရပညာရှင်တွေ, ဝိဇ္ဇာတွေရေးတဲ့ လက်ရေးစာပါပဲ၊ သာမန်လူတွေဖတ်ရင် နားမလည်နိုင်ဘူးပေါ့ဗျာ"

"ဆရာကရော နားလည်သလားဗျ၊ ဆရာက ဂမ္ဘီရစာရေးဆရာဆိုတော့ နားလည်မှာပေါ့နော်"

ဤတွင် အိုင်အိုချစ်သွေးက ဝင်မေးလေသည်။

"နားလည်တာပေါ့ ဌာနအုပ်ကြီးရဲ့၊ ဒီကသာမှာတွေ့ရတဲ့ မျောက်စမမှာ ဝိဇ္ဇာလက်ရေးနဲ့ ရေးထားတဲ့ လျှို့ဝှက်စာတွေ





ပါ နိုင်တယ်လို့ ယူဆလို့ ကျွန်တော့်ရဲ့အာစရိကို မရမက ခေါ်လာရတာပေါ့ဗျ၊ အာစရိ ဘာသာပြန်ပေးမှ ဒီစာတွေရဲ့အနက်ကို သိနိုင်မှာလေ"

"သြော် ... ဒီလိုလား၊ ဟုတ်ပြီ ... ဒါဆို အိုင်ဆေးရေ ကျုပ်တို့ကို ဘာသာပြန်ပေးပါဗျာ"

"အင်း ... ဟောဒီစာလုံးတွေရဲ့အဓိပ္ပာယ်ကတော့ "ကြယ်နက်တွေရဲ့ဂလဲ့စား လာပြီ၊ သတိထားပါ" လို့ အဓိပ္ပာယ်ရတယ်ဗျ"

"ဒီရန်ကုန်က မျောက်စမရဲ့စာကရောဗျ အိုင်ဆေးရဲ့ ... လုပ်ပါဦး"

"ဟောဒီ ရောင်နီရဲ့အလောင်းကနေ ရတဲ့ မျောက်စမ အောက်ခြေစာတန်းက "ကြယ်နက်တွေလာပြီ ပြေးပေတော့" လို့ အဓိပ္ပာယ်ရတယ်ဗျ"

"အင်း ... ကြယ်နက် ကြယ်နက် ... ဟုတ်လား၊ ဒီနာမည်မျိုး ကြားဖူးပါတယ်"

ဌာနအုပ်ကြီးဦးအုန်းလှမှာ နဖူးကြောကြီးများ ထောင်ထအောင် မှတ်ဉာဏ်ကို ပြန်ဖော်လျက်ရှိလေ၏။

"ကြယ်နက်ဆိုတဲ့နာမည်ကတော့ အဖွဲ့အစည်းနာမည်မျိုးပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဟုတ်ပြီ၊ သတိရပြီ၊ ဆရာအဂ္ဂပြောသလိုပဲ ကြယ်နက်ဆိုတာ အဖွဲ့အစည်းနာမည်ဆိုတာ ဟုတ်တယ်၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ရွှေလီမြစ်ဝှမ်းဒေသကို အခြေပြုထားတဲ့ ကြယ်နက်အဖွဲ့ဆိုတာ ရှိခဲ့ဖူးတယ်"

"သူတို့က ဘာအဖွဲ့လဲဗျ . . . ဓားပြအဖွဲ့လား၊ သူပုန်အဖွဲ့လား"

"ပြောရရင်တော့ ဓားပြအဖွဲ့လို့လည်း ပြောလို့ရသလို သူပုန်အဖွဲ့လို့လည်း ပြောလို့ရတယ်ဗျ၊ အတော်နာမည်ကြီးခဲ့တဲ့ အဖွဲ့ပါပဲဗျာ၊ ဒါပေမဲ့ လွန်ခဲ့တဲ့ငါးနှစ်ကျော်ကျော်လောက်ကပဲ အဲဒီကြယ်နက်အဖွဲ့ကြီး ပြိုကွဲသွားတယ်၊ အဖွဲ့ခေါင်းဆောင်တွေကို လက်ရဖမ်းမိခဲ့တယ်၊ အဲဒီအဖွဲ့ခေါင်းဆောင်တွေနဲ့ အဖွဲ့ဝင်တော်တော်များများကို ကြိုးပေးစီရင်ခဲ့တယ်ဗျ"

"ဩော်"

"အဲဒီကတည်းက ကြယ်နက်အဖွဲ့ဆိုတာ ပျောက်ကွယ်သွားခဲ့တယ်ဗျ၊ ခုမှ ဘယ်လိုကဘယ်လို ပြန်ပေါ်လာသလဲ မသိပါဘူးဗျာ"

"ကဲ ဆရာတို့ . . . လာ၊ ကမ်းနားလမ်းက ဘိုတဲဆီ လိုက်ပို့မယ်"





သို့ဖြင့် မြို့၏အရှေ့ဘက်ရှိ ဧရာဝတီမြစ်ကမ်းပါးမှ ဘိုတဲဆီသို့ မြင်းလှည်းဖြင့် ချီတက်ခဲ့ကြလေ၏။

ဘိုတဲ၌ နေရာချထားပြီးသည်နှင့် . . .

"ဌာနအုပ်ကြီး . . . ကျွန်တော် မောက်ကြီးရဲ့အလောင်းကို စစ်ဆေးကြည့်ချင်ပြီဗျာ"

"ဒါဆို ဆေးရုံကိုသွားကြမယ်လေ"

သူတို့သည် မြင်းလှည်းဖြင့်ပင် ဆေးရုံသို့သွားကြကာ ဦးစွာ ဆေးရုံအုပ်ဆရာဝန်ကြီးနှင့် တွေ့ဆုံရလေသည်။

ဌာနအုပ်ကြီးဦးအုန်းလှက တာဝန်ခံဆရာဝန်ကြီးအား အိုင်အိုချစ်သွေးတို့နှင့် မိတ်ဆက်ပေးလိုက်ပြီး အကျိုးအကြောင်း ပြောပြလိုက်လေသည်။

"အင်း . . . ရန်ကုန်အင်းစိန်စီအိုင်ဒီက စုံထောက်အရာရှိ လာမယ်၊ စီအိုင်ဒီကလာတဲ့အချိန်ထိ အလောင်းကို သင်္ဂြိုဟ်ခွင့်မပြုသေးဘဲ ထိန်းသိမ်းထားပါလို့ ခရိုင်ရာဇဝတ်ဝန်ကလည်း မှာထားတယ်ခင်ဗျ၊ ကျွန်တော်တို့ဆေးရုံမှာတော့ ရေခဲတိုက် မရှိဘူးပေါ့ဗျာ၊ ဒီအရပ်ဒေသတွေမှာက နွေဘက်မှာပဲ ရေခဲရတာဆိုတော့ အလောင်းကို ရက်ရှည်ကြီး ထိန်းသိမ်းထားရတာ အခက်အခဲရှိတယ်ခင်ဗျ၊ ဒါပေမဲ့ ရာသီဥတုကလည်း သိပ်အေး



www.burmeseclassic.com

www.burmeseclassic.com



တော့ ရေခဲတိုက်ထဲ ထားရသလိုပဲ အလောင်းက လတ်လတ်ဆတ်ဆတ် ရှိပါသေးတယ်''

ဆရာဝန်ကြီးက ဆေးရုံ၏အနောက်ဘက်ဆုံးအဆောင်မှ အခန်းတစ်ခုဆီ ခေါ်သွားပြီးလျှင် ယင်းအခန်း၏အလယ်ရှိ ကျောက်ခုံအနီးအရောက်တွင် ကျောက်ခုံပေါ်တွင် လွှားထားသည့် အဝတ်ဖြူစကြီးကို ဆွဲဖယ်လိုက်လေသည်။

ကျောက်ခုံထက်တွင် ဆီးစပ်နေရာ၌သာ နံငယ်ပိုင်းလေး အုပ်ထားသည့် အသက် ၄၀ ခန့် ယောကျ်ားအလောင်းကြီးက ဆန့်ဆန့်ကြီး ပက်လက်လဲလျောင်းလျက် ရှိချေ၏။

အိုင်အိုချစ်သွေးနှင့် စာရေးဆရာအဂ္ဂဝဏ္ဏတို့က အလောင်း၏ လက်ကောက်ဝတ်နှစ်ဖက်ကိုသာ ဂရုစိုက်ကြည့်ရှုစစ်ဆေးကြလေ၏။

အသားအတော်ညိုပြီး ခပ်ဝဝအလောင်းကောင်၏ လက်ကောက်ဝတ်တို့တွင် ဖျစ်ညှစ်ခံထားရသည့်ဒဏ်ရာတို့ကို အတော် ဂရုစိုက်ကြည့်ရလေသည်။

''ဒီမှာတော့ မှုခင်းဆရာဝန်လည်း ကျွန်တော်ပါပဲ၊ ဒါကြောင့် ဒီအလောင်းကို ကျွန်တော်ပဲ ခွဲစိတ်စစ်ဆေးကြည့်ရပါတယ်၊ ဒီလူဟာ ဆွဲကြိုးချသေတာ သေချာပါတယ်၊ တခြား





ပြင်ပဒဏ်ရာ ရထားတာ မတွေ့ရပါဘူး၊ အစာအိမ်ထဲမှာလည်း အဆိပ်တွေ ဘာတွေ မတွေ့ရပါဘူး''

အလောင်းကို စစ်ဆေးမှုပြီးဆုံးသည်တွင် အိုင်အိုချစ်သွေးတို့သည် ဆရာဝန်ကြီးအား နှုတ်ဆက်ကာ ဘိုတဲရှိရာသို့ ပြန်လာကြလေ၏။

''ဒါထက် ဌာနအုပ်ကြီး . . . မောက်ကြီးက ဒီ ကသာမြို့သားလားဗျ၊ ပြီးတော့ သူ့မိသားစုဝင်တွေရောရှိလား''

''မောက်ကြီးက ကသာသားအစစ်ပဲဗျ၊ မြစေတီနားက သူ ဆွဲကြိုးချသေတဲ့အိမ်ကြီးမှာပဲ နေခဲ့တာလို့ သိရတယ်၊ ကျွန်တော်က ဒီကသာကို တာဝန်နဲ့ ပြောင်းရွှေ့လာတာ တစ်နှစ်လောက်ပဲ ရှိသေးတယ်၊ မောက်ကြီးက အသက် (၂၀) လောက်ကတည်းက ကသာကနေ ထွက်သွားတာ၊ (၁၅) နှစ်လောက်ကြာမှ ကသာကိုပြန်ရောက်လာပြီး မြစေတီနားက အိမ်ကြီးမှာ နေလာခဲ့တာလို့ ပြောကြတာပဲဗျ''

မြင်းလှည်းက မြို့ပတ်ကမ်းနားလမ်းသို့ ရောက်လာသည်။ မြစေတီကိုကျော်လာပြီးနောက် ခြံဝင်းကြီးတစ်ခုထဲမှ ရေနံချေးဝနေသော နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကို တွေ့ရသည်၌ ဌာနအုပ်ကြီးက မေးငေါ့ပြကာ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအိမ်ကြီးပဲဗျ၊ မောက်ကြီးရဲ့အိမ်"

ပြတင်းတံခါးများရော အိမ်တံခါးများပါ ပိတ်လျက် တိတ်ဆိတ်နေသည့် အိမ်မည်းမည်းကြီးကို ကြည့်ရသည်မှာ ခြောက်သွေ့သွေ့နိုင်လှချေ၏။

"ဘယ်သူမှ မနေကြဘူးလား"

"မောက်ကြီးရဲ့အလောင်းက မြေတောင်မကျသေးဘူး၊ မောက်ကြီးသရဲက တအားခြောက်တယ်လို့ ဒီကမ်းနားလမ်းက လူတွေ ပြောကြတာပဲဗျ၊ ဒါကြောင့် မောက်ကြီးရဲ့တပည့် ခြံစောင့် ငတေတောင် မနေဝံ့တော့ဘဲ ကျွန်တော့်ကို သော့လာအပ်ပြီး ရွာပြန်ပြေးပြီဗျ"

ဤတွင် မြင်းလှည်းသမားက ဌာနအုပ်ကြီး၏စကားကို ထောက်ခံခြင်းပြုလေ၏။

"ဟုတ်တယ် ဆရာတို့ရဲ့ ... ဌာနအုပ်ကြီးပြောတာ မှန်တယ်၊ မောက်ကြီး ဆွဲကြိုးချသေကတည်းက ဒီအိမ်ကြီးနား ဘယ်သူမှ မကပ်ရဲကြတော့ဘူး၊ ဒါကြောင့် အသုဘအိမ်သာ ဆိုတယ် တံခါးတွေပိတ်ထားရတာ ကြည့်၊ ခြံတံခါးပဲ ဖွင့်ထားတယ်၊ ကျွန်တော်တို့ မြင်းလှည်းသမားတွေလည်း ည ၇ နာရီ ကျော်ရင် ဒီအိမ်ကြီးရှေ့က ဖြတ်မမောင်းရဲတော့ဘူးဗျ၊ တစ်နေ့





ညကဆို ကျွန်တော်ကိုယ်တိုင် အခြောက်ခံရတာခင်ဗျ"

အိုင်အိုချစ်သွေးတို့ စိတ်ဝင်စားသွားကြသည်။

"ဘယ်လို အခြောက်ခံရတာလဲဗျ ... ဆိုပါဦး"

"တစ်နေ့ညက ၇ နာရီခွဲရုံ ရှိပါသေးတယ်ဗျာ၊ ပါစင်ဂျာကို မြစေတီရဲ့ဟိုဘက်က ဘုန်းကြီးကျောင်းလိုက်ပို့ပြီး ပြန်လာတာ၊ အဲဒီခြံရှေ့လည်းရောက်ရော ထောင်းခနဲ အပုပ်နံ့ရပြီး ဖရောဆို ခြံထဲကနေ သံနဲ့အပက်ခံလိုက်ရတာပဲဗျ၊ ဘာပြောကောင်းမလဲ ... မြင်းရော့ လူရော လန့်ပြီး ကဆုန်ချပြေးတာ မြင်းလှည်းဂိတ်ကို ဘယ်လိုကဘယ်လို ပြန်ရောက်မှန်းကို မသိပါဘူးဗျာ ... ဟဲ ဟဲ ဟဲ"

"အတော်စိတ်ဝင်စားစရာကောင်းတာပဲဗျ"

အိုင်အိုချစ်သွေးက မှတ်ချက်တိုးတိုးချရာ စာရေးဆရာ အဂ္ဂဝဏ္ဏကမူ ခပ်မဆိတ်နေရင်း ရောဝတီမြစ်ပြင်ဘက် မျက်မှောင်ကုတ်ကာ ကြည့်လျက်ရှိလေ၏။

"မောက်ကြီးက ဓားပြလည်း ဓားပြလူထွက်၊ စိတ်ကြမ်း လူကြမ်းဖြစ်ရတဲ့ကြားထဲ အစိမ်းသေဆိုတော့ ပိုဆိုးပြီပေါ့ဗျာ၊ ရက်ကလည်း မလည်သေးဘူးလေ"

"မောက်ကြီးက ၊ဓားပြဟောင်းလား ... ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ဥာနအုပ်ကြီး''

အိုင်အိုချစ်သွေးက အံ့အားသင့်စွာ လှည့်မေးသည်။

''အဲ ... အဲဒါ ကျွန်တော်မသိဘူး၊ ဘယ်သူမှလည်း မပြောကြဘူး၊ ဟော့ကောင်ကြေ ... မင်းပြောတာ ဟုတ်ရဲ့လား''

''ဟုတ်ပါသော်ကော ဥာနအုပ်ကြီးရယ်၊ မောက်ကြီးက လူပျိုကာလသားကတည်းကလူမိုက်၊ ဒီကမ်းနားလမ်းတစ်ခွင်မှာ မောက်ကြီးကို မော်ကြည့်ရဲတဲ့သူတောင် မရှိဘူး၊ နောက် ... သူ ကသာကနေ ပျောက်သွားတယ်၊ သူ့အဖေ အမေသေတာ တောင် ပြန်ရောက်မလာဘူး၊ မောက်ကြီးက တစ်ဦးတည်းသော သား၊ အိမ်ကြီးကို အမွေဆက်ခံမယ့်သူမရှိလို့ ဝတ်လုံဦးဘလူက အိမ်ငှားတင်ထားတာ ကြာလှပေါ့၊ နောက် ... မိုးညှင်းဘက်မှာ ဓားပြမှုနဲ့ မောက်ကြီးထောင်ကျသွားတယ်၊ ကသာက ဘယ်သူ မှတောင် မသိကြဘူး၊ ကျွန်တော်တောင် သစ်ခိုးခုတ်မှုနဲ့ မြစ်ကြီး နားထောင်ရောက်တော့ မောက်ကြီးနဲ့ဆုံလို့ သိရတာ၊ မောက်ကြီး က ထောင်ထဲမှာ တန်းစီး၊ သူက သူ့အကြောင်း ကသာမှာပြော ရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားလို့ ကျွန်တော် ထောင်က လွတ်ပြီး ကသာပြန်ရောက်တော့မပြောရဲဘူး၊ နောက်ဆယ်နှစ် လောက်အကြာမှာ မောက်ကြီး ဒီကသာကို ပြန်ရောက်လာတော့





လည်း မပြောရဲတာ သူသေတဲ့အထိပဲ၊ ကျွန်တော်တို့က သူ့ဆို ငယ်ကြောက်၊ သူက စိတ်မထင်ရင် မထင်သလိုလုပ်တာ၊ ကျွန်တော်တို့မှာ သူသေပြီးတာတောင် သူ့ဝိညာဉ်ကို ကြောက်ရ တုန်းဗျ၊ အခု ... ဆရာတို့ကို စကားစပ်လို့သာ ပြောမိတာ၊ ဥာနအုပ်ကြီးလည်း ပါလို့ ပြောရဲတာ''

မြင်းလှည်းသမား 'ပိန်တာရိုးကိုကြည့်ရင်း အိုင်အိုချစ် သွေး ငြိုးမိသည်။ မည်သို့ဖြစ်စေ မောက်ကြီးနှင့်ပတ်သက်၍ သဲလွန်စတစ်ခု ရလိုက်ခြင်းဖြစ်သဖြင့် ကျေနပ်မိ၏။

ဘိုတဲရှေ့ရောက်တော့ အိုင်အိုချစ်သွေးနှင့် စာရေးဆရာ အဂ္ဂဝဏ္ဏတို့ ဆင်းလိုက်ကြသည်။

''လိုတာရှိပြောနော်၊ အိုင်အိုတို့ရဲ့ စားရေးသောက်ရေး အတွက်ပါ ကျွန်တော် စီစဉ်ပေးရမလား''

''အာ ... နေပါစေ ဥာနအုပ်ကြီး၊ ကျွန်တော်တို့ဘာသာ ဒီကမ်းနားလမ်းက ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝယ်စားပါ့မယ်''

''ဒါဆိုသွားပြီ''

''ဟုတ်ကဲ့''

မြင်းလှည်းကို ငေးကြည့်ကျန်ရစ်ခဲ့ရာမှ အိုင်အိုချစ်သွေး က ပြုံးလျက် စာရေးဆရာ အဂ္ဂဝဏ္ဏကို လှည့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောက်ကြီးသရဲခြောက်တယ်ဆိုတာ စိတ်ဝင်စားစရာ ပဲနော် အာစရိ၊ ကျွန်တော်တော့ သရဲတစ္ဆေဆိုတာကို မယုံဘူး"

"ဒါဆိုလည်း လက်တွေ့သိရအောင် မောက်ကြီးရဲ့ အိမ်ဆီ ဒီညသွားကြည့်ကြမယ်လေ"

"အိုကေ"

✪ ✪ ✪





## တစ္ဆေဖြူစုံအိမ်

သို့ဖြင့် ညဦးပိုင်းသို့ရောက်လာလေလျှင် စာရေးဆရာ အဂ္ဂဝဏ္ဏနှင့် အိုင်အိုချစ်သွေးတို့သည် ဘိုတဲမှထွက်ကာ မြစ်ကမ်း နားလမ်းအတိုင်း မြစေတီဘက်သို့ လျှောက်လာခဲ့ကြလေ၏။

ဤအချိန်၌ မြင်းလှည်းငှားပါကလည်း မည်သည့် မြင်းလှည်းမျှ လိုက်မည်မဟုတ်သောကြောင့် နှစ်ယောက်သား စကားတပြောပြောဖြင့် လျှောက်လှမ်းလာခဲ့ကြလေသည်။

ဆောင်းညသည် အေးစိမ့်လှပြီး ဧရာဝတီမြစ်ပြင်ဘက်မှ လေတဟူးဟူး တိုက်ခတ်လျက်ရှိရာ စိမ့်နေအောင်ချမ်းစီးလှပေ၏။

သဘော်ဆိပ်ကို ကျော်လာသည်နှင့် လူသွားလူလာ



www.burmeseclassic.com

www.burmeseclassic.com



အတော်ပြတ်လပ်လာပြီး တိတ်ဆိတ်ငြိမ်သက်နေသည့် ခြံဝင်းကျယ်ကျယ်နှင့် အိမ်များကိုသာတွေ့လာကြရလေသည်။

"အတော်အေးတာပဲ အာစရိရေ၊ တော်ပါသေးရဲ့ ... ကုတ်အင်္ကျီထူထူဝတ်ပြီး မာဖလာပတ်လာခဲ့မိလို့"

"ကုတ်အင်္ကျီ၊ မာဖလာတို့ထက် သေနတ်က အရေးကြီးတယ်၊ မောင်ရင့်မှာ သေနတ်ပါခဲ့ရဲ့လား"

"ချိုင်းစလွယ်အိတ်ထဲမှာ လျှူဂါပစ္စတိုပါပါတယ် အာစရိရဲ့၊ သေနတ်က အရေးကြီးတယ်ဆိုရအောင် သေနတ်နဲ့သရဲကို ပစ်မလို့လား ...ဟဲ ဟဲ"

"သရဲဆိုရင်တော့ သေနတ်နဲ့ပစ်စရာ မလိုပါဘူးကွယ်၊ မေတ္တာပို့ပြီး ကောင်းရာမွန်ရာရောက်ကြစေဖို့ အမျှပေးဝေ သာဓုခေါ်လိုက်ကြရုံပေါ့၊ ဘာပဲဖြစ်ဖြစ် ဒီညအဖို့ သတိဝီရိယတော့ရှိရမယ် မောင်ချစ်သွေးရေ ... ပေါ့လို့မဖြစ်ဘူး"

ပြောရင်းဆိုရင်းဖြင့် အစိမ်းသေမောက်ကြီးသရဲ ခြောက်လှပါသည်ဟု သတင်းကြီးနေသော ခြံရှေ့သို့ ရောက်လာကြတော့၏။

လဆုတ် (၁၀) ရက်နေ့ညမို့ လရောင်က အတော်အားနည်းနေပြီး ဝန်းကျင်တစ်ခုလုံးမှာ အမှောင်ဖုံးလျက်ရှိသဖြင့်





အိုင်အိုချစ်သွေးနှင့် အဂ္ဂဝဏ္ဏတို့သည် အသင့်ယူဆောင်လာသော လက်နှိပ်ဓာတ်မီးတို့ကို ခပ်အုပ်အုပ်ထွန်းရင်း ခြံတံခါးဝဆီ ချဉ်းကပ်သွားကြလေသည်။

သူတို့သည် ဘေးဘီကို လှည့်ပတ်ကြည့်လိုက်ပြီးနောက် ပွင့်ဟဟဖြစ်နေသည့် ခြံတံခါးကို တွန်းဖွင့်ကာ ခြံကြီးထဲသို့ လှမ်းဝင်ခဲ့ကြတော့၏။

စားပင်သီးပင်များ အုပ်အုပ်ဆိုင်းဆိုင်းရှိလှသလောက် ချုံနွယ်တို့ပါ တောထနေသည့် ခြံကြီးတစ်ခြံလုံးမှာ တိတ်ဆိတ်လျက် ရှိလေသည်။ ခြံ၏အလယ်လောက်မှာရှိသော နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးသည်လည်း ညဉ့်အမှောင်ထဲတွင် တစ္ဆေကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသည့်အလား မှိုမှိုမည်းမည်း ရှိဘိ၏။ အိုင်အိုချစ်သွေးက ခြံကြီးကို ဝေ့ကြည့်အကဲခတ်ရင်း ပစ္စတိုကို ထုတ်ကိုင်လိုက်လေသည်။

ထိုစဉ် ဆောင်းလေကြမ်းက တစ်ချက်ဝှေ့တိုက်လိုက်ရာ ခြံကြီးထဲရှိ သီးပင်စားပင်တို့မှာ တဝေါဝေါမြည်သံပြုလျက် ယိမ်းလူ့ပ်သွားကြသလို ချုံပင်၊ မြက်ပင်တို့သည်လည်း တရှဲရှဲမြည်ကာ ယိမ်းနွဲ့သွားကြလေ၏။ သံကြွနေသော အိမ်ကြီး၏ အမိုးသွပ်ပြားတို့သည် တဖြန်းဖြန်းမြည်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအခိုက်မှာပင် မြစေတီဝင်းဘက်မှ ခွေးအူသံရှည်က ဆွဲဆွဲငင်ငင် ထွက်ပေါ်လာရာ ကြက်သီးထစရာကောင်းလှပေ၏။

'ဝူး ‥ အူး အူ အူ'

သို့သော် သတ္တိခေသူများ မဟုတ်သည့် အိုင်အိုချစ်သွေးတို့နှစ်ယောက်သည် တွေဝေတုံ့ဆိုင်းခြင်းမရှိဘဲ စံအိမ်ကြီး၏ ဆင်ဝင်အောက်သို့ ဝင်သွားကြပြီး ညနေကတည်းက ဌာနအုပ်ကြီး ဦးအုန်းလှထံမှ တောင်းထားသည့် ကြေးသော့ဖြင့် အိမ်တံခါးကြီး ကို ဖွင့်လိုက်ကြလေ၏။

'ကျွီ ‥ ဟီ ဟီ ဟီ'

ဆီငတ်နေသော ကျွန်းတံခါးကြီး၏ ပတ္တာသံ တကျွီကျွီက တိတ်ဆိတ်ငြိမ်သက်နေသည့် ညဥ့်ယံဝယ် အသည်းအူတုန်ဖွယ် ပေါ်ထွက်လာတော့သည်။

အိုင်အိုချစ်သွေးနှင့် အဂ္ဂဝဏ္ဏတို့သည် လက်နှိပ်ဓာတ်မီးဖြင့် အိမ်ကြီး၏ဧည့်ခန်းဆောင်ကြီးအား ထိုးကြည့်ကာ အကဲခတ်လိုက်လေသည်။

ကျွန်းဆက်တီခုံကြီးများ၊ နံရံကပ်ကျွန်းဗီရိုကြီးနှင့် ရှေးခေတ်လက်ရာ တရုတ်ကြွေပန်းအိုးကြီးများမှာ ဖုန်တသောသောတက်လျက်ရှိပြီး ဖုန်ထုတက်နေသော လျှာထိုးကြမ်းခင်းပေါ်မှာမူ





ခြေရာများကို မှစာကြဲအောင် တွေ့ရလေ၏။

ထိုစဥ် ကျွန်းလှေကားကြီးဆီမှ တကျွီကျွီမြည်သံကြားလိုက်ရရာ အိုင်အိုချစ်သွေးတို့က လက်နှိပ်ဓာတ်မီးဖြင့် ဖျတ်ခနဲ ထိုးကြည့်လိုက်ကြလေ၏။

ယင်းအခါ လူရိပ်လိုလို ဖြူဖြူသဏ္ဍာန်တစ်ခုသည် လှေကားတစ်ဆစ်ချိုးမှ လှစ်ခနဲတက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရရာ အိုင်အိုချစ်သွေးက "ဟေး" ဟု အော်လျက် ကျွန်းလှေကားကြီးဆီသို့ ပြေးသွားလေသည်။ အဂ္ဂဝဏ္ဏလည်း သူ့နောက်မှ ပြေးလိုက်လေ၏။

ထို့နောက် လက်နှိပ်ဓာတ်မီးကို အဆက်မပြတ်ထိုးရင်း အိုင်အိုချစ်သွေးသည် လှေကားထစ်များကို တစ်ထစ်ကျော်နင်းကာ ပြေးတက်ရာ …

'ဒုန်း'

"အား"

သူသည် လှေကားထစ်တစ်ခုပေါ်တွင် တစ်စုံတစ်ရာကို ခလုတ်တိုက်မိပြီး ခြေချော်လဲကျသွားတော့၏။

အဂ္ဂဝဏ္ဏလည်း အိုင်အိုချစ်သွေးအား ပြေးထူလိုက်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချစ်သွေး မောင်ချစ်သွေး ...ဘာဖြစ်သွားသေးသလဲ"

ဟု စိုးရိမ်စွာမေးလိုက်လေသည်။

"ဘာ ဘာမှမဖြစ်ပါဘူး၊ လှေကားထစ်စောင်းနဲ့ ဆောင့်မိလို့ ခြေမွဲရှိုးပဲ နည်းနည်းနာသွားပါတယ်၊ ဒါထက် အာစရိ ... စောစောက လူရိပ်ဖြူဖြူကို တွေ့လိုက်တယ်မဟုတ်လား"

"အေး ... လူရိပ်လား, ဘာလားတော့မသိဘူး၊ အရိပ်ဖြူဖြူတစ်ခု ဒီလှေကားပေါ် လှစ်ခနဲတက်သွားတာကို ရိပ်ခနဲမြင်လိုက်ရတယ်ကွယ်"

"အဲဒီဟာကို ကျွန်တော်လိုက်တာ၊ ဒီလှေကားထစ်ပေါ်မှာ တစ်ခုခုကို တက်နင်းမိလို့ ခြေချော်သွားပြီး လှေကားထစ်နဲ့ ဆောင့်မိတာ အာစရိရ"

အဂ္ဂဝဏ္ဏက လှေကားထစ်တို့အပေါ်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရှာဖွေလိုက်ရာ အိုင်အိုချစ်သွေး ရောက်ရှိနေသည့် လှေကားထစ်ပေါ်တွင် ခုံညင်းဒိုးတစ်လုံးနှင့် အောက်ထပ်လှေကား သုံးလေးထစ်ခန့်တွင် ခုံညင်းဒိုးတစ်လုံးတို့ကို တွေ့ရလေသည်။

"ဒီခုံညင်းဒိုးတွေ နင်းမိပြီး ခြေချော်သွားတာပဲကွဲ့"





"ခုံညင်းဒိုးတွေက ဘယ်လိုဖြစ်ပြီး ဒီလှေကားပေါ် ရောက်နေတာလဲ အာစရိရဲ့၊ တမင် တက်နင်းပြီး ခြေချော်အောင်လုပ်ထားတာနဲ့ တူတယ်"

"အိုင်ဆေး ... ဒါတော့ ခုနေမပြောတတ်သေးဘူး၊ ဒီလို ရှေးဆန်တဲ့အိမ်တွေမှာ ဒါမျိုး ခုံညင်းဒိုးကတော့ ရှိတတ်တာပဲ၊ လာ လာ ... အပေါ်ဆက်တက်ကြည့်ရအောင်"

သို့ဖြင့် သူတို့နှစ်ယောက်သည် ကျွန်းလှေကားကြီးအတိုင်း ဆက်တက်ခဲ့ကြရာ အိမ်ပေါ်ထပ်ရောက်ခါနီး လှေကားထစ် တစ်ထစ်ပေါ်တွင် ခုံညင်းဒိုးတစ်လုံးကို တွေ့ရပြန်၏။

"စောစောက တက်ပြေးတာ လူဆိုရင် ဒီအိမ်ပေါ်ထပ်မှာ သင်း ရှိကိုရှိရမယ်"

အိုင်အိုချစ်သွေးက လက်ထဲတွင် လျှို့ဂါပစ္စတိုကို အသင့်ကိုင်လျက် ခပ်တိုးတိုးပြောလေသည်။

ကော်ဇောအဟောင်းခင်းထားသည့် အိမ်ပေါ်ထပ်စကြံလမ်းအတိုင်း သူတို့အိမ်ရှေ့ဘက်သို့ လျှောက်လှမ်းလာကြရာ အပေါ်ထပ်သီးသန့်ဧည့်ခန်းကျယ်ကြီးဆီသို့ ရောက်ရှိသွားကြတော့၏။

ယင်းဧည့်ခန်းကြီး၏အပေါ်တွင် မျက်နှာကြက် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ပြားများ ကွဲပျက်လျက်ရှိရာ အလယ်မှ ထုပ်တန်းကို တွေ့နေရလေသည်။

"ဌာနအုပ်ကြီးပြောစကားအရဆိုရင် အဲဒီထုပ်တန်းကနေ ဆွဲကြိုးချပြီး မောက်ကြီးသေခဲ့ရတာဖြစ်မယ် အာစရိ"

ကြိုးတန်းလန်းရှိမနေတော့သည့် ထုပ်တန်းကြီးအား လက်နှိပ်ဓာတ်မီးဖြင့် သေချာထိုးကာ မော့ကြည့်စူးစမ်းနေလိုက်ကြ၏။ အိမ်ကြီးတစ်အိမ်လုံးမှာ တိတ်ဆိတ်လျက်ရှိပြီး အိမ်ခေါင်မိုးတစ်နေရာမှ အိမ်မြောင်စုတ်ထိုးသံကိုသာ ကြားနေရသည်။

ထိုစဉ် ...

'ဟီး ဟီး ဟီး .. ဟား ဟား ဟား'

အသံဝါကြီးဖြင့် လှိုက်လှိုက်လှဲလှဲရယ်သံကြီးတစ်ခုကို သူတို့ဖြတ်သန်းလာခဲ့ရာ စင်္ကြံလမ်းဆီမှ ရုတ်တရက်ကြားလိုက်ရရာ အိုင်အိုချစ်သွေးနှင့် စာရေးဆရာ အဂ္ဂဝဏ္ဏတို့ နှစ်ဦးစလုံး၏ ခန္ဓာကိုယ်များ ဆတ်ခနဲ တုန်သွားကြလေ၏။

"ဟော ... ရယ်သံ ရယ်သံပါလား အာစရိ"

"စင်္ကြံလမ်းဘက်ကကွ၊ လာ ... သွားကြည့်ကြရအောင်"

သူတို့ စင်္ကြံလမ်းအတိုင်း ခပ်သွက်သွက်လျှောက်လှမ်း





လာကြပြီး ရှေ့သို့ လက်နှိပ်ဓာတ်မီးတို့ဖြင့် ထိုးလိုက်ရာ အိမ်နောက်ဘက်ပိုင်း အခန်းတို့အကြားရှိ စင်္ကြံလမ်းတစ်နေရာတွင် ဖြူဖြူအရိပ်တစ်ခု ရပ်နေသည်ကို တွေ့ရတော့သည်။

"ဟာ ... ဘာလဲဟ"

အိုင်အိုချစ်သွေးက ထိုအရိပ်ဖြူဖြူကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးထားလျက်မှ လျှူဂါသေနတ်ဖြင့်ပါ ချိန်ထားပြီး စင်္ကြံလမ်းအတိုင်း ပြေးသွားတော့၏။

"ဟေ့ ... မပြေးနဲ့"

"ဟား ဟား ဟား .. ဟီး ဒီး ဒီး"

စာရေးဆရာ အဂ္ဂဝဏ္ဏမှာ ရုတ်တရက်မို့ ကြောင်ကြည့်နေပြီးမှ ပြေးလိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် သူ့ခြေထောက်တစ်ဖက်ကို အေးစက်သောလက်ကြီးတစ်ဖက်က ခြေကျင်းဝတ်နေရာမှ ဆုပ်ဆွဲခြင်း ရုတ်တရက် ခံလိုက်ရရာ ...

"ဟ အ"

'ဘိုင်း'

စာရေးဆရာ အဂ္ဂဝဏ္ဏမှာ စင်္ကြံလမ်းပေါ် မှောက်လျက်လဲကျသွားပြီး လက်ထဲမှ လက်နှိပ်ဓာတ်မီးလည်း လွင့်ထွက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် အော်သံတစ်ခုကိုပါ ကြားလိုက်ရလေသည်။

"အား"

အဂ္ဂဝဏ္ဏမှာ ကော်ဇောခင်းကြမ်းပြင်ပေါ် မှောက်လျက် လဲကျနေရာမှ လူးလဲထလိုက်ရာ ဓါတ်ကြိုးလမ်းတစ်ခုလုံး မှောင်မည်းလျက်ရှိပြီး အိုင်အိုချစ်သွေး၏ လက်နှိပ်ဓာတ်မီးရောင်လည်း မတွေ့ရ၊ သူ့လက်နှိပ်ဓာတ်မီးမှာလည်း မည်သည့်နေရာ ရောက်နေမှန်း မသိတော့ချေ။

စာရေးဆရာ အဂ္ဂဝဏ္ဏမှာ မှောင်ကြီးမည်းမည်းမှာပင် ကြမ်းပြင်ပေါ်၌ လက်နှစ်ဖက်စလုံးဖြင့် လိုက်စမ်းရာ လက်တစ်ကမ်းအကွာ၌ လက်နှိပ်ဓာတ်မီးကို စမ်းမိလေ၏။

သူက ဝမ်းသာသွားပြီး လက်နှိပ်ဓာတ်မီးကို ဖွင့်ကာ ထရပ်လိုက်တော့သည်။

"မောင်ချစ်သွေး ... မောင်ချစ်သွေး ဘယ်ရောက်သွားလဲ မသိဘူး"

သူက လက်နှိပ်ဓာတ်မီးဖြင့် ဓါတ်ကြိုးလမ်းအတိုင်း ထိုးထားရင်း အိုင်အိုချစ်သွေးကို ရှာကြည့်သည်တွင် လူကိုလည်း မတွေ့ရ၊ အသံပါ ပျောက်နေသောကြောင့် အံ့ဩစိုးထိတ်သွားတော့၏။

"ဟာ ... ဒီမှာ အပေါက်ကြီးပါလား"





သူက ထိုင်လိုက်ပြီး မှောင်မည်းနေသည့် ကြမ်းပြင်မှ အပေါက်ကြီးထဲ လက်နှိပ်ဓာတ်မီးဖြင့် ထိုးလျက် ငုံ့ကြည့်လိုက်စဉ်မှာပင် သူ၏နောက်ကျောအား တစ်စုံတစ်ဦးက တွန်းလိုက်သလို ခံစားလိုက်ရပြီး အပေါက်ကြီးထဲသို့ ဇောက်ထိုးကျွမ်းပျံ ကျသွားကာ ...

"အား"

'ဒုံး'

အောက်ခြေအရောက်ဝယ် တစ်စုံတစ်ရာနှင့်ခေါင်းဆောင့်မိပြီး သတိလစ်သွားပါတော့သတည်း။

✪

စာရေးဆရာ အဂ္ဂဝဏ္ဏမှာ မည်မျှကြာအောင် သတိမေ့သွားသည် မသိ၊ သူ သတိပြန်ရလာတော့ သူ့ခန္ဓာကိုယ်အနှံ့ တစ်စုံတစ်ဦးက လိုက်စမ်းနေသည်ကို ခံစားသိလိုက်ရ၏။

"ဟာ ... ဘာတုံးဟ"

"အာ ... အာစရိလား"



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်အိုချစ်သွေး၏အသံ ကြားလိုက်ရသဖြင့် အဂ္ဂဝဏ္ဏမှာ စိတ်အေးသွားရသလို အားတက်ဝမ်းသာသွားတော့သည်။

"ဟ . . . မောင်ချစ်သွေးလား၊ မောင်ရင်က ဘယ့်နှယ် ဒီရောက်နေတာတုံး"

"ရှူး . . . တိုးတိုး အာစရိ၊ အပြင်ဘက်မှာ လှုပ်ရှားသံ လိုလို ကြားနေရတယ်"

"မောင် မောင်ရင်ရဲ့သေနတ်ရော"

"ရှိတယ်၊ ကျွန်တော် ကြမ်းပေါက်ထဲပြုတ်ကျသွားပေမယ့် သတိရှိနေတဲ့အတွက် သေနတ်က လက်ကနေ လွတ်မသွားဘူး၊ လက်နှိပ်ဓာတ်မီးတော့ ဘယ်ရောက်သွားမှန်း မသိဘူး"

"ဟုတ်တယ်၊ ကျုပ်ရဲ့လက်နှိပ်ဓာတ်မီးလည်း မရှိတော့ဘူး၊ နေပါဦး . . . ကျုပ်တို့က အခု အိမ်ပေါ်ထပ်ကနေ အိမ်အောက်ထပ်ကို ပြုတ်ကျလာကြတာ မဟုတ်လား"

"ဟုတ်ပါတယ် အာစရိ"

"တော်သေးတာပေါ့၊ အောက်ကို ခြေလွတ်လက်လွတ် ပြုတ်ကျပြီး ဘာမှမဖြစ်လို့"

"ဒီအခန်းဟာ စတိုခန်းလို အခန်းမျိုးဖြစ်မယ် အာစရိ၊ မွေ့ရာလိပ်ဟောင်းတွေ ရှိတယ်၊ ကျွန်တော်က အဲဒီမွေ့ရာလိပ်





တွေပေါ် တည့်တည့်ကျလို့ အကျမနာဘဲ ဘာမှမဖြစ်ဘူး၊ အာစရိက မွေ့ရာလိပ်တစ်ခုပေါ်ကျပြီးမှ ကြမ်းပေါ်ကျသွားလို့ မေ့သွားတာနဲ့ တူတယ်၊ ကျွန်တော်လည်း စမ်းကြည့်ရသေးတယ် . . . အာစရိမှ ဟုတ်ရဲ့လားလို့"

"အင်း . . . ဒီလောက်မှောင်မည်းနေတာ စမ်းရတော့မပေါ့၊ ဒါထက် ကျုပ် သတိလစ်သွားတာ သိပ်မကြာဘူးပေါ့"

"မကြာပါဘူး . . . သုံးလေးမိနစ်လောက်ပါပဲ"

ထိုစဉ် . . .

'ရှပ် ရှပ် ရှပ်'

"ဟင် . . . ခြေသံတွေလိုလိုပါလား"

"ဟုတ်တယ် . . . ဒီအခန်းရဲ့ အပြင်ဘက်က ကြားရတာပဲ"

သူတို့နှစ်ယောက်က ခြေသံတို့ကြားရာဘက် ဦးတည်ကာ စမ်းစမ်း စမ်းစမ်းဖြင့် လေးဖက်ထောက်သွားကြသည်တွင် နံရံတစ်ခုကို စမ်းမိကြတော့၏။

ပျဉ်ချပ်များကိုထောင်လျက် ကာထားသော နံရံဖြစ်ရာ သစ်သားအကွဲအဟနေရာကို လက်ဖြင့် စမ်းသပ်ရှာဖွေပြီး အဟကြောင်းတွေ့လျှင် အခန်းအပြင်ဘက်သို့ ချောင်းကြည့်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ သူတို့၏မျက်လုံးသည် မှောင်ထဲဝယ် ကျင့်သားရနေပြီဖြစ်သဖြင့် အပြင်ဘက် စကြံလမ်းမှ ဝိုးတဝါးအရိပ်တို့ကို တွေ့လာရလေသည်။

အိမ်ရှေ့ဘက် ညှိခန်းဆောင်ကြီးနှင့် အိမ်အနောက်ဘက် မီးဖိုဆောင်မှန်ပြူတင်းများမှလည်းကောင်း၊ ပြူတင်းအထက်ရှိ မှန်ကူကွက်များမှလည်းကောင်း ကောင်းကင်၏အရောင်အချို့ မှုန်ပျပျ ဝင်ရောက်လျက်ရှိရာ ယင်းမှုန်ပျပျအလင်းက စကြံလမ်းဘက်သို့ပါ ခပ်ပါးပါး အလင်းဟပ်လျက် ရှိလေ၏။

ထို ခပ်ရေးရေးအလင်းဖြင့်ပင် လှုပ်ရှားသွားလာနေကြသည့် ဖြူလွလွအရိပ်တို့ကို စကြံလမ်း၌ ခပ်ဝါးဝါး မြင်နေရသည်မှာ မယုံနိုင်ဖွယ်ဖြစ်နေ၏။ အိပ်မက်ဆန်နေ၏။

ထိုအရာတို့သည် လူလော၊ ဝိညာဉ်လော၊ နာနာဘာဝလော။ သေချာသည်မှာ တစ်ခုတည်းမဟုတ်၊ ဖြူလွလွ အရိပ်နှစ်ခု သုံးခုဖြစ်၏။

ယင်းအရိပ်ဖြူဖြူတို့က စကြံလမ်း မှောင်မှောင်ကြီးထဲမှာ လေတိုက်သဖြင့် ရွေ့သည့်နှယ် ဒေါင်လိုက်ရွေ့လျားနေကြ၏။ သူတို့ထံမှ ခြေသံတရှပ်ရှပ် ကြားရလိုက်၊ မကြားရလိုက် ခြေသံတို့က ပေါ်လာလိုက်၊ ပျောက်သွားလိုက်။





ထိုစဉ် ပုပ်အဲ့အဲ့အနံ့ ထောင်းခနဲ ထလာသည်ကို ရှူရှိုက်လိုက်ရလေသည်။

"တစ္ဆေသရဲတွေများလား"

အိုင်အိုချစ်သွေးက စိတ်ထဲမှ တွေးလိုက်ရင်း တံခါးရွက်ကို လိုက်စမ်း၏။

တံခါးရွက်ကိုတွေ့လေလျှင် ချက်ကိုစမ်းပြီး ခပ်ဖြည်းဖြည်း ဖြုတ်လိုက်လေသည်။

ချက်ပြုတ်သွားသည်နှင့် တံခါးရွက်ကို တဖြည်းဖြည်း ဆွဲဖွင့်လိုက်၏။

'ကျွီ ကျွီ ကျွီ ..ဟီ ဟီ'

တိတ်ဆိတ်နေသော ညဦးယံဝယ် အသံသေးသေးလေးသည်ပင် အတော်ကျယ်သွား၏။ ထိုစဉ် ခြေသံတို့ ရုတ်ခြည်း ရပ်သွားတော့၏။

တံခါးရွက်ဟသွားသည်နှင့် အပြင်မှ လေအေးအေးက တိုးဝှေ့လို့ ဝင်လာသည်။

သူတို့နှစ်ဦးစလုံး အခန်းအပြင်သို့ ထွက်လိုက်ကြ၏။

ယခုအခါမှာမူ စကြံလမ်းတစ်ခုလုံးသည် အမှောင်ထုဖုံးကာ ဆိတ်ဆိတ်ငြိမ်နေသည်။ ဖြူလွလွအရိပ်တို့ကို မတွေ့ရတော့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်ရှေ့ဘက်သို့ သတိကြီးစွာထားကာ တစ်လှမ်းချင်း လှျောက်လှမ်းထွက်လာလိုက်ကြ၏။

မကြာမီ ညှော်ခန်းအဝသို့ ရောက်လာကြပြီး . . .

"အာစရိ . . . ကျွန်တော်တို့မှာ လက်နှိပ်ဓာတ်မီးမရှိတော့ ဒီအိမ်ကြီးထဲမှာ ဆက်နေဖို့မသင့်ဘူး၊ အိမ်ပြင်ထွက်ပြီး ပြန်ကြမယ်"

"အိုကေ"

သူတို့ အိမ်အပြင်ရောက်သည်နှင့် တံခါးမကြီးကို သော့ပြန်ခတ်ကာ ခြံဝင်းကြီးထဲမှ ခပ်သုတ်သုတ် ထွက်ခွာလာခဲ့ကြပါတော့သတည်း။

✪ ✪ ✪





## ဓာတ်ပုံထဲမှမိန်းကလေး

နောက်နေ့နံနက်စောစောမှာပင် ဌာနအုပ်ကြီး ဦးအုန်းလှက ဘိုတဲသို့ ရောက်ရှိလာလေသည်။

"အိုင်ဆေး ဘယ့်နှယ်လဲ . . . ညက မောက်ကြီးရဲ့အိမ်ဆီ သွားဖြစ်ကြရဲ့လား"

"သွားဖြစ်ပါရဲ့ဗျာ"

"ဘယ်လို အထူးအဆန်းတွေ တွေ့ကြုံခဲ့သတုံး"

ဤတွင် စာရေးဆရာအဂ္ဂဝဏ္ဏရော အိုင်အိုချစ်သွေးတို့ကပါ သူတို့ကြုံတွေ့ခဲ့ရသမျှကို ပြောပြလိုက်ကြလေသည်။

သူတို့၏စကားအဆုံးတွင် ဌာနအုပ်ကြီး ဦးအုန်းလှက



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးနှစ်ဖက် ပင့်လိုက်၏။

"ရော . . . ဒါဆို မောက်ကြီးရဲ့အိမ်မှာ သရဲတကယ် ခြောက်တာပေါ့ . . . ဟုတ်လား"

"မပြောတတ်ဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ ညတုန်းက စောစောကပြောသလို တွေ့ခဲ့ ကြုံခဲ့ မြင်ခဲ့ရတာတော့ အမှန်ပဲ ဗွာနအုပ်ကြီးရဲ့၊ ညက အမှောင်ထုလွှမ်းနေတော့ ကျွန်တော်တို့မှာ တစ်ပန်းရှုံးနေရတာပေါ့၊ ဒီနေ့ နေ့လဇယ်မှာ တစ်ခါထပ်သွားကြည့်ဦးမယ်ဗျာ၊ ဗွာနအုပ်ကြီးပါ လိုက်ခဲ့ပါလား"

"အင်း . . . လိုက်ချင်သားဗျာ၊ ဒါပေမဲ့ ဒီနေ့လယ်မှာ ရွှေဂူကြီးဘုရားပွဲတော်ကျင်းပဖို့ အစည်းအဝေးရှိတယ်ဗျ၊ ညနေ သုံးနာရီလောက်အထိ အားမှာမဟုတ်ဘူး၊ အိုင်အိုတို့ပဲ သွားလိုက်ကြပါ"

"ကောင်းပြီလေ . . . ဗွာနအုပ်ကြီး မအားရင် မခေါ်ပါဘူး၊ ကျွန်တော်တို့ကတော့ မကျေပွဲထပ်နွှဲရမှာဖြစ်မယ်"

✪





ယင်းနေ့ နေ့လယ်စာစားပြီးချိန်တွင် အိုင်အိုချစ်သွေးနှင့် စာရေးဆရာ အဂ္ဂဝဏ္ဏတို့နှစ်ဦးသည် မောက်ကြီးအိမ်ဘက်သို့ မြင်းလှည်းဖြင့် သွားရောက်ကြပြန်သည်။

သူတို့သည် အုပ်အုပ်ဆိုင်းဆိုင်းရှိနေသော သီးပင်စားပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းတို့ တောထလျက်ရှိသည့် ခြံကြီးထဲ ဝင်လာပြီးနောက် တိတ်ဆိတ်နေသောအိမ်ကြီးထဲသို့ သော့ဖွင့်ကာ ဝင်ရောက်ခဲ့ကြတော့၏။

ဦးစွာ သူတို့ ညကပြုတ်ကျခဲ့သည့် အခန်းကို ရှာဖွေခဲ့ကြလေသည်။

အိမ်အောက်ထပ်ဧည့်ခန်းမကြီးကို ဖြတ်သန်းပြီးနောက် စင်္ကြံလမ်းအတိုင်း ဝင်သွားကြရာ စင်္ကြံ၏တစ်ဖက်တည်းတွင် အခန်းကျယ် သုံးခန်းရှိကြောင်း တွေ့ရလေ၏။

ယင်းအခန်းအားလုံးမှာ သော့ခတ်ပိတ်ထားခြင်းမရှိရာ တံခါးတို့ကို ဖွင့်ဝင်ကာ စစ်ဆေးကြည့်ရှုကြလေသည်။

အခန်းအားလုံးမှာ လူနေထိုင်အိပ်စက်ခြင်း ရှိဟန်မတူပေ။ ရှေ့အခန်းနှစ်ခန်းမှာ ခေါက်သိမ်းထားသည့် ကျွန်းခုတင်တစ်လုံးစီနှင့် ဗီရိုအလွတ်တစ်လုံးစီအပြင် စားပွဲကုလားထိုင်အချို့သာရှိပြီး ဖုန်ထုတက်လျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်ဆုံး အခန်းအတွင်းမှာမူ နံရံနှင့်ကပ်လျက်ခင်းထားသည့်ဖျာကြမ်းပေါ်၌ မွေ့ရာလိပ်သုံးလေးခုကို စီကာထပ်ကာ တင်ထားလေသည်။

ထူးခြားသည်မှာ ယင်းအခန်း၏ကြမ်းပြင်သည် အခြားအခန်းများကဲ့သို့ ဖုန်တက်နေသည့်တိုင် ခြေရာများ ပွစာကြဲနေရာ လူဝင်လူထွက်များပြီး မကြာခင်ကမှ အသုံးကောင်းကောင်းပြုထားသည့် အခန်းဖြစ်ကြောင်း သိသာထင်ရှားလှပေ၏။

"ညက ကျွန်တော်တို့ပြုတ်ကျခဲ့တာ ဒီအခန်းပဲ အာစရိ"

သူတို့က ပြတင်းတံခါးကို ဖွင့်လိုက်ရာ အိမ်အပြင်မှနေ၏အလင်းရောင်တို့ အခန်းထဲသို့ လင်းကျင်းစွာ ဖြန့်ကြက်ဝင်လာလေသည်။

အပေါ်သို့ မော့ကြည့်လိုက်သည့်အခါမှာမူ အဖြူရောင်မျက်နှာကြက်ကျောက်ပြားများ စေ့ပိတ်လျက်ရှိသည်ကို တွေ့ရပါ၏။

"ညတုန်းက ကျုပ်တို့ဟာ အပေါက်တစ်ခုကနေ ပြုတ်ကျခဲ့တာ မဟုတ်လား မောင်ချစ်သွေး"

"ဟုတ်တယ် . . . ကျွန်တော်လည်း အရိပ်ဖြူဖြူဆီ ပြေး





သွားတုန်း ကော်ဇောခင်းထားတဲ့ ကြမ်းခင်းဟာ မြေပြိုသလိုရုတ်တရက် အောက်ပြုတ်ကျသွားတာကိုသာ သိလိုက်ပြီး လူကဇောက်ထိုးမိုးမျှော် ပြုတ်ကျသွားတော့တာပါပဲ"

"ဒါပေမဲ့ အခု မျက်နှာကြက်ကိုကြည့်တော့လည်း စေ့ပိတ်လို့ပါလား"

"ဒါကတော့ ဆက်ပြီးလေ့လာရမှာပေ့ါ အာစရိ၊ လာ . . . ကျွန်တော်တို့ အိမ်ပေါ်ထပ် တက်ကြည့်ကြရအောင်"

သူတို့ ထိုအခန်းထဲမှ ပြန်ထွက်ခဲ့ကြပြီးနောက် အိမ်ရှေ့ဘက် ပြန်ထွက်ခဲ့ကာ ကျွန်းလှေကားကြီးအတိုင်း အိမ်ပေါ်ထပ်သို့ တက်လာခဲ့ကြလေ၏။

အိမ်ပေါ်ထပ်သို့ရောက်လေလျှင် ဦးစွာ ယမန်နေ့ညက သူတို့ရောက်ရှိခဲ့သည့် အိမ်ရှေ့မှ ဧည့်ခန်းဆောင်ဆီ သွားကြည့်ကြလေသည်။

ပြီးမှ စင်္ကြံလမ်းဘက် ပြန်လျှောက်လာခဲ့ကြရာ လေးပေခန့်ကျယ်သည့် စင်္ကြံ၏ဘေးတစ်ဖက်တစ်ချက်တို့တွင် သော့ခတ်ပိတ်ထားသော အခန်းများကို တွေ့ရလေသည်။

ထိပ်ဝဲဘက်မှအခန်းမှာမူ သော့ခတ်ထားခြင်းမရှိသဖြင့် ဝင်ရောက်ခဲ့ကြရာ အခန်းထဲ၌ တစ်ယောက်အိပ်ကြေးခုတင်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကို တွေ့ရပြီး ခုတင်ပေါ်၌ ဖျာကြမ်းခင်းထားကာ ခြေရင်းဘက်တွင် မွေ့ရာလိပ်တစ်လိပ်ကို တွေ့ရလေ၏။

ခုတင်တိုင်တို့၌လည်း ခြင်ထောင်ဆင်ထားပြီး ခြင်ထောင်အမိုးကို ခေါက်လိပ်တင်ထားလေသည်။

နံရံကပ်ဗီရိုတစ်လုံးကိုတွေ့သဖြင့် ဆွဲဖွင့်ကြည့်လိုက်ရာ အတွင်း၌ မသေမသပ် ခေါက်ထည့်ထပ်ထားသည့် အမျိုးသား အဝတ်အစားတို့ကို တွေ့ရလေ၏။

အခန်းနံရံမှ ကြိုးတန်းတွင်လည်း ဖရိုဖရဲ လွှားတင်ထားသည့် လုံချည်လေးထည်နှင့် ဘောင်းဘီရှည်တစ်ထည်ကို တွေ့ရလေသည်။

''ဒီအခန်းက မောက်ကြီးနေခဲ့တဲ့အခန်းပဲ ဖြစ်မယ် အာစရိ''

''အိုင်ဆေး ••• ဒါဆို မောက်ကြီးနဲ့ပတ်သက်တဲ့ သဲလွန်စကို ဒီအခန်းထဲမှာ မောင်ရင် အမိကရှာသင့်တယ်''

''ဟုတ်တယ် အာစရိ ••• ရှာရမယ်''

သူတို့က ပြတင်းတံခါးများကို ဖွင့်လိုက်ကြလေသည်။

ထို့နောက် စာရေးဆရာ အဂ္ဂဝဏ္ဏက ကြေးခုတင်ပေါ် တင်ပါးလွှဲထိုင်လျက် ဒန်းပေါးလ်ဆေးတံကြီးကို မီးညှိဖွာရှိုက်နေ





စဉ် အိုင်အိုချစ်သွေးသည် အခန်းထဲအနှံ့ သေချာစွာ စေ့စေ့စပ်စပ် စူးစမ်းကြည့်ရှု စစ်ဆေးလျက်ရှိလေ၏။

သူက ဗီရိုကို စစ်ဆေးကြည့်ရှုပြီးနောက် ပြတင်းပေါက်အနီးရှိ စားပွဲခုံကိုပါ အသေအချာ စစ်ဆေးကြည့်ရှုရာ စားပွဲ၏ လက်ယာဘက်ရှိ အံဆွဲသုံးထပ်ကိုပါ တစ်ထပ်ပြီးတစ်ထပ် ဆွဲဖွင့်ကြည့်ရှုလေသည်။

အပေါ်အံဆွဲနှစ်ထပ်မှာ သော့ခတ်ထားခြင်း မရှိသော်လည်း အောက်ဆုံးအထပ်မှာမူ သော့ခတ်ထားသည်ကို တွေ့ရလေသည်။ အပေါ်အံဆွဲများထဲ၌ ကော်ပီစာအုပ်အလွတ် တစ်အုပ်နှင့် ခဲတံသုံးလေးချောင်းကိုသာ တွေ့ရ၏။

စာရေးဆရာ အဂ္ဂဝဏ္ဏသည် အိုင်အိုချစ်သွေး ပြုလုပ်နေသမျှကို လိုက်ကြည့်နေရာမှ •••

''အိုင်ဆေး ••• ဘယ်လိုလဲ မောင်ချစ်သွေး၊ အောက်ဆုံးအံဆွဲကိုတော့ သော့ပိတ်ထားပါလား၊ အထဲမှာ ထူးထူးခြားခြား အရာတွေ ရှိမယ့်ပုံပဲ၊ ဒါပေမဲ့ အဲဒီအံဆွဲသော့မရှိတော့ ဖွင့်ကြည့်စစ်ဆေးဖို့ ခက်ပြီပေါ့ ••• ဟုတ်လား''

ဟု မေးလိုက်ပြီးနောက် •••

''အင်း ••• အဲဒီသော့ဟာ ဗီရိုပေါ်နဲ့ ကြွက်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



တန်းပေါ်တွေမှာ ရှိချင်ရှိမယ်၊ ဒါမှမဟုတ် တိုင်တွေ, နံရံတွေက သံငုတ်တစ်ခုခုမှာ ချိတ်ထားသလား မသိဘူး''

ဟုပြောကာ ခုတင်ပေါ်မှဆင်းလျက် သော့ကို ဝိုင်းကူရှာပေးလေ၏။ သို့သော် မည်သည့်နေရာမှာမှ သော့ကိုမတွေ့ရချေ။

''ရတယ် အာစရိ ... ရှာမနေပါနဲ့''

အိုင်အိုချစ်သွေးက ပြောပြောဆိုဆိုဖြင့် ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ သံချောင်းကောက်ကောက်လေးတစ်ချောင်းကို ထုတ်ယူလိုက်ပြီးလျှင် အံဆွဲမှ သော့အိမ်ထဲ ထိုးသွင်းကာ ဟိုလှည့်သည်လှည့် လှည့်လိုက်သည်တွင် ...

'ချောက်'

''ဟော ... သော့ပွင့်သွားပြီဗျ''

''ငါ့လူက တယ်ဟုတ်ပါလား၊ စီအိုင်ဒီကရထားတဲ့ ပညာတွေထင်တယ်''

''ဟဲ ဟဲ ... မဟုတ်ပါဘူး၊ နာမည်ကျော် ဖောက်ထွင်းဝိဇ္ဇာတစ်ယောက်ကို ဖမ်းမိတုန်းက သူ့ကိုစစ်ဆေးရင်း သော့မျိုးစုံဖွင့်နည်း သူ့ဆီက ရအောင်ယူခဲ့တာပါ၊ ဒီဟာလေးလည်း သူ့ဆီက ရတာပဲ၊ အဲဒီ ဖောက်ထွင်းဝိဇ္ဇာ ဖိုးမြသာကတော့ ထောင်ထဲမှာ အဆုတ်ရောဂါနဲ့ သေသွားပြီလေ''





ထို့နောက် အိုင်အိုချစ်သွေးက အံဆွဲကိုဆွဲဖွင့်လိုက်ပြီး အံဆွဲထဲ၌ တွေ့ရသည့် စာရွက်အထပ်ကို စစ်ဆေးကြည့်ရှုလိုက်လေသည်။

အဆိုပါစာရွက်တို့မှာ ဤအိမ်ကြီးကို မူလပိုင်ရှင်ထံမှ မောက်ကြီး၏မိဘများက ဝယ်ခဲ့သည့် စာချုပ်စာတမ်းများသာဖြစ်ပြီး အမှုအတွက် အရေးပါခြင်း မရှိချေ။

ထိုစာရွက်အထပ်တို့၏ အောက်၌မူ မှတ်စုစာအုပ်ငယ်တစ်အုပ်ကို တွေ့ရသဖြင့် စာအုပ်ကိုဖွင့်ကြည့်လိုက်ရာ စာအုပ်၏ပထမဦးဆုံးစာမျက်နှာတွင် မညီညာလှသောလက်ရေးဖြင့် ဖိုးမောက်ဟု ရေးထားသည်ကိုသာတွေ့ရပြီး အခြားစာမျက်နှာများတွင် မည်သည့်စာမျှ ရေးထားမှတ်ထားသည်ကို မတွေ့ရပါ။

စာအုပ်၏အလယ်တွင် ညှပ်ထားသည့် ဓာတ်ပုံတစ်ပုံကို တွေ့ရလေ၏။

ထိုဓာတ်ပုံမှာ ဟန်ပါပါ ခါးထောက်ရပ်နေသည့် လှပပျိုမျစ်သော မိန်းမပျိုလေးတစ်ဦး၏ ဓာတ်ပုံဖြစ်ပြီး ယောကျ်ားလေးတစ်ဦးကဲ့သို့ ရှပ်အင်္ကျီကို လက်ခေါက်ဝတ်ထားကာ ဘောင်းဘီရှည်ကို တောစီးဖိနပ်နှင့် တွဲဝတ်ထားလေသည်။

ထူးခြားသည်က ... ထိုမိန်းကလေး၏ခါးတွင် ကျည်ခါး



www.burmeseclassic.com

www.burmeseclassic.com



ပတ် ပတ်ထားခြင်းပင်။

"ဒီဓာတ်ပုံကို ကြည့်စမ်းပါဦး အာစရိ . . . ကောင်မလေးက လှသလောက် ဝတ်စားထားပုံက တောပုန်းသူပုန်မလေးနဲ့ တူနေသလိုပဲ"

အဂ္ဂဝဏ္ဏကလည်း ဓာတ်ပုံကို သေချာကြည့်ကာ . . .

"ဟုတ်တယ် အိုင်ဆေးရေ . . . ရုပ်ကလေးကတော့ အချောလေးပဲ၊ ဘယ့်နှယ် . . . ကျည်ခါးပတ်ကြီး ပတ်ထားရတယ်လို့၊ နောက်ခံရှုခင်းကလည်း သစ်ပင်ကြီးတွေနဲ့ တောတောင်ရှုခင်းပါလား၊ လူဆိုးအဖွဲ့တစ်ခုခုက ကလေးမလေးလား မသိဘူး"

ဟု မှတ်ချက်ပြုရင်း ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ လက်ကိုင်မှန်ဘီလူးအဝိုင်းလေးကို ထုတ်ကာ သေချာစေ့စေ့စပ်စပ် ကြည့်ပြီးနောက် တအံ့တသြ ရေရွတ်လိုက်လေသည်။

"အလို . . . ဒီမှာကြည့်စမ်း၊ ဒီကလေးမရဲ့ အင်္ကျီရင်ဘတ်မှာ ကြယ်လေးပါလား"

အိုင်အိုချစ်သွေးလည်း မှန်ဘီလူးကိုယူကာ အဂ္ဂဝဏ္ဏလက်ညှိုးထောက်ပြသည့်နေရာကို သေချာကြည့်လိုက်လေသည်။





"ဟာ . . . ဟုတ်တယ် အာစရိ၊ ကြယ်မှ အနက်ကလေးဗျ၊ ရင်ထိုးတံဆိပ်လား မသိဘူး"

"ရင်ထိုးမဖြစ်နိုင်ဘူး အိုင်ဆေးရဲ့၊ ငါးထောင့်ကြယ်ရဲ့အောက် ဝဲဘက်က ထောင့်စွန်းဟာ နည်းနည်းတွန့်နေတယ် . . . တွေ့လား၊ ဒါကိုကြည့်ခြင်းအားဖြင့် ကြယ်ဟာ အင်္ကျီနဲ့ တစ်သားတည်းဖြစ်နေတာ သေချာတယ်၊ အင်္ကျီကလည်း ပြောင်အင်္ကျီဆိုတော့ ဖြစ်နိုင်တာက ချည်အနက်နဲ့ရက်ပြီး ကြယ်နက်ပုံဖော်ထားတာပဲ ဖြစ်ရမယ်"

"ဟုတ်တယ် . . . အာစရိရဲ့ထင်မြင်ယူဆချက်က ဖြစ်နိုင်ပါတယ်၊ ဒီအတိုင်းဆို ဒီကောင်မလေးဟာ ကြယ်နက်အဖွဲ့ကပဲ ဖြစ်ရမယ်၊ အဖိုးတန်တဲ့ သဲလွန်စတစ်ခုတော့ ရပြီ"

အိုင်အိုချစ်သွေးက ဓာတ်ပုံလေးကို ကုတ်အင်္ကျီအတွင်းအိတ်ထဲ ထည့်လိုက်ပြီးနောက် အံဆွဲကိုပြန်ပိတ်ကာ ဒူးတစ်ဖက်ထောက်ထိုင်နေရာမှ ထလိုက်လေသည်။

"ကဲ . . . ကျွန်တော်တို့ မနေ့ညက ပြုတ်ကျခဲ့တဲ့ စကြံလမ်းကို သွားစစ်ဆေးကြရအောင်"

ထို့နောက် သူတို့နှစ်ဦးသည် ပြတင်းတံခါးတို့ကို ပြန်ပိတ်ကာ ထိုအခန်းထဲမှ ထွက်ခဲ့လျက် ကော်ဇောအဟောင်းများခင်း



www.burmeseclassic.com

www.burmeseclassic.com



ထားသော ဖုန်တသောသောတက်နေသည့် စကြံလမ်းအဝိုင်း လျှောက်လှမ်းခဲ့ကြတော့၏။

"ကျွန်တော်တို့ ပြုတ်ကျခဲ့တာ ဟောဒီနေရာလောက် ဖြစ်မယ် အာစရိ၊ ဒီကော်ဇောတွေကိုလှန်ပြီး စစ်ဆေးကြည့်ရမယ်"

သို့ဖြင့် သူတို့နှစ်ဦးသည် စကြံလမ်း၌ ခင်းထားသည့် ကော်ဇော်တို့ကို တစ်ခုချင်း လှန်လိုက်ကြလေသည်။

စကြံလမ်းတစ်လျှောက် ကန့်လန့်ခင်းထားသည့် ကျွန်းလျှာထိုးကြမ်းခင်းတို့မှာ သေသေသပ်သပ်ရှိနေပြီး အပေါက်ကို မတွေ့ရချေ။

"အင်း ... လူတစ်ကိုယ်လုံး ပြုတ်ကျသွားရတဲ့အပေါက် မတွေ့ရပါလား"

"ရော့ ... ဒီမှန်ဘီလူးနဲ့ သေသေချာချာ စစ်ဆေးကြည့်ပါဦး"

အိုင်အိုချစ်သွေးက စာရေးဆရာ အဂ္ဂဝဏ္ဏ ကမ်းပေးသည့် လက်ကိုင်မှန်ဘီလူးအဝိုင်းလေးကို ယူလိုက်ရင်း မေးခွန်း ထုတ်လိုက်လေသည်။

"အာစရိရဲ့မှန်ဘီလူးက အတော်အသုံးတည့်တာပဲ၊





ကျွန်တော်လည်း နောက်ဆို ဒါမျိုးဆောင်ထားရမယ်၊ စုံထောက် ကြီးရှားလော့ဟုမ်းလိုပေါ့၊ ဒါထက် အာစရိက ဒီအရေတွေမြင်လို့ ဒီမှန်ဘီလူးကို ဆောင်လာတာလားဗျ"

"အဲဒီမှန်ဘီလူးအဝိုင်းလေးကတော့ ဆေးတံနဲ့မီးခြစ်လိုပဲ ကျုပ် အမြဲဆောင်ထားတတ်တဲ့ အရာပါပဲဗျာ၊ သွားရင်းဟန်လွှဲ ကျောက်စာတွေ ဘာတွေတွေ့ရင် ဖတ်လို့ရအောင် ဆောင်ထားတာပါ"

ထို့နောက် အိုင်အိုချစ်သွေးသည် ကြမ်းပြင်ပေါ်တွင် ဒူးနှစ်ဖက်ထောက်ပြီး ခါးကုန်းကာ ပျဉ်၏အစပ်နေရာတို့ကို မှန်ဘီလူးဖြင့် သေသေချာချာ စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှုလေသည်။

စကြံလမ်းမှာ အတန်ငယ်မှောင်နေသည့်အပြင် သူတို့၌ လက်နှိပ်ဓာတ်မီးလည်းမပါသဖြင့် အတော်လေး အာရုံစိုက်ကာ ကြည့်ရှုစစ်ဆေးရလေ၏။

"အင်း ... ဒီပျဉ်နှစ်ချပ် ဆက်စပ်နေပုံက အခြားပျဉ် တွေနဲ့ မတူဘဲ အတော်ကွာဟနေပါလား"

အိုင်အိုချစ်သွေးက မှတ်ချက်ပြုပြီးလျှင် ယင်းပျဉ်ချပ်တို့ကို ကြိုးစားခွာကြည့်လေ၏။ သို့သော် မည်သို့မျှ ခွာမရချေ။



www.burmeseclassic.com

www.burmeseclassic.com



“အောက်ချည်းပဲ သိပ်ကြည့်မနေနဲ့ အပေါ်နံရံကိုလည်း စစ်ဆေးကြည့်ဦး၊ လျှို့ဝှက်ခလုတ်တွေ ဘာတွေ ရှိနိုင်တယ် မောင်ချစ်သွေး”

အိုင်အိုချစ်သွေးလည်း ထိုင်ရာမှထကာ ထိုနေရာ ဝန်းကျင်မှ နံရံတို့ကို မှန်ဘီလူးဖြင့် သေချာစွာ စစ်ဆေးကြည့်ရှုလေသည်။

ယင်းသို့စစ်ဆေးရင်း နံရံမှတိုင်တစ်လုံးကိုပါ စစ်ဆေးကြည့်ရှုရာ တိုင်၏အပေါ်ပိုင်းတစ်နေရာတွင် အချင်းတစ်လက်မခန့်ရှိသော အဝိုင်းပေါက်ငယ်ကို တွေ့ရလေသည်။

အိုင်အိုချစ်သွေးက ယင်းအဝိုင်းပေါက်ထဲ လက်ညှိုးထိုးသွင်းကာ စမ်းသပ်ကြည့်ရာ ...

“အင်း ... အထဲမှာ ခပ်ချောချောလုံးလုံးဘုလေးတစ်ခုပါလား။ နှိပ်ကြည့်လိုက်မယ်”

ဟုပြောကာ ထိုအဖုလေးကို လက်ချောင်းထိပ်ဖြင့် နှိပ်ချလိုက်ရာ သူ့ခြေထောက်အနီးမှ ပျဉ်ချပ်ဆယ်ချပ်ခန့်မှာ ရုတ်တရက် အောက်သို့ပြုတ်ကျသွားသည်ကို တွေ့ရလေ၏။

“ဟာ ... တော်ပါသေးရဲ့၊ အပေါက်တည့်တည့်အပေါ်မှာ မရပ်မိလို့”





အိုင်အိုချစ်သွေးရော အဂ္ဂဝဏ္ဏပါ အပေါက်ဝမှ ငုံ့ကြည့်လိုက်ကြရာ မွေ့ရာလိပ်များရှိသည့် အောက်ထပ်မှ အခန်းကို တွေ့ရလေသည်။

“ကျုပ်မပြောလား ... လျှို့ဝှက်ခလုတ် ရှိနိုင်တယ်လို့”

အိုင်အိုချစ်သွေးက တိုင်မှအပေါက်ထဲ လက်ညှိုးနှိုက်ကာ ခလုတ်ဘုလေးကို နှိပ်လိုက်ရာ သုံးပေပတ်လည်ခန့်ရှိသည့် လျှို့ဝှက်အံဖုံးမှာ ပြန်ပိတ်သွားတော့၏။ ထိုအခါ အဂ္ဂဝဏ္ဏက ကော်ဇောတို့ကို ပြန်ခင်းလိုက်လေသည်။

“လုပ်ထားတာက ပညာပါတယ်၊ ကော်ဇောနှစ်ချပ်ဆက်တဲ့နေရာက လျှို့ဝှက်အပေါက်ရဲ့ အလယ်တည့်တည့်မှာပဲ၊ ညက အံဖုံးကို ဖွင့်ထားတာပဲဖြစ်မယ်၊ ဒီလျှို့ဝှက်ထောင်ချောက်အပေါက်ရှိမှန်း မောင်ရင်ကမသိဘဲ ပြေးသွားလိုက်တော့ ကော်ဇောနှစ်ချပ်ဆက်ထားတဲ့နေရာအရောက်မှာ အပေါက်ထဲ ပြုတ်ကျသွားတာပေါ့၊ ကျုပ်က အဲဒီအပေါက်ကို လာအကြည့်မှာ တစ်ယောက်ယောက်က ကျုပ်ကို နောက်ကျောကနေ တွန်းချလိုက်တာပဲ”

“ဒါဆို ... ညက ကျွန်တော်တို့ တွေ့ကြုံခဲ့ရတာတွေဟာ နာနာဘာဝတွေ, ဝိညာဉ်တွေ, သရဲတွေ မဟုတ်ဘူးပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ ဘယ်လိုဖြစ်နိုင်မှာလဲ၊ ဒါဟာ ... လူက တမင် အကွက်ဆင်လုပ်ခဲ့တာတွေပဲဖြစ်ရမယ်"

"ဟုတ်တယ် ... ကျွန်တော်လည်း အဲဒီလိုပဲ တွေးမိပါတယ်၊ ဘာဖြစ်လို့ ဒီအိမ်ကြီးပေါ်မှာ အဲဒီလိုအလုပ်တွေ လုပ်ရသလဲဆိုတာကို အာစရိ ဘယ်လိုယူဆသလဲဗျ"

"ဒီအိမ်ကြီးထဲ ဘယ်သူမှ မလာစေချင်လို့ပေါ့၊ ဒီအိမ်ကြီးနား မကပ်ရဲအောင်, မနေရဲအောင် လုပ်ကြတာပဲဖြစ်မယ်"

"ဟုတ်တယ် အာစရိ၊ သူတို့ ဘာကြောင့်လုပ်တာလဲဆိုရင် ဒီအိမ်ကြီးထဲမှာ သူတို့လိုချင်တာတစ်ခုခု ရှိလို့ပဲဖြစ်မယ်၊ အဲဒါကို စိတ်တိုင်းကျရှာဖွေနိုင်ဖို့ ဒီအိမ်ကြီးနား လူတွေမကပ်ရဲအောင် သရဲချောက်သလိုလို ဘာလိုလို လုပ်ထားကြတာပဲ"

"တစ်ခုတော့ ရှိတာပေါ့လေ ... ဟောဒီ လျှို့ဝှက်ထောင်ချောက်အပေါက်ကိုတော့ သူတို့လုပ်တာမဖြစ်နိုင်ဘူး၊ ဒါ ... အိမ်စဆောက်ကတည်းက ရှိခဲ့တာပဲ ဖြစ်မယ်"

"ဒါလည်း ဖြစ်နိုင်တာပဲ၊ ဒီလို ရှေးအိမ်ကြီးတွေမှာ ရှေးလူကြီးတွေဟာ ဓားပြ, သူခိုးတို့ရဲ့ဘေးရန်က ကာကွယ်နိုင်ဖို့ ဒီလို လျှို့ဝှက်အစီအမံတွေ လုပ်ထားတတ်ကြတယ်၊ ဒီလိုမျိုး စီမံပြုလုပ်ထားတဲ့ အိမ်မျိုး ကျွန်တော် မန္တလေးနန်းရှေ့ စစ်ကိုင်း





တန်းရပ်မှာ တွေ့ဖူးတယ်"

ထို့နောက် သူတို့နှစ်ယောက်သည် အခြားအခန်းတို့ကို သော့ဖွင့်ဝင်ကြည့်ကြရာ ထူးခြားမှုမတွေ့ရချေ။ ယင်းအခန်းတို့အထဲတွင် လူတို့ မအိပ်စက်သည်မှာ နှစ်အတော်ကြာပုံရသော အိပ်ခန်းတစ်ခန်းနှင့် စာအုပ်ဗီရိုများထားသည့် အခန်းတစ်ခန်းတို့ကိုတွေ့ရပြီး ကျန်အခန်းတို့တွင် သေတ္တာဟောင်းများ၊ ဗီရိုဟောင်းများကိုသာ တွေ့ရလေသည်။

အတန်ကြာအောင် လေ့လာကြည့်ရှုပြီးမှ သူတို့ အိမ်အပြင်သို့ ပြန်ထွက်ခဲ့ကြပါတော့သတည်း။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



## တတိယသားကောင်

အိုင်အိုချစ်သွေးနှင့် စာရေးဆရာအဂ္ဂဝဏ္ဏတို့သည် ယင်းနေ့ ညနေပိုင်းမှာပင် ဌာနသို့သွားကြပြီး ဌာနအုပ်ကြီးဦးအုန်းလှနှင့် တွေ့ဆုံကာ မောက်ကြီး၏အိမ်အပေါ်ထပ်မှ လျှို့ဝှက်အပေါက်အကြောင်းကို ပြောပြလိုက်လေသည်။

"အေးဗျ ... ဒါဆို မောက်ကြီးသေဆုံးမှုဟာ သွေးရိုးသားရိုး သူ့ကိုယ်သူ ဆွဲကြိုးချပြီးသေတာလို့ အပ်ကျမပ်ကျ မပြောနိုင်တော့ဘူးဗျ၊ အဲဒီလူသေမှုရဲ့ နောက်ကွယ်မှာ ဇာတ်ရှုပ်တစ်ခုခု ရှိပုံပဲ၊ ဘယ့်နှယ် ... ဖြစ်နိုင်တယ်မဟုတ်လား ဆရာအဂ္ဂ"





"သေချာဖြစ်နိုင်တာပေါ့ဗျာ၊ အမှုကတော့ တော်တော်စိတ်ဝင်စားဖို့ ကောင်းလာပြီဗျ ဌာနအုပ်ကြီးရဲ့"

"အဲ ... စိတ်ဝင်စားဖို့ကောင်းတာထက် ငယ်ထိပ်မြွေပေါက်မယ့်ကိန်းက ထပ်ဖြစ်လာပြီဗျို့"

"ဘယ်လို ဘယ်လို"

"ဒီလိုလေဗျာ ... စောစောကပဲ စာပို့သမားလေးက ကြေးနန်းစာလာပို့သွားတယ်၊ စုံထောက်မင်းကြီး မစ္စတာရှက်တယ်လ် ရိုက်လိုက်တာ"

"ဗျာ"

စုံထောက်မင်းကြီး ရိုက်လိုက်သည်ဆို၍ အိုင်အိုချစ်သွေးမှာ မျက်လုံးပြူးသွားပြီး ကပျာကယာ လှမ်းယူကြည့်လိုက်တော့ရာ ကြေးနန်းစာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်လေသည်။

*[မန္တလေး ပန်းတဥ်းတန်းမှာ ပန်းတဥ်းဆရာမြကျော် မနေ့က ဆွဲကြိုးချသေ။ စာရင်းစာအုပ်ထဲမှာ မျောက်စမတွေ့၊ ချစ်သွေး အခင်းဖြစ်ရပ်ဆီသွား၊ အမြန်စုံစမ်းဖော်ထုတ်ပါ။*

*မစ္စတာရှက်တယ်လ်*

*စီအိုင်ဒီ]*

"မြို့သုံးမြို့က လူသုံးယောက်ကတော့ တစ်ပုံစံတည်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကြိုးချသေသွားပြီ၊ ဒီအမှုတွေကို ဖော်ထုတ်ဖို့ ကြိုးစားရင်းကိုချစ်သွေးပဲ ခေါင်းမွေးပြောင်မလား၊ စုံထောက်မင်းကြီးပဲ ဘိလပ် ပြန်အပို့ခံရမလား မသိတော့ဘူးဗျို့"

ဦးအုန်းလှ၏မှတ်ချက်စကားကို အိုင်အိုချစ်သွေးက ခေါင်းညိတ်ထောက်ခံသည်။

"ဟုတ်တယ် ဥာနအုပ်ကြီးရေ . . . ကျွန်တော့်မှာ အရှုံးမီးဝိုင်းဆိုသလို ဖြစ်ရပြီ၊ ဒီကသာက မောက်ကြီးရဲ့အမှုအတွက် သဲလွန်စ ရမယ်ကြံရုံရှိသေး မန္တလေးမှာ အမှုထပ်ပေါ်ရတယ်လို့၊ ဘယ်အစကို စကိုင်ရမှန်းကို မသိတော့ဘူး"

"ဒါဆို . . . အိုင်ဆေးက မန္တလေးဆင်းရတော့မှာပေါ့"

"မနက်ဖြန်မနက်စောစောမှာပဲ ကားစင်းလုံးငှားပြီး ဆင်းသွားမယ်၊ အာစရိပါလိုက်ခဲ့ဗျာ၊ ပြီးမှ ဒီကသာကို ပြန်လာကြမယ်၊ ဒီမှာက သဲလွန်စရနေပြီ"

"ကြိတ်လိုက်ကွ"

စာရေးဆရာ အဂ္ဂဝဏ္ဏမှာ ဒါပဲပြောနိုင်တော့သည်။

✪





မန္တလေးပန်းတဉ်းတန်းမှ ပန်းတဉ်းဆရာကိုမြကျော်မှာ ဇနီး မစန်းစန်းနွယ်နှင့် သုံးနှစ်အရွယ် သားလေးမောင်ရဲကျော်တို့ရှိပြီး မန္တလေးသို့ပြောင်းလာသည်မှာ ငါးနှစ်ခန့်သာရှိသေးသည်ဟုသိရလေ၏။

ကိုမြကျော်မှာ ယခင်က ရန်ကုန်တွင် ပန်းတဉ်းလုပ်ငန်းလုပ်ဖူးသည်ဟုသာ သိရပြီး သူ၏ဇာတိအမှန်ကို သူ့ဇနီး မစန်းစန်းနွယ်ပင် မသိချေ။

ကိုမြကျော် မန္တလေးသို့ရောက်လာသည်နှင့် ပန်းတဉ်းတန်း၌ အိမ်ဝယ်ကာ တပည့်နှစ်ဦးနှင့်အတူ ပန်းတဉ်းလုပ်ငန်းကို ထူထောင်လုပ်ကိုင်ခဲ့လေသည်။

မန္တလေးသို့ရောက်ပြီး တစ်နှစ်ခန့်အကြာမှာမှ မစန်းစန်းနွယ်နှင့် လက်ထပ်ခဲ့သူဖြစ်၏။

ကိုမြကျော်မှာ စကားနည်းသော လူအေးတစ်ဦးဖြစ်ပြီး အလုပ်ကိုသာ အာရုံစိုက်လုပ်ကိုင်သူဖြစ်သည်။ သူ့၌ အသိအကျွမ်း သိပ်မရှိသလို ရန်သူလည်း မရှိချေ။

သို့သော် လွန်ခဲ့သောသုံးရက်ခန့်က စာတိုက်မှ စာတစ်စောင်ရောက်လာသဖြင့် စာအိတ်ကိုဖောက်ကြည့်ရာ အတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



မျောက်စမပုံလေးကို တွေ့ရကြောင်း၊ ထိုမျောက်စမ လက်ဝယ်ရောက်ရှိပြီးကတည်းက ကိုမြကျော်မှာ တမှိုင်မှိုင် တတွေတွေဖြစ်နေကြောင်း၊ ယမန်နေ့ကမူ တပို့တွဲလပြည့်နေ့မို့ အလုပ်တစ်ရက်နားရာ အလုပ်သမားတို့လည်း အပြင်ထွက်လည်ကြကြောင်း၊ မစန်းစန်းနွယ်လည်း ဘုန်းတော်ကြီးကျောင်းမှ ဇရပ်ဝယ် တရားနာ ဥပုသ်ယူရန် အိမ်မှထွက်ခဲ့ကြောင်း၊ တရားနာပြီး အိမ်ပြန်လာသည်တွင် အိမ်အတွင်းခန်းမှ ထုပ်တန်းတွင်ကြိုးတစ်ချောင်းတန်းလန်းကျလျက် ကိုမြကျော် ဆွဲကြိုးချသေနေသည်ကို တွေ့ရကြောင်း စသည်တို့ကို မစန်းစန်းနွယ်က အိုင်အိုချစ်သွေးတို့အား စီကာပတ်ကုံး ပြောပြလေသည်။

အိုင်အိုချစ်သွေးလည်း စာရေးဆရာအင်္ဂဝဏ္ဏနှင့်အတူ မြို့နယ်ဆေးရုံကြီး၏ ရေခဲတိုက်ထဲရှိ ကိုမြကျော်၏အလောင်းကို သွားရောက်စစ်ဆေးကြည့်ရှုလေ၏။

ကိုမြကျော်၏အလောင်းမှ လက်ကောက်ဝတ်နှစ်ဖက်တွင် ချုပ်ကိုင်ဖျစ်ညှစ်ခံထားရသည့် အညိုအမည်းဒဏ်ရာအနည်းငယ်ကို တွေ့ရလေသည်။


ကိုမြကျော်၏အလောင်းကို ရင်ခွဲစစ်ဆေးခဲ့သည့် မှူးခင်းဆရာဝန်ကြီးကမူ အလောင်း၌ သေစေလောက်သော ဒဏ်ရာ





တစ်စုံတစ်ရာမတွေ့ရ။ အစာအိမ်နှင့်အူလမ်းကြောင်းမှာလည်း အဆိပ်တစ်စုံတစ်ရာ မတွေ့ရ။ လည်ပင်းရိုးကျိုးကာ လည်ပင်း၌ ကြိုးရာကြီးရှိပြီး လျှာထွက်နေခြင်း၊ မျက်လုံးပြူးနေခြင်း၊ ဆီးများထွက်ကျထားခြင်းတို့ကြောင့် ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချ သတ်သေခြင်းသာ ဖြစ်နိုင်သည်ဟု မှတ်ချက်ပြုထားလေ၏။

ကိုမြကျော်၏စာရင်းစာအုပ်ထဲတွင် ညှပ်လျက်သားတွေ့ရသော မျောက်စမပုံမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



"အင်း ...ဒီမျောက်စမရဲ့အောက်ခြေမှာလည်း စာတန်းရေးထားတာပဲ"

"ဝိဇ္ဇာလက်ရေးနဲ့ရေးထားတဲ့ ဒီစာတန်းတွေကို အာစရိဘာသာပြန်ပေးမှပဲ ကျွန်တော်တို့ နားလည်တော့မယ်"

"အင်း ...ဒီမျောက်စမရဲ့ အောက်ခြေစာတန်းနှစ်ခုအနက် အပေါ်စာတန်းရဲ့အဓိပ္ပာယ်က "ကြယ်နက်တွေ မင်းကိုတွေ့သွားပြီ" လို့ ဆိုလိုပြီး အောက်စာတန်းကတော့ "ပြေးတော့" လို့ အဓိပ္ပာယ်ရတယ်ကွဲ့"

"ဒါဆိုရင်တော့ ကိုမြကျော်ဟာလည်း ကိုရောင်နီတို့မောက်ကြီးတို့လိုပဲ ကြယ်နက်တွေရဲ့လက်ချက် မိသွားတာပဲဖြစ်မယ်၊ ဒါထက် အစ်မကို တစ်ခုမေးရဦးမယ် ...ကြယ်နက်တွေနဲ့ပတ်သက်ပြီး အစ်မရဲ့ယောက်ျား ပြောဖူးဆိုဖူးတာ ရှိသလားဗျ"

အိုင်အိုချစ်သွေး၏ အမေးစကားအဆုံးတွင် မစန်းစန်းနွယ်က ခေါင်းကို ချက်ချင်းခါပြလေသည်။

"ဟင့်အင်း ...တစ်ခါမှ မပြောဖူးပါဘူးရှင်"

"ဒီမျောက်စမပုံနဲ့ ပတ်သက်လို့ရော ဘာပြောဖူးသလဲ၊ အစ်မကရော ဒါဟာ ဘာပုံလဲလို့ မမေးဘူးလား"





"အောင်မယ်လေး ...မမေးရဲပါဘူး ဆရာရယ်၊ ကိုမြကျော်က စိတ်သိပ်ကြီးတာ၊ လူအနေအေးသလောက် ဒေါသကြီးတယ်၊ အဲဒီတုန်းက စာပို့သမား စာလာပို့တော့ သူက စာအိတ်ကိုဖောက်ကြည့်ပြီး ခဏအကြာမှာပဲ တောက်ခတ်လိုက်တယ်၊ မျက်နှာကြီးကလည်း ပျက်သွားလိုက်တာ နဖူးကြောကြီး ထောင်ပြီး ချွေးသီးတွေတောင် ထွက်လာတယ်၊ အစ်မက သူ့ကိုအရမ်းကြောက်ရတော့ အကျိုးအကြောင်းမမေးရဲဘူး၊ သူကသူ့ရဲ့အလုပ်ကိစ္စတွေ ဘာတွေနဲ့ပတ်သက်ပြီး မေးရင် ဘယ်တုန်းကမှ ကြိုက်ခဲ့တာမဟုတ်ဘူး၊ ဒါကြောင့် သူ့မျက်နှာ အကြီးအကျယ်ပျက်, ဒေါသထွက်နေတာတွေ့ရပေမယ့် မမေးရဲပါဘူးဆရာရယ် ...၊

အဲဒီနောက်ပိုင်းရက်တွေမှာ သူဟာ ကျီးလန့်စာစားသလို ဖြစ်နေတယ်၊ ဓားမြှောင်တစ်ချောင်းကိုလည်း ခါးမှာထိုးပြီး အပေါ်က ဟာဝေယံရှပ်ဖုံးထားတယ်၊ ကျွန်မဖြင့် သူ့ကြည့်ပြီး ကြောက်လိုက်တာ၊ လူကိုလည်း စကားကောင်းကောင်းမပြောတော့ဘူး၊ အစားလည်း နည်းသွားသလို ည ညလည်းတော်တော်နဲ့ အိပ်ပုံမရဘူး ...တချွတ်ချွတ်နဲ့၊ နောက်တော့ကျွန်မလည်း စိတ်အနှောင့်အယှက်ဖြစ်တဲ့ဒဏ်ကို မခံနိုင်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့လပြည့်နေ့က သားလေးမောင်ရဲကျော်ကို ကျွန်မရဲ့အမေတွေအိမ် သွားပို့ပြီး ဥပုသ်သွားစောင့်ခဲ့တာပါ၊ ပြန်လာတော့ သူသေနေတာ တွေ့ရတော့တာပါပဲရှင် . . . ဟင့် ဟင့် ဟင့်"

မစန်းစန်းနွယ်က ပြောရင်း ငိုရှိုက်လာသဖြင့် အိုင်အို ချစ်သွေးက ခေတ္တစောင့်နေလိုက်ပြီးမှ . . .

"ဒါထက် အစ်မ . . . အစ်မရဲ့ယောကျ်ားက သူ့အတိတ်ကအကြောင်း ပြောဖူးတာရှိသလား။ အစ်မနဲ့ လက်မထပ်ခင် မန္တလေးကို သူရောက်မလာခင်ကအကြောင်းတွေ ပြောဖူးတာရှိသလား ခင်ဗျ"

ဟု မေးလိုက်လေသည်။

"တစ်ခါမှ မပြောဖူးပါဘူး ဆရာရယ်၊ သူ့ရဲ့အတိတ်အကြောင်းကို မမေးနဲ့တဲ့၊ မစပ်စုနဲ့တဲ့၊ ရေပိတ်စပါး ပြောထားလို့ မမေးရဲပါဘူး။ အဲ . . . တစ်ခုတော့ရှိတယ်"

"အင်း . . . ပြောပါဦးအစ်မ"

"အိပ်ခန်းထဲက ဗီရိုရဲ့အတွင်းအံဆွဲထဲမှာ သူသိမ်းထားတဲ့ ဓာတ်ပုံတစ်ပုံကိုတော့ မကြာမကြာ ထုတ်ကြည့်တတ်တယ် ဆရာရဲ့"

"ဩော် . . . ဘာဓာတ်ပုံပါလိမ့်"





"ယောကျ်ားလေးယောက်ရဲ့ပုံ ဆရာရဲ့၊ ကိုမြကျော်နဲ့ သူ့သူငယ်ချင်းသုံးယောက်လား, ညီအစ်ကိုတွေလားတော့ မသိပါဘူး။ ကျွန်မက အမှတ်မထင် လှမ်းတွေ့လိုက်ရတာပါ၊ ဘယ်သူတွေလဲလို့ မမေးရဲပါဘူး။ ဓာတ်ပုံက အတော်ဟောင်းနေပြီ"

"အဲဒီဓာတ်ပုံ အခု ရှိတယ်မဟုတ်လား အစ်မ"

"ဟုတ် ဟုတ်ကဲ့ . . . ရှိပါလိမ့်မယ်၊ သူ့အံဆွဲတော့ ဖွင့်မကြည့်မိသေးဘူးရှင့်"

"ကျွန်တော်တို့ အဲဒီဓာတ်ပုံကို ကြည့်ချင်တယ် အစ်မ"

"အဲဒါဆို နေဦးနော်၊ ကျွန်မ သွားယူပေးပါ့မယ်"

မစန်းစန်းနွယ်က ဆက်တီခုံမှထကာ အတွင်းခန်းထဲသို့ ဝင်သွားလေသည်။ အတော်ကြီးကြာမှ မျက်နှာလေးအိုအိုဖြင့် ပြန်ထွက်လာ၏။

"အံဆွဲကို သော့ခတ်ထားတယ်ရှင့်၊ သော့ကို ဘယ်မှာ ဝှက်ထားမှန်း မသိဘူး။ ရှာလို့လည်း မတွေ့ဘူး၊ ကိုမြကျော်ဟာ အင်မတန် လျှို့ဝှက်သူပါပဲရှင်"

"ကောင်းပြီလေ . . . ကိစ္စမရှိပါဘူး၊ ကျွန်တော်ဖွင့်ပါ့မယ်"

"ဟုတ် ဟုတ်ကဲ့ . . . ဆရာဖွင့်လို့ရရင် ဖွင့်ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုချစ်သွေးက မစန်းစန်းနွယ်နှင့်အတူ အိမ်အတွင်းခန်းသို့ လိုက်ပါသွားရာ ငါးမိနစ်ခန့်အတွင်းမှာပင် ညှော်ခန်းသို့ ပြန်ထွက်လာလေသည်။

ညှော်ခန်းအတွင်း ပြန်ထိုင်မိကြလေလျှင် အိုင်အိုချစ်သွေးသည် လက်ထဲမှဓာတ်ပုံကို သေချာစွာ စေ့စေ့စပ်စပ်ကြည့်လေ၏။

အဖြူအမည်းဓာတ်ပုံလေးမှာ အတော်ဟောင်းနွမ်းကာ အဝါရောင်ပင် သမ်းနေပြီဖြစ်သည်။

ဓာတ်ပုံထဲတွင် ဘေးချင်းယှဉ်ရပ်နေသော လူငယ်လေးဦးကို တွေ့ရ၏။

"ဒါ ကိုမြကျော်လေ၊ ဒီဓာတ်ပုံထဲမှာ ရပ်က အတော်နုနေတယ်ရှင့်၊ သူ လူပျိုဘဝက ရိုက်ထားတာပဲ"

"ဟုတ်ပြီ အာစရိရေ ... ဒီဝဲဘက်အစွန်ဆုံးကလူဟာ ရောင်နီဗျ"

"ဟုတ်တယ် ... လက်ယာဘက်အစွန်ဆုံးကလူက မောက်ကြီးပဲ"

"ကိုမြကျော်ရဲ့ဘေးကလူကတော့ ဘယ်သူလဲမသိဘူး၊ အာစရိ"





"ဘယ်သူရှိရမလဲ ... မျောက်စမတွေ ရေးပို့ပြီး သတိပေးနေခဲ့တာ သူပဲဖြစ်မှာပေါ့"

"ဟုတ်တယ် ... အာစရိပြောတာ ဖြစ်နိုင်တယ်"

"ဒီဓာတ်ပုံလေးဟာ ကိုမြကျော်သေဆုံးရမှုနဲ့ ပတ်သက်နေနိုင်တယ် အစ်မ၊ ဒါကြောင့် ကျွန်တော်တို့ ယူသွားချင်ပါတယ်"

"သြော် ... ဟုတ်ကဲ့၊ ယူပါ ယူသွားပါ ဆရာ"

ထို့နောက် အိုင်အိုချစ်သွေးတို့သည် မစန်းစန်းနွယ်အား နှုတ်ဆက်ပြီး အမှုကိစ္စ ထူးခြားမှုရှိလျှင် ပြန်လာမည်ဖြစ်ကြောင်း ပြောကာ ပန်းတဉ်းတန်းမှ ပြန်ထွက်လာခဲ့ကြပါတော့၏။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



## မရဏာလော သူဇာလော

အိုင်အိုချစ်သွေးနှင့် စာရေးဆရာ အဂ္ဂဝဏ္ဏတို့သည် အမှုအကြောင်းကို ခပ်တိုးတိုး ဆွေးနွေးပြောဆိုရင်း လမ်းလျှောက်လာကြရာ ရွှေတိဂုံဝင်းအနီးသို့ ရောက်လေလျှင် ကြီးမားလှသော ရွှက်ထည်ရုံကြီးကို ဝင်းအတွင်း၌ တွေ့လိုက်ရရာ သူတို့နှစ်ဦးစလုံး အံ့အားတသင့်ဖြစ်သွားကြရလေသည်။

"ဟ ... ဒါ ဘာကြီးပါလိမ့်"

သူတို့က ရောမ ရွှက်ထည်ရုံကြီး၏ရှေ့သို့ လျှောက်သွားပြီး လွှန်စွာလှပသည့် ဂိတ်ရှိုး (Gate Show) ကြီးကို မော့ကြည့်လိုက်ကြလေ၏။





"ဩော် ... ဘုရားဒကာဂရိတ်ဦးဘိုးစိန်၏ စိန်မဟာဇာတ်သဘင်ဆိုပါလား"

"ဟုတ်တယ် အာစရိရေ ... မြန်မာ့ဇာတ်သဘင်လောကလည်း ဂရိတ်ဦးဘိုးစိန်ရဲ့လက်ထက်ကျမှ ခနီမိုးထရုံကာဇာတ်ရုံအဆင့်ကနေ ခေတ်မီတိုးတက်တဲ့ ရွှက်ထည်ရုံအဆင့်ရောက်တော့တယ်ဗျို့"

"အိုင်ဆေး ... ကျုပ် ဒ်သူကြီးဂေဇက်သတင်းစာမှာဖတ်ရတယ်၊ ဦးဘိုးစိန်ကြီးဟာ မြန်မာ့ဇာတ်သဘင်ရဲ့ ရုံအပြင်အဆင်ကို မြှင့်တင်မယ်လို့ ရည်ရွယ်ပြီး အိန္ဒိယပြည် မဒရပ်မြို့မှာရှိတဲ့ ကန်ပိုကွန်တင်ကုမ္ပဏီကနေ ရွှက်ထည်ရုံကြီးတစ်ရုံကို ငွေကိုးထောင့်ရှစ်ရာနဲ့ ဝယ်ယူတင်သွင်းတော့မယ်လို့ ကျုပ် ဖတ်ရတယ်၊ ခု ... ဒီမန္တလေးမှာ အဲဒီရွှက်ထည်ရုံကြီးနဲ့ ပထမဦးဆုံးအကြိမ် ကပြတာပဲဖြစ်မယ်"

သူတို့နှစ်ဦးသည် နှစ်ထောင်းအားရ သဘောကျလှစွာဖြင့် ရုံရှေ့သို့တိုးကာ ဂိတ်ရှိုးကြီးမှ ဇာတ်မင်းသား၊ မင်းသမီးတို့၏ ပန်းချီပုံများကို ကြည့်ရှုငေးမောနေမိကြတော့၏။

"အလို ... ဒီမင်းသမီးကို တွေ့ဖူးသလိုလိုပါလား"

ဂိတ်ရှိုး၏ဝဲဘက်အစွန်တွင် ရေးဆွဲထားသော မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး၏ရုပ်ပုံကို ကြည့်မိသည်တွင် စာရေးဆရာအဂ္ဂဝဏ္ဏမှာ မျက်ခုံးများပင့်မိတော့၏။ အိုင်အိုချစ်သွေးကလည်း ခေါင်းငဲ့ကာ ကြည့်လာပြီး သူပါ မျက်ခုံးပင့်မိတော့သည်။

"ဟာ ... ဟုတ်တယ် အာစရိ၊ ကျွန်တော်လည်း တွေ့ဖူးတယ်၊ တွေ့ဖူးတာမှ ရင်းရင်းနှီးနှီးကိုတွေ့ဖူးတာ၊ ဟာ ... ဟုတ်ပြီ ... ခုမှသတိရတယ်"

အိုင်အိုချစ်သွေးက ပြောပြောဆိုဆိုဖြင့် သူ ကွင်းသိုင်းလွယ်ထားသည့် သားရေအိတ်ကိုဖွင့်ကာ မှတ်စုစာအုပ်ကို ဆွဲထုတ်လိုက်ပြီး ယင်းစာအုပ်ထဲ၌ ညှပ်ထားသော ဝါကြင့်ကြင့်ဓာတ်ပုံဟောင်းလေးကို ဆွဲထုတ်ယူလိုက်လေသည်။

"အဲဒီမင်းသမီးက ဒီဓာတ်ပုံထဲက ကောင်မလေးနဲ့ မတူဘူးလား အာစရိ"

အိုင်အိုချစ်သွေးပြသောဓာတ်ပုံမှာ မောက်ကြီး၏အိမ်မှ သိမ်းယူလာသော ဓာတ်ပုံလေးပင်ဖြစ်၏။

ဓာတ်ပုံထဲမှကောင်မလေးမှာ ဦးဘိုးစိန်၏ ဂိတ်ရှိုးမှ မင်းသမီးကဲ့သို့ များစွာနုပျိုလှပနေပြီး ရုပ်ချင်းကလည်း အတော်တူလျက် ရှိလေသည်။

သို့သော် ဂိတ်ရှိုးမှ ဇာတ်မင်းသမီးလေးမှာ ထိုင်မသိမ်း





အင်္ကျီ ဗလာထဘီ ရွှေချည်ငွေချည်ထိုးတို့ဖြင့် ရွှေမင်းသမီးအသွင် ယဉ်ယဉ်စွဲ့စွဲ့ရှိနေပြီး ဓာတ်ပုံထဲမှကောင်မလေးမှာမူ ယောက်ျား ပျိုတစ်ဦးကဲ့သို့ အရောင်ဖျော့ဖျော့ ရှပ်အင်္ကျီပြောင်ကို လက်ခေါက်လျက် တံတောင်ဆစ်အထိပင့်တင်ထားကာ အရောင်ရင့်ရင့် ဘောင်းဘီရှည်ကို သားရေလည်ရှည် တောစီးဖိနပ်နှင့် တွဲဖက် ဝတ်ထားပြီး ခါးထောက်ရပ်နေဟန်က မာမာကျောကျောရှိလှသည်။ ပို၍မာကျောသည့်အသွင် ဆောင်နေသည်က သူမ၏ခါးတွင် ကျည်ဆန်ခါးပတ်ကြီး ပတ်ထားခြင်းပင်။

ဓာတ်ပုံထဲမှ မိန်းကလေးနှင့် ခမ်းနားကြီးကျယ်လှသော ဇာတ်ရုံအသစ်ကြီး၏ ဂိတ်ရှိုးမှ မင်းသမီးလေးတို့မှာ မည်သို့မျှ ဆက်စပ်၍မရအောင် အသွင်အပြင် အနေအထား ကွာခြားလှသော်လည်း ရုပ်ချင်းကမူ အတော်ကြီးကိုတူနေရာ အိုင်အိုချစ်သွေးမှာ စိတ်မဝင်စားဘဲ မနေနိုင်တော့ချေ။

"အာစရိ ... ဒီဓာတ်ပုံဟာ မောက်ကြီးသေဆုံးရမှုမှာ အင်မတန် အရေးပါလိမ့်မယ်လို့ ကျွန်တော်ယူဆတယ်၊ အခု ဒီဓာတ်ပုံထဲက မိန်းကလေးနဲ့ ဒီဇာတ်သဘင်က မင်းသမီးနဲ့ ရုပ်ချင်းအတော်တူနေတယ်ဗျ၊ ဒီဇာတ်ကြီးက ပန်းချီဆရာက လည်း အတော်လက်ရာမြောက်ပြီး တော်တဲ့ပန်းချီဆရာ၊ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါလား … ဦးဘိုးစိန်ရဲ့ပုံကို ဆွဲထားတာ တစ်ထေရာတည်းတူပြီး ဆွဲဆောင်မှုအတော်ရှိတာကလား၊ ဒီတော့ အဲဒီမင်းသမီးကိုလည်း သူ့နဂိုရုပ်ရည်အတိုင်း ထပ်တူဆွဲထားတယ်ဆိုတာ သေချာတယ်ဗျ၊ ဒါကြောင့် … အဲဒီမင်းသမီးကို ကျွန်တော်တွေ့ချင်တယ် အာစရိရာ''

''တွေ့ချင်ရင် လာ … ဇာတ်ရုံနောက်ပေါက်ကဝင်ပြီး စုံစမ်းကြည့်ရတာပေါ့၊ ဒီ ဦးဘိုးစိန်ကြီးရဲ့ဇာတ်က ဇာတ်စာရေးဆရာ ဆရာဆယ်ဟာ ကျုပ်ရဲ့ဆရာသမားတစ်ဦးပဲ၊ ဦးဘိုးစိန်ကြီးဇာတ်ကရာကို ဆရာဆယ် လိုက်ပါလေ့ရှိတယ်လို့ သိရတယ်၊ ဆရာဆယ်နဲ့ သွားတွေ့ပြီးမေးကြည့်ကြမယ်''

''ကောင်းပါလေ့ အာစရိရယ်''

သို့ဖြင့် သူတို့နှစ်ဦးသည် ဇာတ်ရုံကြီး၏နောက်ဘက် ဇာတ်သူဇာတ်သားတို့နှင့် အထူးညွှန်သည်တို့သာ ဝင်ထွက်ခွင့်ရသော သီးသန့်ဝင်ပေါက်သို့ သွားကြကာ အစောင့်တာဝန်ကျသော လူငယ်လေးအား …

''ဒီမှာ သူငယ် … ကျုပ်က စာရေးဆရာတစ်ဦးပါ၊ ရန်ကုန်က လာကြတာ၊ ဒီဇာတ်က ဇာတ်စာရေးဆရာကြီး ဆရာဆယ်ကို တွေ့ချင်လို့ လာခဲ့ကြတာကွဲ့''





ဟု စာရေးဆရာ အဂ္ဂဝဏ္ဏက ပြောလိုက်ရာ ရုံစောင့်သူငယ်လည်း ဆရာတို့ ခဏလေးစောင့်ပါဦးနော်ဟု မေတ္တာရပ်ခံကာ လိုက်ကာပြာပြာကြီးကို လှပ်ကာ ရုံထဲ ဝင်ရောက်သွားတော့၏။

ခဏအကြာတွင် ဥပမိရုပ်ခံ့ခံ့နှင့် ပင်နီတိုက်ပုံ၊ ချည်လုံချည်ကွက်ကျဲတို့ကို ဝတ်ထားပြီး တဘက်တစ်ထည် ပခုံးထက်တင်ထားသည့်လူကြီးတစ်ဦး ရုံစောင့်လူငယ်လေးနှင့်အတူ ထွက်လာလေသည်။

''မင်္ဂလာပါ ဆရာ''

''ဟာ … အေး … ကိုအဂ္ဂပါလား၊ ရန်ကုန်ကလာတဲ့ စာရေးဆရာတွေဆိုလို့ ဘယ်သူတွေများလဲလို့၊ ဂမ္ဘီရကြီးနဲ့မှ တိုးနေသကိုး … ဟဲ ဟဲ ဟဲ''

ပျော်ပျော်နေတတ်သော ဆရာဆယ်ကို အိုင်အိုချစ်သွေးနှင့် မိတ်ဆက်ပေးလိုက်၏။

''ဆရာ … ဒါ ကျွန်တော့်ရဲ့မိတ်ဆွေ ရန်ကုန်စီအိုင်ဒီက အိုင်အိုချစ်သွေးပါ ဆရာ …၊

မောင်ချစ်သွေး … ဒါ ကျုပ်ရဲ့ဆရာသမား ဆရာဆယ်ပဲကွဲ့''



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ … အခုလို တွေ့သိခွင့်ရလို့ ဝမ်းသာပါတယ် ဆရာ”

“အင်း … ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျုပ်ကလည်း ဝမ်းသာပါတယ်”

စီအိုင်ဒီမှ စုံထောက်အရာရှိဆိုသဖြင့် ဆရာဆယ်မှာ နည်းနည်းအန်းသွားဟန်ရှိ၏။

“ဆရာ … အချိန်ရရင် လက်ဖက်ရည်လိုက်သောက်ပါလား၊ ဒီက မောင်ချစ်သွေးအနေနဲ့လည်း ဆရာ့ဆီမှာ အကူအညီတောင်းစရာ ရှိနေတယ်ခင်ဗျ”

စုံထောက်အရာရှိက အကူအညီတောင်းလိုသည်ဆိုသဖြင့် ဆရာဆယ်မှာ အံ့အားသင့်ကာ မျက်ခုံးထူထူကြီးများကို ပင့် ပင့်လိုက်မိလေ၏။ သို့သော် ဘာမျှ စောဒကတက် ငြင်းဆန်ခြင်းမပြုဘဲ လိုက်တာပေါ့ဟုဆိုကာ ရွှေတိုက်ရုံဝင်းအဝနားရှိ ပွဲဈေးခင်း လက်ဖက်ရည်ဆိုင်သို့ လိုက်လာသည်။

လက်ဖက်ရည်မှာပြီး အသီးသီး တစ်ငုံစီသောက်ပြီးသည့်နောက် အိုင်အိုချစ်သွေးက စကားစလေ၏။

“ဒီလိုပါ ဆရာ … ဆရာတို့ဇာတ်က ပောာပကိုဂိတ်ရှိုးကြီးမှာ ပန်းချီပုံရေးဆွဲထားတဲ့ ဝဲဘက်ဆုံးက မင်းသမီးလေးရဲ့





နာမည် သိချင်လို့ပါ ခင်ဗျာ”

ဆရာဆယ်က ဂိတ်ရှိုးကြီးဆီ လည်ပြန်လှည့်ကြည့်လိုက်ပြီးနောက် ပြုံးကာဖြေသည်။

“သြော် … သူ့နာမည်က စံရတီပါ”

“သူနဲ့ ခဏလောက်တွေ့ချင်ပါတယ် ဆရာ၊ အမှုကိစ္စတစ်ခုအတွက် အကူအညီတောင်းချင်လို့ပါ”

“အာ … အဲ … သူက အခု ကျုပ်တို့ဇာတ်မှာ မရှိတော့ဘူးဗျ”

“ဟင် … ဒီဂိတ်ရှိုးမှာကျ သူ့ပုံဆွဲထားပါလား”

“အင်း … အဲဒီပန်းချီပုံက ဆွဲထားတာ တစ်နှစ်လောက်ရှိပြီလေ၊ စံရတီ ကျုပ်တို့ဇာတ်ကနေ ထွက်သွားတာ ခြောက်လမကတော့ဘူး၊ မိုးတွင်း ဇာတ်နားကတည်းကပဲ၊ သူက အခု စံရတီအငြိမ့်ဆိုပြီး ကိုယ်ပိုင်အငြိမ့်ထောင်ထားတယ်၊ ပွဲချီတွေလည်း အတော်ရတယ်လို့ ကြားရတယ်၊ အဲ … အခုရက်ပိုင်းတောင် ကသာဘက်က ရွှေဂူကြီးဘုရားပွဲတော်မှာ ပွဲဝင်မယ်လို့ သတင်းကြားတယ် ခင်ဗျ”

“ဟင် … ကသာက ရွှေဂူကြီးဘုရားပွဲတော်မှာ … ဟုတ်လားဆရာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အင်း . . . သူနဲ့တွေ့ချင်ရင်တော့ ကသာသာ လိုက်သွားပေတော့ကွယ်"

"ဩော် . . . ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဒါထက်ဆရာ စံရတီရဲ့ အကြောင်း ဆရာသိသလောက် ပြောပြပါလား"

ဆရာဆယ်က ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်လိုက်ပြီးနောက် ခပ်ဖြည်းဖြည်း ပြောပြလေသည်။

"အင်း . . . စံရတီဟာ ရုပ်ရည်ရူပကာယအနေနဲ့ အပြစ်ပြောစရာမရှိအောင် လှပပြီး နုပျိုသွက်လက်တဲ့ မိန်းကလေးပါပဲကွယ်၊ အကကောင်း၊ အဆိုကောင်းလေးလည်း ဖြစ်လေတော့ ဘုရားဒကာကြီး (ဦးဘိုးစိန်ကိုဆိုလိုသည်) ကတော့ အလားအလာကောင်းတဲ့ မင်းသမီးမို့ ကျုပ်တို့ဇာတ်ကနေ မထွက်စေချင်ဘူးပေါ့ . . .၊

ကောင်မလေးက ဒီဇာတ်ကို စဝင်လာတုန်းက ယိမ်းသမအဖြစ် ဝင်လာတာကွဲ့၊ ကျုပ်တို့ရဲ့ဇာတ်မှာ သဘင်ပညာကို သုံးနှစ်သုံးမိုး ဆည်းပူးပြီးတဲ့အခါမှာတော့ အငြိမ့်တစ်ခုမှာ ခေါင်းဆောင်မင်းသမီးလုပ်နိုင်လောက်အောင် သဘင်ပညာကို တတ်ကျွမ်းသွားတာပေါ့ကွယ် . . .၊

ကောင်မလေးမှာ မိဘမရှိတော့ဘူးလို့ သိရတယ်ကွဲ့၊





တစ်ခါတလေမှ သူ့ရဲ့အစ်မဆိုတာ လာလည်ဖူးတယ်၊ ဇာတိကတော့ အထက်ဘက်ကလိုလို ကြားဖူးတာပဲ၊ ကောင်မလေးက ဇာတ်သမလေးဖြစ်ပေမယ့် ကလက်တက်တက်မနေဘူး၊ အတော်ကြီးကို အနေတည်တယ်၊ အေးတယ်၊ စကားနည်းတယ်၊ သူလုပ်ရမယ့်အလုပ်ကိုတော့ တာဝန်ကျေအောင် ကြိုးစားလုပ်တယ်၊ ဒါကြောင့်လည်း စည်းကမ်းစနစ်ကြီးတဲ့ ဘုရားဒကာကြီးက သဘောကျတာ၊ သူ့ကို သမီးလေးလို ချစ်တာ"

ဤတွင် အိုင်အိုချစ်သွေးက မောက်ကြီးတို့လူစု၏ ဓာတ်ပုံကို ထုတ်ပြလိုက်ပြီး . . .

"ဒီဓာတ်ပုံထဲကလူတွေ စံရတီဆီ လာလည်ဖူးသလား ခင်ဗျ"

ဟုမေးလိုက်ရာ ဆရာဆယ်က ဓာတ်ပုံကို သေချာစွာ ကြည့်ပြီးနောက် . . .

"စံရတီဆီ ဒီလူတွေ လာတာမတွေ့ဖူးဘူး၊ စံရတီက ယောကျ်ားလေးတွေနဲ့ ရောရောယှက်ယှက်မနေဘူး"

"ဩော် . . . ဟုတ်လား၊ ဒါထက် စံရတီမှာ ချစ်သူရည်းစားရော ရှိသလား ခင်ဗျ"

"ကျုပ်တို့သိသလောက်တော့ မရှိဘူး၊ သူက အနေ



www.burmeseclassic.com

www.burmeseclassic.com



အတော်တည်တာကလား"

"ဟုတ်ကဲ့ ဟုတ်ကဲ့ . . . ကျေးဇူးပါပဲ ဆရာရယ်"

ထို့နောက် သူတို့နှစ်ယောက်သည် ဆရာဆယ်အား နှုတ်ဆက်ကာ တည်းခိုရာဟိုတယ်ဆီ ပြန်ခဲ့ကြပါတော့သတည်း။

✪

မင်းသမီး စံရတီအား လေ့လာရန် အရေးကြီးနေပြီ ဖြစ်သဖြင့် အိုင်အိုချစ်သွေးတို့မှာ ဂျစ်ကားတစ်စင်းငှားကာ ကသာသို့ ထိုနေ့ညနေမှာပင် အရောက်ပြန်ခဲ့ကြလေသည်။

ကသာသို့ သူတို့ပြန်ရောက်တော့ ညမှောင်ရီပင် သမ်းနေချေပြီ။

သူတို့ ဘိုတဲ၌ ခေတ္တနားကာ ထမင်းဆိုင်တွင် ထမင်းစားကြပြီး ရွှေဂူကြီးဘုရားပွဲခင်းဘက် ထွက်လာတော့ ညကိုးနာရီကျော်ပြီ ဖြစ်၏။

သူတို့သည် လူသူရှုပ်ထွေးလှသည့် ပွဲခင်းကိုဖြတ်ကာ အငြိမ့်စင်ရှိရာသို့ ဦးတည်လာခဲ့ကြလေသည်။





လူသူကြားမှ တိုးကာ လှမ်းလျှောက်လာကြရင်း အိုင်အိုချစ်သွေးက အဂ္ဂဝဏ္ဏအား ခပ်တိုးတိုးပြောလေ၏။

"အာစရိ . . . ကျွန်တော်ဟာ စီအိုင်ဒီစုံထောက်မှန်း မသိအောင် ပွဲစားအဖြစ်ဟန်ဆောင်ပြီး စံရတီကို ချဉ်းကပ်ချင်တယ်ဗျာ"

"ဘာပွဲစားလဲ . . . ကျောက်ပွဲစားလား, စိန်ပွဲစားလား"

"မဟုတ်ဘူး . . . အနုပညာပွဲစား"

"ဘယ် . . . ဘယ်လို . . . အနုပညာပွဲစား ဟုတ်လား၊ အဲဒါ ဘာကိုပြောတာလဲ၊ ရှင်းအောင်ပြောပါဦး အိုင်ဆေးရဲ့"

"အာစရိကလည်း စာရေးဆရာလုပ်နေပြီး ဒါတောင် မသိဘူးလားဗျ၊ အနုပညာရှင်တွေအတွက် အကျိုးဆောင်ပေးတာလေဗျာ၊ ဥပမာအားဖြင့် စံရတီကို အငြိမ့်မင်းသမီး, ဇာတ်မင်းသမီးအဖြစ်ကနေ လန်ဒန်အတ်တို့လို့, ညွန့်မြန်မာတို့လို ရုပ်ရှင်ကုမ္ပဏီကြီးတွေနဲ့ ဆက်သွယ်ပေးပြီး ဘိုင်စကုတ်မင်းသမီးဖြစ်အောင် ဆောင်ရွက်ပေးတဲ့အလုပ်မျိုးပေါ့ အာစရိရဲ့"

"ဪ . . . ဟုတ်ပြီ ဟုတ်ပြီ၊ အဲဒီလို အနုပညာပွဲစားမျိုးဆိုမှ စံရတီကို ချဉ်းကပ်ရတာ ပိုလွယ်ပြီး ပိုသဘာဝကျမှာ၊ ဟုတ်ပြီ . . . အဲဒါ နေရာကျတယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူတို့နှစ်ဦးသည် အငြိမ့်ပွဲခင်းဆီ ရောက်ရှိသွားသည်တွင် အငြိမ့်စင်ရှေ့၌ များပြားလှသော ပွဲကြည့်ပရိသတ်ဘို့ကို တွေ့ရလေသည်။

♬ စံပယ်ခက်ကယ်က xxx သင်းပျံ့တော့တယ် xxx ကိုကို့ စံပယ်ခက်ကယ်က xxx မောင်မောင့်စံပယ်ခက်ကယ်က xxx သင်းပျံ့တော့တယ် xxx ခါတယ်လေ xxx ခါဘယ်ဝယ်မှ xxx နှစ်ခိုင်ပန်းကိုလေး xxx လှမ်း xxx ဆွတ်ပံ့မယ် ♬

ရှေ့ထွက်မင်းသမီးတစ်လက်က သံပတ္တလား၊ ကြေးဝါပလွေ၊ ပတ်ဝိုင်း၊ လင်းကွင်း၊ ဗာဂျာ စသည့် တူရိယာသံ စုံစုံညီညီဖြင့် တေးချင်းဆိုကာ ကပြလျက်ရှိချေပြီ။

အငြိမ့်စင်ဘေး ဘယ်ညာတွင် ကာလသားတရုန်းရုန်းဖြင့် စံရတီဗလာအငြိမ့်ကား ဝက်ဝက်ကွဲစည်ကားလျက်ရှိတော့၏။

"မင်းသမီးလေးက အသံ တယ်ကောင်းကွာ"

"မျက်စပစ်လည်း ကောင်းသကွာ၊ ဒါကြောင့် ... စံရတီအငြိမ့်ဟာ မန္တလေးမှာ နောက်မှပေါ်ပြီး နာမည်ကြီးနေတာကွ"

"အောင်မယ် ကိုပြာကြီးရယ် ... စံရတီအငြိမ့် တစ်ဟုန်ထိုး နာမည်ကြီးလာတာက ခေါင်းဆောင်မင်းသမီး စံရတီကြောင့်





ပါဗျ၊ ဒီရှေ့ထွက်မင်းသမီးနှစ်လက်က ဘာဟုတ်သေးသလဲ၊ စံရတီ ရည်စားမျှော်သီချင်း ဆိုပြီးထွက်လာရင် ကြည့် ... ကာလသားတွေ ငယ်သံပါအောင်အော်ပြီး အားပေးလိမ့်မယ်"

"ဟ ဘကောင်းရ ... တယ်ဆိုတဲ့ စာပါလား၊ စံရတီက ဒီမင်းသမီးလေးထက် လှသလားကွ"

"လှချက်ကတော့ဗျာ မီးရောင်အောက်မှာတင် မဟုတ်ဘူးဗျ၊ နေ့ဘက်မှာပါ လှမှလှပဲ၊ ကျုပ် မန္တလေးအလည်သွားတုန်းက မဟာမုနိဘုရားပွဲဈော်ကြီးမှာ စံရတီအငြိမ့်ကို ကြည့်ခဲ့ရတာဗျ၊ ညဝက်ပွဲမဟုတ်ဘူး ... အလင်းကတာဗျ၊ ဓာတ်ကြီးတွေနဲ့အပြိုင် မိုးစင်စင်လင်းမှ ပွဲသိမ်းတော့ ကျုပ်က ရုံနောက်ပေါက်နားက သွားစောင့်တာဗျ၊ စံရတီလေး ရုံနောက်ပေါက်က ထွက်လာတော့ အရုဏ်မှာ နေမင်းကြီးနှစ်စင်း ထွက်လာသလိုပဲဗျာ ... ဝင်းပ့ါ လှပ့ါ"

"ကဲ ... တော်ပါတော့ကွာ၊ မင်း ... အမွှန်းကောင်းတာနဲ့ ဟိုမှာ လူပြက်တွေရဲ့ပြက်လုံးကို မကြားရတော့ဘူး"

ကာလသားငယ်၊ ကာလသားလတ်၊ ကာလသားကြီးတို့ ချိုးကျူးဝေဖန်မဆုံး တရုန်းရုန်းဖြစ်နေသည့် ဓာတ်စင်၏ဝဲဘက်ထောင့်ဝယ် အိုင်အိုချစ်သွေးတို့ နေရာယူလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ထွက်မင်းသမီးနှစ်လက်၏ အခန်းကဏ္ဍပြီးတော့ ခေါင်းဆောင်မင်းသမီးလေး စံရတီထွက်လာ၏။

အောက်လင်းဓာတ်မီးတို့၏ အလင်းအောက်ဝယ် နတ်မိမယ်လေးတစ်ပါး နတ်သက်ကြွေလာသလား ထင်ရသည်။

စံရတီထွက်လာသည်နှင့် ကာလသားတို့မှာ လက်ခုပ်လက်ဝါးတီးသူတီး၊ လက်ခေါက် အဆက်မပြတ် မှုတ်သူမှုတ် ဖြစ်လာကြ၏။

ဦးစွာ လူပြက်တို့ ပြက်လုံးထုတ်နေစဉ် စံရတီက အငြိမ့်စင်ပေါ်၌ တီးဝိုင်းကို မျက်နှာပြုကာ ပရိသတ်ကို ကျောခိုင်းထိုင်နေလေ၏။ လူပြက်တို့ကခေါ်မှ စံရတီထလာပြီး တေးချင်းဆိုလျက် ကကြိုးတစ်ပိုဒ်ဝင်သည်နှင့် ကာလသားအုပ်မှာ ပတ်တုပ်မရအောင် ဆူညံစွာ အော်ဟစ်အားပေးကြတော့သည်။

"အတော်လှတဲ့ မင်းသမီးလေးပဲ"

စာရေးဆရာ အဂ္ဂဝဏ္ဏက ဆေးတံကြီးခဲလျက်မှ ခပ်တိုးတိုးမှတ်ချက်ချသည်ကို ဂရုမပြုနိုင်ဘဲ အိုင်အိုချစ်သွေးမှာ စံရတီကို ငေးမောကြည့်ရင်း လောကကြီးကို မေ့နေတော့၏။

အငြိမ့်လောကတွင် ရည်းစားသီချင်းများ ခေတ်ထချိန်မို့ စံရတီက ...





♫ ကျွန်မရည်းစား ××× လိုက်လာသရှင် ××× ပွဲကတိုင်းပဲ ××× လိုက် လိုက်လာသရှင် ♫

ဟုဆိုလျှင် လူပြက်တို့က ...

"ဘယ်မှာလဲဟေ့ ဘယ်မှာလဲ"

ဟု သံပြိုင်မေးကြလေသည်။

ထိုအခါ စံရတီက အငြိမ့်စင်၏ ဝဲဘက်ရှိ ကာလသားအုပ်ဆီ လက်ညှိုးလေးညွှန်လိုက်၊ အငြိမ့်စင်၏ ညာဘက်ရှိ ကာလသားအုပ်ဆီ လက်ညှိုးလေးညွှန်လိုက်ဖြင့် မျက်စလေးပစ်ကာ ...

♫ ဟိုထောင့်မှာတဲ့ ××× ဒီထောင့်မှာရှင့် ××× ဟောခေါ်သံလိုလို ကြားရပြန်သကို ××× ပလီဟန် မကြွားပါနဲ့ အစ်ကို ××× အတည်ကြီးမှာလားလို့ ××× မေးရင်း ××× ရွှေရင်ဖို ♫

ဟု ဆိုလိုက်သည်နှင့် ဝဲယာမှ ကာလသားတို့က ...

"အတည်ကြီးမှာဟေ့ အတည်ကြီးမှာ"

ဟု တစ်ခဲနက် အော်ဟစ်ကာ လက်တို့ကို မြှောက်ကာ ဝှေ့ယမ်းသူကယမ်း၊ လက်ခုပ်တီးသူကတီး၊ လက်ခေါက်မှုတ်သူက မှုတ်နှင့် တရုန်းရုန်း တဝုန်းဝုန်း ဖြစ်နေကြတော့၏။

အငြိမ့်မင်းသမီး စံရတီကို အတန်ကြာ လေ့လာကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



ပြီးလေလျှင် အိုင်အိုချစ်သွေးတို့သည် ပွဲခင်းထဲမှ ထွက်လာကြကာ ဘူးသီးကြော်ဆိုင်တစ်ဆိုင်တွင် ထိုင်လျက် ဘူးသီးကြော်ကို ဆလတ်ရွက်၊ အချဉ်ရည်တို့ဖြင့် တို့စားရင်း ဆွေးနွေးမိကြတော့သည်။

"အာစရိ ... စံရတီဟာ ဓာတ်ပုံထဲကကောင်မလေးနဲ့ အတော်ကိုတူတယ်နော်၊ ကျွန်တော်တော့ တစ်ယောက်တည်းလို့ပဲ ထင်တယ်၊ ဖြစ်နိုင်ပါ့မလား"

"အိုင်ဆေး ... ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ဓာတ်ပုံထဲက ကောင်မလေးက နည်းနည်းပိုပြီး တုတ်ခိုင်တာကလွဲရင် မျက်နှာကျရော မျက်လုံး မျက်ခုံး၊ နေပုံရော ချွတ်စွပ်ပဲဟာ"

"အေးဗျာ ... ဘာပဲဖြစ်ဖြစ် စံရတီကို တွေ့အောင်ကြိုးစားပြီး ဓာတ်ပုံထဲကကောင်မလေးဟာ သူဖြစ်နေခဲ့ရင် မောက်ကြီးနဲ့ ဘယ်လိုပတ်သက်သလဲ, သူ့ရဲ့ရင်ဘတ်က ကြယ်နက်လေးကရော ဘယ်လိုသဘောလဲဆိုတာကို အစ်အောက်လှည့်ပတ် မေးရမှာပဲဗျ"

"အေး ... အဲဒါဆိုရင် မနက်ဖြန်နေ့လယ်လောက်မှ စံရတီ ဘယ်မှာတည်းလဲဆိုတာစုံစမ်းပြီး တွေ့ရအောင်ကြံရမှာပဲ"

✪





ဌာနအုပ်ကြီးဦးအုန်းလှ၏ စုံစမ်းပေးမှုကြောင့် စံရတီမှာ ဘုရားဂေါပကအဖွဲ့ဝင် ရာဇဝတ်တရားသူကြီးဟောင်း ဦးဆီဘူး၏အိမ်တွင် တည်းခိုနေကြောင်း သိရလေရာ နောက်နေ့ နေ့လယ် ၂ နာရီခန့်တွင် အိုင်အိုချစ်သွေးနှင့် စာရေးဆရာ အဂ္ဂဝဏ္ဏတို့သည် ဦးဆီဘူး၏အိမ်သို့ မြင်းလှည်းဖြင့် သွားရောက်ကြလေ၏။

"ဒီအိမ်မှာ အငြိမ့်မင်းသမီး စံရတီ တည်းခိုနေတယ် မဟုတ်လားကွဲ့"

ခြံစောင့်ကောင်လေးကို မေးလိုက်လေလျှင် ကောင်လေးက အိုင်အိုချစ်သွေးတို့အား အကဲခတ်သလိုကြည့်လိုက်ပြီး ...

"ဟုတ်ပါတယ်ခင်ဗျ၊ ဘာကိစ္စရှိလို့ပါလဲ"

ဟု ပြန်မေးလေ၏။

"မင်းသမီး စံရတီနဲ့ တွေ့ချင်လို့ပါကွယ်၊ ကျုပ်တို့က လန်ဒန်အတ်ရုပ်ရှင်ကုမ္ပဏီနဲ့ ညွန့်မြန်မာရုပ်ရှင်ကုမ္ပဏီတို့ရဲ့ ကိုယ်စားလှယ်တွေပါ"

"ဗျာ"



www.burmeseclassic.com

နာမည်ကျော် ရုပ်ရှင်ကုမ္ပဏီကြီးများမှ ကိုယ်စားလှယ်ကြီးများဆိုသဖြင့် အစောင့်ကောင်လေးမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားပြီး ...

"ဟုတ် ... ဟုတ်ကဲ့၊ ဝင်ပါခင်ဗျာ၊ ကြွကြွပါ"

ဟု ပျာပျာသလဲ ဖိတ်ခေါ်ကာ ခြံတံခါးကို ဖွင့်ပေးလိုက်လေသည်။

ကျယ်ဝန်းသောခြံကြီးထဲရှိ နှစ်ထပ်အုတ်ခံပျဉ်ထောင်အိမ်ကြီး၏ ဧည့်ခန်း၌ အိုင်အိုချစ်သွေးတို့ကို ထိုင်စေပြီးမှ ကောင်ကလေးမှာ အိမ်ပေါ်ထပ်သို့ ကျွန်းလှေကားကြီးအတိုင်း တက်သွားလေ၏။

ခဏအကြာမှာပင် ကောင်ကလေးသည် ကျွန်းလှေကားကြီးမှ ခပ်သွက်သွက် ပြန်ဆင်းလာပြီး ...

"မမလေးစံရတီ လာပါတော့မယ်ခင်ဗျာ၊ ခဏတော့ စောင့်ပါဦး ခင်ဗျာ"

ဟု အိုင်အိုချစ်သွေးတို့ကို ရိုကျိုးစွာပြောကာ အိမ်ထဲမှ ထွက်သွားတော့၏။

မကြာမီမှာပင် ကျွန်းလှေကားကြီးအတိုင်း စံရတီနှင့် ခပ်ဝဝ အမျိုးသမီးတစ်ဦးတို့ ဆင်းလာကြပြီး စံရတီက ခပ်ပြုံးပြုံး





အမူအရာဖြင့် အိုင်အိုချစ်သွေးတို့နှင့် မျက်နှာချင်းဆိုင်ရှိ ကျွန်းဆက်တီခုံကြီးတွင် သိမ်မွေ့စွာ ဝင်ထိုင်လိုက်လေသည်။

အပြာနုရောင် မှန်နိုင်လွန်လက်စကအင်္ကျီပါးပါးလေးနှင့် မာစရိုက် ချည်ချောထဘီအပြာရင့်ရင့်တို့ကို တွဲဖက်ဝတ်ထားကာ တစ်ပတ်လျှိုဆံထုံးလေးကို ထုံးထားသည့်စံရတီမှာ ရိုးရိုးယဉ်ယဉ်လေးနှင့် ညဘက်မီးရောင်အောက်မှ အငြိမ့်မင်းသမီးအလှထက် ပိုမိုလှပလျက် ရှိတော့၏။

"ဘယ်လိုအကြောင်းများကြောင့် ရတီနဲ့တွေ့လိုတာပါလဲရှင်"

စံရတီက ခပ်ပြုံးပြုံးအမူအရာဖြင့် နူးညံ့ချိုသာစွာ မေးလိုက်ရာ အိုင်အိုချစ်သွေးက ပြုံးလိုက်ပြီး ...

"ကျွန်တော့်နာမည်က ချစ်သွေးပါခင်ဗျာ၊ ဒီကနောင်ကြီးကတော့ ကိုအဂ္ဂလို့ ခေါ်ပါတယ်၊ ကျွန်တော်တို့က ရန်ကုန်က ရုပ်ရှင်ကုမ္ပဏီကြီးတွေရဲ့ ကိုယ်စားလှယ်တွေအဖြစ် လာရောက်ကြတာပါ"

ဟု မိမိတို့ကိုယ်ကိုယ် မိတ်ဆက်ပေးလိုက်ကြလေ၏။

"ဟုတ်ကဲ့ ... အစ်ကိုတို့နဲ့ ခုလိုတွေ့သိခွင့်ရလို့ ဝမ်းသာပါတယ်ရှင်၊ ရတီ့ကို တွေ့လိုတဲ့အကြောင်းရင်းကိုလည်း သိပါ

www.burmeseclassic.com



ရစေရှင်''

စံရတီက တည်ငြိမ်စွာပြုံးရင်း ထပ်မေးလေသည်။

''ဒီလိုပါ ရတီ ... ရတီက မန္တလေးအငြိမ့်လောကမှာ နာမည်တစ်ဟုန်ထိုးကြီးလာတယ် မဟုတ်လား၊ ဒါကြောင့် လန်ဒန်အတ်ကုမ္ပဏီနဲ့ ညွှန့်မြန်မာရုပ်ရှင်ကုမ္ပဏီ သူဌေးတွေက အင်မတန် စိတ်ဝင်စားနေကြတယ်၊ ရတီရဲ့အကတင်မက အလှကပါ နာမည်ကျော်နေလေတော့ ရတီ စိတ်ဝင်စားမယ်ဆိုရင် ဘိုင်စကုတ်မင်းသမီးအဖြစ် တင်ရိုက်ချင်ကြတယ်လေ''

''အို ... ဟုတ်လား ဝမ်းသာစရာပဲရှင်၊ ရတီဖြင့် ကြားရတာ မယုံနိုင်လောက်အောင်ပါပဲရှင်''

စံရတီခမျာ တကယ်ပင် ဝမ်းသာသွားရှာပြီး မျက်နက်ဝန်းလေးတို့ တဖျပ်ဖျပ် တောက်လက်သွားတော့၏။ ပြီးလျှင် နံဘေး၌ထိုင်နေသည့် အမျိုးသမီးကြီးကို ဝမ်းသာအားရ လှည့်ပြောလိုက်သည်။

''မမထားရေ ကြည့်စမ်းပါဦး ... ရတို့ကို ရန်ကုန်ရွှေမြို့တော်ကြီးက ဘိုင်စကုတ်ကုမ္ပဏီကြီးတွေက စိတ်ဝင်စားနေကြတယ်တဲ့''

မမထားဆိုသော အမျိုးသမီးသည်လည်း ဝမ်းပန်း





တသာ ဖြစ်သွားဟန်ဖြင့် အားပါးတရ ပြုံးလိုက်ပြီး ...

''အို ... ငါ့ညီမတော့ အတော့်ကို ကံထလာပြီပဲ၊ ကိုယ်ပိုင်အငြိမ့်ထောင်တော့လည်း အောင်မြင်ခဲ့တယ်၊ ခုဆို ဘိုင်စကုတ်မင်းသမီးတောင် ဖြစ်ဦးတော့မှာပါလား''

ဟု အားရဝမ်းသာပြောရှာလေ၏။

''တစ် ... တစ်ခုတော့ ရှိပါတယ်ခင်ဗျာ၊ ကျွန်တော်တို့က ရုပ်ရှင်ကုမ္ပဏီကြီးတွေရဲ့ကိုယ်စား ပဏာမလာပြီး လေ့လာတာပါ၊ စံရတီက မီးရောင်အောက်မှာတင် မိတ်ကပ်တွေ၊ မျက်နှာချေတွေကြောင့် လှတယ်လို့ နာမည်ကြီးနေတာလား၊ တကယ့်ပင်ကိုသဘာဝအလှကရော ဘယ်လိုလဲဆိုတာနဲ့ ဓာတ်ပုံရော စားရဲ့လားလို့ ပဏာမ လေ့လာဖို့ လာခဲ့တာပါ''

''ရှင် ... ဓာတ်ပုံစားတယ်ဆိုတာ ဘာကိုပြောတာပါလဲ''

မမထားက မျက်လုံးအပြူးသားဖြင့်မေးသည်။

''ဒီလိုပါ ... တချို့မိန်းကလေးတွေက အပြင်မှာလှပြီး ဓာတ်ပုံရိုက်လိုက်ရင် ဓာတ်ပုံထဲမှာ သိပ်မလှဘူးခင်ဗျ၊ အဲဒီလိုဆိုရင် ဘိုင်စကုတ်မင်းသမီး လုပ်လို့မရဘူးခင်ဗျ၊ အဲဒါကို ဓာတ်ပုံမစားဘူးလို့ခေါ်တယ်၊ တချို့မိန်းကလေးတွေကျတော့



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာသိပ်မလှပေမယ့် ဓာတ်ပုံထဲကျ တအားလှတယ် ခင်ဗျ၊ အဲဒါကို ဓာတ်ပုံစားတယ်လို့ ခေါ်တယ်၊ ဘိုင်စကုတ်ဆိုတာ ဓာတ်ပုံတွေနဲ့ အလုပ်လုပ်ရတာမဟုတ်လား ခင်ဗျာ၊ ဒါကြောင့် ဓာတ်ပုံစားဖို့ လိုတယ်လေ''

''အို ... ထားတို့ရဲ့ ရွှေမင်းသမီးလေးက အပြင်မှာ လှသလို ဓာတ်ပုံထဲမှာလည်း လှပါတယ်နော်၊ တကယ်ပါ၊ ရှင်တို့ကို ရတီလေး မန္တလေးမှာတုန်းက ရိုက်ထားတဲ့ဓာတ်ပုံတွေ ပြချင်ပါရဲ့၊ ကသာကိုထွက်လာတော့ ဓာတ်ပုံစာအုပ်က ကျန်ရစ်ခဲ့လို့''

''အို ... ဘာပဲဖြစ်ဖြစ် ရတီတော့ အခုပဏာမစကား ကြားရတာနဲ့တင် ဝမ်းသာလှပါပြီရှင်၊ ဘိုင်စကုတ်မင်းသမီး ဖြစ်, မဖြစ်ကတော့ ကံတရားအတိုင်းပေါ့''

စံရတီက ခပ်ပြုံးပြုံးဖြင့် တည်ငြိမ်စွာ ပြောလိုက်လျှင် စာရေးဆရာ အဂ္ဂဝဏ္ဏက စကားဝင်ထောက်လိုက်ရတော့၏။

''ဒီမှာကလေးမရဲ့ ... မင်း ဘိုင်စကုတ်မင်းသမီး ဖြစ်, မဖြစ်ဆိုတာ ဟောဒီမောင်ချစ်သွေးနဲ့ အင်မတန်သက်ဆိုင်တယ်၊ လန်ဒန်အတ်ကုမ္ပဏီနဲ့ ညွှန့်မြန်မာကုမ္ပဏီတို့ရဲ့ မင်းသမီးရှာဖွေရေးမှာ သူပြီးမှပြီးတာ၊ မိန်းကလေးကြည့်ရတာလည်း ဓာတ်ပုံ





စားမယ့်ပုံပါ၊ ဘာမှ အားမငယ်နဲ့''

''အို ... ဟုတ်ကဲ့၊ ဒါဆို ဒီကအစ်ကိုချစ်သွေးကို အားကိုးပါရစေ၊ ရတီလေ ဘိုင်စကုတ်မင်းသမီးဖြစ်ရဖို့ စိတ်ကူးတောင် မယဉ်ဝံ့ခဲ့ပါဘူးရှင်၊ တကယ်လို့ ဘိုင်စကုတ်မင်းသမီး ဖြစ်ခွင့်ရမယ်ဆိုရင်တော့ ဝမ်းသာလို့ဆုံးမှာ မဟုတ်ပါဘူးရှင်''

''ကဲ ... ဒါဆို ရတီကို ဓာတ်ပုံစမ်းပြီးရိုက်ကြည့်နိုင်ဖို့ ကျွန်တော်တို့ စီစဉ်လိုက်ဦးမယ်၊ မနက်ဖြန်နေ့လယ် ဒီလိုအချိန် မှာပဲ လာခဲ့ပါ့မယ်၊ ရတီ့အနေနဲ့ ဓာတ်ပုံအရိုက်ခံဖို့ အသင့်ပြင် ထားပါဗျာနော်''

''ဪ ... ဟုတ်ကဲ့ ကောင်းပါပြီရှင်၊ ရတီ အသင့်ပြင် ပြီး စောင့်နေပါ့မယ်''

ထို့နောက် အိုင်အိုချစ်သွေးတို့သည် စံရတီတို့ကို နှုတ်ဆက်ကာ အိမ်ကြီးထဲမှ ပြန်ထွက်လာခဲ့ကြရာ စံရတီက အိမ် အပေါက်ဝအထိ လိုက်ပို့လေသည်။

ထိုစဉ် ခြံရှေ့သို့ မြင်းလှည်းတစ်စီး ထိုးဆိုက်လာပြီး မြင်းလှည်းပေါ်မှ လူရွယ်တစ်ဦး သားရေအိတ်တစ်လုံး သိုင်းလွယ် လျက် ဆင်းလာသည်ကို တွေ့ရလေရာ စံရတီက ...

''ဟယ် ... မမဒေဝီ လိုက်လာပါလား''



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းသာရွှင်လန်းသောအမူအရာဖြင့် ပြောလိုက်ပြီးလျှင် ခြံဝသို့ အပြေးကလေး လှမ်းသွားလေ၏။

"မမ လိုက်လာတယ်"

"အေး . . . ဟုတ်တယ်၊ ငါ မန္တလေးရောက်တော့ နင်တို့ဇာတ်အဖွဲ့ ကသာဘက်တက်သွားတယ်လို့ သိရလို့လိုက်လာတာ၊ ဇာတ်ရုံမှာ သွားမေးပြီးမှ ဒီကိုလိုက်လာတာ"

ဆံပင်ကို ကုပ်ပိုးအုပ်ရုံဖြတ်ထားပြီး သက္ကလတ်ဘောင်းဘီရှည်၊ သက္ကလတ်ကုတ်အင်္ကျီရှည်တို့ကို ဝတ်ဆင်ထားသဖြင့် ခပ်လှမ်းလှမ်းမှကြည့်လျှင် ယောက်ျားလေးတစ်ဦးဟု ထင်ရသော အမျိုးသမီးက ခြံဝဆီ လျှောက်လှမ်းလာနေကြသည့် အိုင်အိုချစ်သွေးနှင့် အဂ္ဂဝဏ္ဏကိုကြည့်ကာ . . .

"သူတို့က ဒီအိမ်ရှင်တွေလား ရတီ"

ဟု မေးလိုက်လေ၏။

စံရတီနှင့်မျက်နှာကျပုံချင်းတူသော်လည်း ခန္ဓာကိုယ်ဖွံ့စည်းပုံ ပိုမိုတုတ်ခိုင်ရုံမက ဝဲဘက်ပါးပြင်ဝယ် မီးလောင်ဒဏ်ရာကဲ့သို့ အမာရွတ်ကြီးရှိသော အမျိုးသမီးကို အိုင်အိုချစ်သွေးအကဲခတ်သလိုကြည့်နေစဉ်မှာပင် စံရတီက ပြုံးရွှင်စွာ မိတ်ဆက်ပေးလေသည်။





"မဟုတ်ဘူး မမဒေဝီရဲ့၊ ဒီအိမ်ရှင် ဦးလေးဦးဆီဘူးက သားထောက်သမီးခံမရှိတဲ့ မုဆိုးဖိုကြီးလေ၊ မြို့နယ်ဝမ္မာရုံမှာ တရားပွဲရှိလို့ သွားနေတယ်၊ ဒီကအစ်ကိုတွေက ရန်ကုန်က လိုက်လာကြတာ၊ ဘာတဲ့ အဲ . . . လန်ဒန်အတ်ရုပ်ရှင်ကုမ္ပဏီနဲ့ ညွှန့်မြန်မာရုပ်ရှင်ကုမ္ပဏီတွေရဲ့ ကိုယ်စားလှယ်တွေလေ . . . ဒီအစ်ကိုက ကိုချစ်သွေး၊ ဒီအစ်ကိုကြီးက ကိုအဂ္ဂတဲ့"

"ဩော်"

"အစ်ကိုချစ်သွေးတို့ . . . ဒါ ရတီရဲ့အစ်မ မမစံဒေဝီလေ"

"ဟုတ်ကဲ့ . . . တွေ့သိရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ကဲ ရတီ . . . ကိုယ်တို့ကို ပြန်ခွင့်ပြုဦး"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ထို့နောက် အိုင်အိုချစ်သွေးတို့သည် ခြံကြီးထဲမှ ထွက်လာခဲ့ပါတော့သတည်း။

✪



www.burmeseclassic.com

www.burmeseclassic.com



ဌာနအုပ်ကြီးဦးအုန်းလှ၏ အကျိုးဆောင်ပေးမှုဖြင့် ကသာမြို့လယ်ရှိ ရှုတိုင်းယဉ်ဓာတ်ပုံဆိုင်မှ ကင်မရာတစ်လုံး ငှားရမ်းရရှိရာ နောက်နေ့ နေ့လယ်၌ စံရတီတို့တည်းခိုရာအိမ်ကြီးဆီသို့ အိုင်အိုချစ်သွေးနှင့် အဂ္ဂဝဏ္ဏတို့ ကင်မရာကိုသယ်ကာ သွားရောက်ကြလေသည်။

စံရတီကလည်း ရေမိုးချိုးကာ မိတ်ကပ်ပါးပါး လိမ်းခြယ်ပြီး အဆင်သင့်စောင့်နေခဲ့သဖြင့် အိမ်ရှေ့ခြံဝင်းအတွင်းမှာပင် ကင်မရာထောင်လျက် ဓာတ်ပုံရိုက်ရန် ပြင်ဆင်ကြလေ၏။

သူတို့ ဓာတ်ပုံရိုက်ရန် ပြင်ဆင်နေကြသည်ကို အိမ်ရှင်ဦးဆီဘူးနှင့် စံဒေဝီတို့က အိမ်အပေါ်ထပ်ဝရန်တာမှ လှမ်းငုံ့ကြည့်နေကြလေသည်။

နေအတော်ပူနေသဖြင့် အလင်းရောင်ကောင်းစွာရလျက်ရှိရာ ဓာတ်ပုံရိုက်ရသည်မှာ အဆင်ပြေလှ၏။

အဂ္ဂဝဏ္ဏနှင့် စံရတီ၏အထိန်းတော်ကြီး မထားသီတို့က ခပ်လှမ်းလှမ်းရှိ သစ်ပင်ရိပ်အောက်မှ စောင့်ကြည့်နေကြလေသည်။

အိုင်အိုချစ်သွေးက စံရတီကို ကိုယ်ဟန်အနေအထား အမျိုးမျိုးဖြင့် ဓာတ်ပုံတစ်ပုံချင်း ရိုက်ယူနေရာမှ အိမ်ပေါ်ထပ်





ဝရန်တာဆီ မသိမသာ မျက်လုံးဝေ့ကြည့်လိုက်ပြီး ...

"ဒါထက် ရတီ ... ရတီတို့က ညီအစ်မအရင်းလား" ဟု မေးလိုက်လေသည်။

"ဟုတ်တယ် အစ်ကို"

"ရတီတို့က မန္တလေးဇာတိလား"

"ဟင့်အင်း ... မဟုတ်ပါဘူး အစ်ကို၊ ရတီ့ကို မိုးမိတ်မှာမွေးတယ်လို့ သိရပါတယ်"

"ဩော် ... ဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို ... ဒါပေမဲ့ ရတီ ခုနစ်နှစ်သမီးလောက်ကတည်းက မန္တလေး ကွန်ဗင့်ကျောင်းမှာ ကျောင်းအိပ်ကျောင်းစားနဲ့ နေခဲ့ရပါတယ်၊ ဟိုက်စကူးဖိုင်နယ်အောင်ပြီးနောက်မှာတော့ ရတီ ဝါသနာပါတဲ့ ဇာတ်သဘင်လောကထဲ ဝင်ခဲ့တာပါ"

"ရတီက အစ်မနဲ့ အတူမနေဘူးလား၊ ရတီ့မိဘတွေရော"

"ဖေဖေ မေမေတို့က ရတီ ဆယ်နှစ်သမီးကတည်းက ဆုံးခဲ့ကြတယ် အစ်ကို၊ ရတီ့ကို ဖေဖေရဲ့အစ်ကိုဝမ်းကွဲ ဘကြီးတစ်ဦးက စောင့်ရှောက်ခဲ့တယ်၊ ဘကြီးကတော့ ဆုံးသွားပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မမဒေဝီကိုတောင် ငယ်ငယ် ဆယ်နှစ်သမီးကတည်းက ကွဲသွားတာမှာ ဟိုက်စကူးဖိုင်နယ်ရောက်မှ ပြန်တွေ့ရတာပါ ...၊

ရတီဟာ နှစ်တွေအများကြီးကြာအောင် မိမဲ့ ဖမဲ့ ဆွေမျိုးမဲ့ဘဝနဲ့ နေခဲ့ရပါတယ်၊ ခုလည်း ဘာမှ အမျိုးမတော်တဲ့ မမထားသီကို အဖော်ပြုနေရတာပါ၊ မမက တစ်နှစ်မှ တစ်ခါလောက်ပဲ လာတွေ့လေ့ရှိတယ်လေ၊ ရတီ ကျောင်းသူဘဝတုန်းကတော့ ဘကြီးနဲ့မမက ရတီရဲ့အသုံးစရိတ်အတွက် မန္တလေးက ဘဏ်မှာ ငွေအလုံအလောက် ထည့်ပေးထားခဲ့ကြပါတယ်"

"ဩော် ... ဒါထက် စံ့ဒေဝီရဲ့မျက်နှာက ဒဏ်ရာရခဲ့တာလား၊ မွေးရာပါလား ရတီ၊ သူ့မှာ အဲဒီဟာသာ မရှိရင် အတော်ချောမှာနော်"

"မွေးရာပါမဟုတ်ပါဘူး အစ်ကို၊ ဒဏ်ရာအမာရွတ်ပါ၊ မမကပြောတာတော့ ထမင်းအိုးတည်ရင်း မီးအပူဟပ်တာတဲ့"

"စံ့ဒေဝီက မိုးမိတ်မှာပဲ နေခဲ့တာလား"

"ဟုတ်တယ် အစ်ကို၊ ဒါပေမဲ့ မမက မိုးမိတ်မှာ အမြဲတမ်း မနေဖြစ်ပါဘူး၊ အရောင်းအဝယ်လုပ်ရင်း ခရီးထွက်ထွက်နေရတယ်လို့ ပြောတယ်"

"ဩော်"





အိုင်အိုချစ်သွေးက အိမ်ပေါ်ထပ် ဝရန်တာဆီ ထပ်မော့ကြည့်လိုက်ပြန်၏။ ဝရန်တာပေါ်တွင် ဦးဆီဘူးရှိသေးသော်လည်း စံ့ဒေဝီကိုမူ မတွေ့ရတော့ချေ။

"ခါတ်ပုံ ၆ ပုံ ရိုက်ပြီးသွားပြီ၊ ရတီ့ပုံတွေက ကောင်းမှာပါ၊ ခါတ်ပုံဆိုင်မှာ ဒီနေ့ပဲ ဆေးကူးခိုင်းလိုက်မယ်၊ မနက်ဖြန်နေ့လယ်လောက်မှာတော့ ခါတ်ပုံတွေကို မြင်ရမှာပါ"

"ဟုတ်ကဲ့ ... ပုံလေးတွေရရင် ရတီ့ကိုလည်း လာပြဦးနော်"

"ဩော် ... ပြမှာပေါ့ ရတီရယ်"

"ရတီတို့လည်း မနက်ဖြန်ည နောက်ဆုံးအချီ ကရမှာ"

"ဟုတ်လား ... ဒီကပြီးရင် ဘယ်ကိုပွဲကူးရဦးမှာလဲ"

"ဗန်းမော်ကို ကူးရမယ်အစ်ကို"

"ဟုတ်လား၊ ဒါဆို ကိုယ်တို့လည်း ဗန်းမော်ကိုလိုက်ပြီး အားပေးဦးမှပဲ"

"ဟင် ... အစ်ကိုတို့က ရန်ကုန်ပြန်မှာ မဟုတ်ဘူးလား"

"ပြန်မှာပါ၊ ဒါပေမဲ့ ဒီအထက်ဒေသဘက် ရောက်တုန်းရောက်ခိုက် ရိုက်ကွင်းအတွက် ရှုခင်းကောင်းကောင်းလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



လေ့လာကြည့်ရှုသွားချင်လို့ပါ''

''ဩော် . . . ဒါဆို ရတီတို့နဲ့အတူ လိုက်ခဲ့လေ အစ်ကို၊ ဗန်းမော်က သူဌေးဦးဘသိုက်ရဲ့အလှူပွဲကြီးမှာ ကပြဖို့ ငှားထားလို့လေ၊ နှစ်ထပ်သင်္ဘောကြီးနဲ့ သွားကြရမှာ''

''ကိုယ်တို့ အတူတူလိုက်လို့ ရလို့လား''

''အို . . . စံရတီအငြိမ့်မှာ ရတီကခေါင်းဆောင်မင်းသမီးပါ အစ်ကိုရဲ့၊ ရတီရဲ့အထူးဧည့်သည်တွေပဲဟာ၊ အငြိမ့်ပိုင်ရှင်က လိုက်ခွင့်မပြုဘဲ နေပါ့မလား''

ချစ်စဖွယ်မျက်စောင်းလေးထိုးကာ ပြောလိုက်သည့် စံရတီ၏ လှပနုမွတ်နေသော မျက်နှာချောချောလေးကို ငေးကြည့်ရင်း အိုင်အိုချစ်သွေးမှာ ရင်ထဲဝယ် သိမ့်ခနဲလှုပ်ရှားသွားရလေ၏။

''ဘယ့်နှယ်လဲ ဆရာကြီး . . . ရတီတို့နဲ့အတူ လိုက်ခဲ့မယ်မဟုတ်လား''

''အဲ . . . လိုက် လိုက်ခဲ့မယ် ရတီ၊ ဒါထက် အခုလိုမျိုးလေ ရတီ အရင်က ဓာတ်ပုံအရိုက်ခံဖူးလား''

''အို . . . အစ်ကိုကလည်း ဓာတ်ပုံပဲ အရိုက်ခံဖူးတာပေါ့၊ ကွန်ဗင့်ကျောင်းမှာနေတုန်းကလည်း အရိုက်ခံဖူးတာပဲ၊ ဘဘဦးဘိုးစိန်ရဲ့ဇာတ်ထဲမှာ ကတုန်းကလည်း ဓာတ်ပုံအရိုက်ခံဖူးတာ





ပဲ၊ အဲဒီတုန်းက ဂိတ်ရှိုးမှာ ရတီတို့ မင်းသမီးတွေရဲ့ပုံတွေပါ ပန်းချီဆွဲပြီး ချိတ်ဖို့လေ၊ ဓာတ်ပုံရိုက်ခဲ့ကြတာ၊ အခုကိုယ်တိုင်ခေါင်းဆောင်မင်းသမီးအဖြစ် အငြိမ့်ကတော့လည်း ရိုက်ခဲ့ရတာပဲ၊ ဓာတ်ပုံရိုက်တာများ ဆန်းတာမှတ်လို့''

''အင်း . . . ဒါဆို ဟို မင်းသမီးအဝတ်အစားနဲ့ မဟုတ်ဘဲ ယောကျ်ားရုပ်အင်္ကျီတွေ ဘောင်းဘီရှည်တွေဝတ်ပြီး သေနတ်၊ ကျည်ဆန်ခါးပတ်ကြီးပတ်ပြီးရော ဓာတ်ပုံအရိုက်ခံဖူးလား''

အိုင်အိုချစ်သွေး၏ အမေးစကားကြောင့် စံရတီမှာ အံ့ဩသွားဟန်ဖြင့် မျက်လုံးလေးဝိုင်းကာ မော့ကြည့်သည်။

''ဘယ် ဘယ်လို . . . သေနတ်ကျည်ဆန်ခါးပတ်ကြီးပတ်ပြီး . . . ဟုတ်လား''

''ဟုတ်တယ်လေ၊ ဥပမာ . . . ပြဇာတ်တွေဘာတွေကဖို့၊ တင်ဆက်ဖို့အတွက် ကြော်ငြာရိုက်တာမျိုးပေါ့''

''ဟင့်အင်း . . . အဲဒီလိုပုံမျိုး မရိုက်ဖူးပါဘူး၊ ရတီဘဘ ဦးဘိုးစိန်ရဲ့ဇာတ်မှာတုန်းက တစ်ခါမှ ပြဇာတ်မကဖူးဘူး၊ အခု အငြိမ့်မှာလည်း မိန်းကလေးဇာတ်ကောင်အနေနဲ့ပဲ ဇာတ်ထုပ်တွေကို ကဖူးပါတယ်၊ ယောကျ်ားလေးလို ဝတ်စားပြီး တစ်ခါမှ ဇာတ်မကဖူးသလို အပြင်မှာလည်း ရတီ အဲဒီလို တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မဝတ်ဖူးဘူး၊ ကျည်ဆန်ခါးပတ်ပတ်ဖို့တော့ ဝေလာဝေးရော''

"ဟုတ်ပြီ၊ ဒါဆို မောက်ကြီးဆိုတဲ့လူကိုရောသိသလား''

"ရှင် . . . မောက်ကြီး . . . ဟုတ်လား၊ အဲဒါ လူနာမည်လား''

"ဟုတ်တယ်လေ ရတီ၊ မောက်ကြီးဆိုတာ အဲ . . . ဓာတ်ပုံသမားတစ်ယောက်ပါပဲ၊ သူ့ဆီမှာ ဓာတ်ပုံတစ်ပုံရှိတယ်၊ အဲဒီဓာတ်ပုံထဲကကောင်မလေးဟာ ရတီနဲ့ အတော်တူတယ်၊ ဒါ ကြောင့် မေးမိတာပါ ရတီ''

"ဟင် . . . ဟုတ်လား၊ ရတီတော့ အဲဒီလိုမျိုး တစ်ခါမှ ဓာတ်ပုံအရိုက်မခံဖူးသလို မောက်ကြီးဆိုတဲ့နာမည်ကိုလည်း ခုမှ ကြားဖူးတာပါ၊ အဲဒီဓာတ်ပုံထဲကကောင်မလေးက ရတီနဲ့တူနေတယ်ဆိုတာကတော့ လူတူမရှား၊ နာမည်တူမရှားဆိုသလို ဖြစ်မှာပေါ့ အစ်ကိုရဲ့''

"အင်းလေ . . . ရတီပြောတာလည်း ဖြစ်နိုင်ပါတယ်''

စံရတီ၏ စကားသံ၊ ဟန်ပန်အမူအရာအားလုံးမှာ ပကတိ အရိုးခံအတိုင်းဖြစ်ကြောင်း အကဲခတ်မိသဖြင့် အိုင်အိုချစ်သွေးမှာ စိတ်ထဲဝယ် ဇဝေဇဝါဖြစ်သွားရလေသည်။

ထို့နောက် ဓာတ်ပုံရိုက်ပြီးပြီမို့ ကင်မရာကိုသိမ်းကာ





စံရတီနှင့် ဒေါ်ထားသီတို့ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြပါတော့သတည်း။

✪

"ရတီ . . . နင်တို့ဓာတ်ပုံရိုက်တာကလည်း ကြာလိုက်တာ၊ ပြီးတော့ . . . အဲဒီချစ်သွေးဆိုတဲ့ကောင်လေးနဲ့ ဘာစကားတွေ ဒီလောက်ပြောနေကြတာလဲ၊ ငါ အောက်ထပ်ဆင်းလာပြီး ဧည့်ခန်း မှန်ပြတင်းကနေ အကြာကြီးလှမ်းကြည့်နေတာ၊ စကားပြောလို့ ပြီးကိုမပြီးနိုင်ဘူး၊ ဘာတွေပြောနေကြတာတုံး''

"သြော် . . . ရတီတို့အငြိမ့် ဗန်းမော်ကိုသွားကမယ်ဆိုတော့ သူတို့လည်း အတူလိုက်ပြီး အားပေးချင်တယ်လို့ ပြောနေတာပါ မမရဲ့''

"ဟင် . . . သူတို့ကလိုက်ဦးမယ် . . . ဟုတ်လား၊ ဟယ် . . . ရှုပ်ရှုပ်ယှက်ယှက်''

"အာ . . . မရှုပ်ယှက်ပါဘူး မမရဲ့၊ သူတို့က ဘိုင်စကုတ်ရိုက်ကွင်းအတွက်ဆိုလား ရှုခင်းအသစ်တွေ လေ့လာကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့တဲ့''

''အဲဒါဆိုလည်း သူတို့ဘာသာ သွားကြပေါ့၊ အငြိမ့်အဖွဲ့နဲ့ လိုက်စရာလား''

''အို မမကလည်း ... သူတို့က ညီမလေးရဲ့ဘဝရှေ့ရေးအကျိုးကို ဆောင်ရွက်ပေးကြမယ့်သူတွေလေ မမရဲ့၊ သူတို့အတူလိုက်ချင်တာကို မလိုက်နဲ့, ကိုယ့်ဘာသာသွားလို့ ပြောသင့်ပါ့မလား၊ ဩော် ... ဒါထက်မမ အစ်ကိုချစ်သွေးက ထူးထူးခြားခြား မေးသေးတယ် ... သိလား''

စံဒေဝီက မျက်မှောင်ကုတ်ကြည့်လျက် ...

BURMESE CLASSIC .com

''ဘယ်လို ... ထူးထူးခြားခြားမေးတာလဲ''

''အင်း ... ရတီ့ကို ကျည်ဆန်ခါးပတ်ကြီးပတ်ပြီး ယောကျ်ားလေးလို အဝတ်အစားနဲ့ ဓာတ်ပုံအရိုက်ခံဖူးသလားတဲ့''

စံဒေဝီက မျက်မှောင်ကို ပိုကုတ်လိုက်၏။

''ပြီးတော့ ဘာတဲ့ ... ဓာတ်ပုံဆရာမောက်ကြီးကို သိသလားတဲ့''

''ဘာ ... မောက်ကြီး ... ဟုတ်လား''

''ဟုတ်တယ် မမရဲ့ ... အဲဒီဓာတ်ပုံဆရာ မောက်ကြီး





ဆီမှာရှိတဲ့ ဓာတ်ပုံထဲက ရတီနဲ့ အတော်တူတဲ့ကောင်မလေးဟာ ယောကျ်ားလေးလို ရှပ်အင်္ကျီတွေ, ဘောင်းဘီရှည်တွေဝတ်ပြီး ခါးမှာ ကျည်ဆန်ခါးပတ်ကြီးပတ်လို့တဲ့''

စံဒေဝီက မျက်မှောင်ကြီးကုတ်လျက် ဧည့်ခန်းကြမ်းပြင်ကို စိုက်ကြည့်နေ၏။ ဧည့်ခန်းမကြီးထဲတွင် လူသူရှင်းနေသည်။ သူမတို့ညီအစ်မနှစ်ဦးတည်း ကျွန်းဆက်တီခုံများတွင် ထိုင်ရင်း စကားပြောနေကြခြင်းဖြစ်၏။

''အဲဒီတော့ ... နင်က ဘာပြန်ပြောလိုက်သလဲ''

''ရတီတော့ အဲဒီလို တစ်ခါမှ ဝတ်စားပြီး ဓာတ်ပုံအရိုက်မခံဖူးဘူးလို့၊ ကျည်ဆန်ခါးပတ်ပတ်ဖို့ဆိုတာ ဝေးရောလို့၊ မောက်ကြီးဆိုတာလည်း လူနာမည် ဟုတ်ရဲ့လားလို့၊ ခုမှ ကြားဖူးတယ်လို့ပြောလိုက်တယ်''

''အေး ... ကောင်းတယ်၊ အဲဒီလူတွေကလည်း ဘာတွေ ရှုပ်ရှုပ်ထွေးထွေး လာမေးနေကြမှန်းမသိဘူး၊ ကဲ ကဲ ... ညီမလေး ခဏနားလိုက်ဦး၊ တစ်အောင့်လောက်ကျရင် ရေချိုး၊ နေသိပ်စောင်းသွားရင် အေးလာလိမ့်မယ်''

''ဟုတ်ကဲ့ ... ရတီ အဝတ်အစားလဲပြီး အခန်းထဲမှာ ခဏသွားလှဲလိုက်ဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



စံရတီက ထိုင်ရာမှထကာ ကွျန်းလှေကားကြီးပေါ်သို့ တက်သွားတော့သည်။

စံဒေဝီလည်း ခဏအကြာတွင် လက်ပွေ့အိတ်လေးကိုင်ကာ ခြံဝသို့ ထွက်လာခဲ့၏။

ခြံစောင့်မောင်ဒွေးကို အပြင်ခဏသွားမယ်၊ သိပ်မကြာဘဲ ပြန်လာမယ်ဟုပြောကာ မြင်းလှည်းငှားလျက် မြို့ထဲပိုင်းသို့ ထွက်သွားတော့သည်။

စံဒေဝီက မြင်းလှည်းကို စာတိုက်ရုံးသို့ မောင်းစေကာ စာတိုက်ရှေ့ရောက်လျှင် မြင်းလှည်းကိုစောင့်ခိုင်းထားပြီး စာတိုက်ထဲသို့ ဝင်သွားတော့၏။

ဆယ့်ငါးမိနစ်ခန့်ကြာမှ စံဒေဝီပြန်ထွက်လာကာ မြင်းလှည်းပေါ်သို့တက်ပြီး ဦးဆီဘူး၏အိမ်ဆီသို့ ပြန်လည် မောင်းနှင်လိုက်ပါတော့သတည်း။

✪ ✪ ✪



BURMESE CLASSIC .com

## အခန်း (၂)

မရဏစေတမန်များ

ညတစ္ဆေတို့ရောက်ရှိလာခြင်း

စတုတ္ထမြောက်သားကောင်

အမှောင်၏နိမိတ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



## အခန်း (၂)

### မရဏာစေတာမန်များ

ရေယက်တဖွားဖွားဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လျက်ရှိသည့် နှစ်ထပ်သင်္ဘောကြီးသည် စံရတီအငြိမ့်အဖွဲ့သားများနှင့် ဇာတ်သေတ္တာတို့ကို သယ်ဆောင်ရင်း နှင်းလွှာထုကို ထိုးခွဲခုတ်မောင်းလျက်ရှိလေသည်။

သင်္ဘောကြီး၏အပေါ်ထပ် အထူးခန်းကြီး၏ ပြတင်းပေါက်တစ်ခုတွင် ရပ်ရင်း မြစ်ကမ်းပါးမှ သောင်ပြင်ကျယ်ကြီးနှင့် ကိုင်းတောကြီးကို စံရတီ ငေးကြည့်နေမိသည်။ လူ့ လက်ခုပ်တစ်ဖောင်ခန့်မြင့်မားသည့် ကိုင်းပင်ရှည်ကြီးတို့ နံနက်ခင်း လေအသွဲ့တွင် ယိမ်းကနေကြပုံက အသက်ဝင်လှပလွန်းပေစွ။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



နံ့ဘေးပြတင်းကိုကျောပေးမှီရပ်နေသည့် အိုင်အိုချစ်သွေးက ခေါင်းငုံ့လျက် စံရတီကို ငေးကြည့်နေ၏။

ဘေးတိုက်မြင်နေရသည့် စံရတီ၏ နုမွတ်သန့်စင်သော အလှကို သူ တရှိုက်မက်မက် ငေးကြည့်နေမိခြင်းဖြစ်သည်။

သူမက အဝါနုရောင် လက်ကိုင်ပဝါလေးကို ဦးခေါင်းထက်မှ သိုင်းရစ်ကာ မေးအောက်တွင် လှပစွာ ထုံးချည်ထား၏။

နဖူးဝင်းဝင်းလေးအပေါ် ဝဲကျနေသည့် ပိတုန်းရောင်ဆံမြိတ်နွယ်တို့က လေအဝှေ့ဝယ် ဝဲပျံလှုပ်ခတ်လျက် ရှိကြသည်။

ကြည်လင်တောက်ပသော မျက်ဝန်းနက်နက်လေးတို့က အပြာနုရောင်မျက်သားပေါ်ဝယ် တလှုပ်လှုပ် ပြေးလျက် သောင်ပြင်ပေါ်၌ ကျက်စားနေကြသည့် ဝေသာလီဗျိုင်းဖြူဖြူတို့ကို လိုက်ကြည့်နေ၏။

ဖြောင့်စင်းသော နှာတံလေးအောက်မှ သန္တာရောင်နှုတ်ခမ်းဖူးဖူးလေးက စွဲမက်စဖွယ် စိုလဲ့လို့နေသည်။

သည်မျှ လှပနုမွတ်သော မိန်းမပျိုလေးသည် လူသေမှုအဖြစ် ဖန်တီးထားသည့် လူသတ်မှုသုံးမှုနှင့် မည်သို့ ပတ်သက်နေသနည်း။ အသတ်ခံခဲ့ရသော မောက်ကြီးနှင့် မည်သို့ ဆက်နွယ်ခဲ့သနည်း။





ကျည်ဆန်ခါးပတ် ပတ်ထားပြီး ယောကျ်ားလေးတစ်ဦးကဲ့သို့ ဝတ်စားကာ ဓာတ်ပုံအရိုက်မခံဖူးပါဟု သူမကဆိုသည်။ မောက်ကြီး၏အမည်ကို ကြားပင်မကြားဖူးပါဟုဆိုသည်။ သို့ဆိုလျှင် ရင်ဘတ်မှာ ကြယ်အနက်ကလေးနှင့် မိန်းကလေးမှာ မည်သူဖြစ်သနည်း။

ကြယ်နက်ဆို၍ ကြယ်နက်နှင့် ပတ်သက်သောအကြောင်းကို ညက ကသာဘိုတဲအတွင်း၌ သူ၏မိတ်ဆွေ ဆရာသမားဖြစ်သည့် စာရေးဆရာ အဂ္ဂဝဏ္ဏနှင့် ဆွေးနွေးပြောဆိုခဲ့သည်များကို ပြန်လည်အမှတ်ရမိသည်။

ညစာထမင်းစားပြီးနောက် ပွဲခင်းဘက် လမ်းမလျှောက်မီ ဘိုတဲရှေ့ ဝရန်တာ၌ ဝါးပက်လက်ကုလားထိုင်ကိုယ်စီဖြင့် ထိုင်ကာ ထမင်းလုံးစီနေကြရင်း ဓာတ်ပုံကိစ္စကို အိုင်အိုချစ်သွေးက စတင်ပြောဖြစ်ခဲ့ခြင်းဖြစ်သည်။

"စံရတီကတော့ အဲဒီလိုဓာတ်ပုံမျိုး မရိုက်ဖူးဘူးလို့ ပြောတာပဲဗျ အာစရိရဲ့၊ မောက်ကြီးရဲ့နာမည်ကိုတောင် မကြားဖူးခဲ့ဘူးတဲ့၊ သူ့ကိုကြည့်ရတာ ဟန်ဆောင်ဖုံးကွယ်နေပုံ မရဘူးဗျ၊ အမှန်အတိုင်းပြောနေတာလို့ ကျွန်တော်ယုံကြည်တယ်"

အဂ္ဂဝဏ္ဏက ဒန်းပေါးလ်ဆေးတံကြီး ဖွာရှိုက်ရင်း သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ငဲ့စောင်းကြည့်နေရာမှ သရော်ပြုံး ပြုံးလိုက်လေ၏။

"ဟင်း ဟင်း . . . မောင်ရင်က တို့ဘုရား မယားဘက် ခပ်ပါပါ ဆိုတဲ့စကားလို ဖြစ်နေပြီနဲ့တူတယ်၊ စံရတီအပေါ် တွယ် ငြိမိတဲ့သံယောဇဉ်ကြောင့် စံရတီကို အပြစ်မမြင်နိုင် ဖြစ်နေတာ များလား၊ ဟိုဓာတ်ပုံထဲကဟာ သူ့မဟုတ်လို့ ဘယ်သူဖြစ်ရမှာ လဲ အိုင်ဆေးရဲ့"

"မဟုတ်ဘူး အာစရိ . . . စံရတီနဲ့ရုပ်ချင်းတူသူလည်း ဖြစ်နိုင်တာပဲ"

"ကြယ်နက်အကြောင်းရော မေးလိုက်သေးသလား"

"ဟင့်အင်း . . . ကြယ်နက်အကြောင်းတော့ မမေးဖြစ် လိုက်ဘူး၊ ကျွန်တော့်စိတ်ထဲမှာ စံရတီဟာ ကြယ်နက်နဲ့ လုံးဝ မပတ်သက်နိုင်ဘူးလို့ ယူဆလို့လည်း မမေးဖြစ်လိုက်တာပါ အာစရိ"

"အေးလေ . . . ကြယ်နက်နဲ့စံရတီ ပတ်သက်တာ, မပတ်သက်တာကို ထားလိုက်ဦး၊ ကျုပ် မနေ့ကမှ ကြယ်နက်ရဲ့ အကြောင်း သတိရတာကို ပြောပြရဦးမယ်"

"ဘယ်လိုသတိရတာလဲ အာစရိ"

"ဒီလို မောင်ချစ်သွေးရဲ့ . . . ကြယ်နက်ဆိုတဲ့ နာမည်ကို





တစ်နေရာရာမှာ မှတ်မှတ်ရရ ကြားဖူးသလို ရှိပါတယ်လို့ စဉ်း စားနေမိတာ၊ ဒီ ကသာကိုမလာခင်ကတည်းကပဲကွဲ့၊ ဗန်းမော် ကိုသွားမယ်ဆိုတော့မှ ပြန်သတိရမိတယ်၊ ဟိုး . . . လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်လောက်တုန်းက မိုးမိတ်ဒေသတစ်ဝိုက်မှာ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး လျှို့ဝှက်အဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်ခဲ့ ဖူးတယ်၊ အဲဒီအဖွဲ့ရဲ့နာမည်က ကြယ်နက်လို့ခေါ်တယ်၊ သူတို့ အဖွဲ့ဟာ မိုးမိတ်ဒေသကနေ ဗန်းမော်ခရိုင်အထိ လှုပ်ရှားခဲ့ ကြတယ်"

"ဩော်"

"အဲဒီအဖွဲ့ကို ဦးဆောင်သူကတော့ မိုးမခစော်ဘွား ဦးခွန်တီပဲကွဲ့၊ ဦးခွန်တီဟာ မကွေးရာမင်းသားကြီးရဲ့သားတော် စောရန်ပိုင်ရယ်, မိုးလှိုင်စော်ဘွား စောခမ်းလှိုင်ရယ်၊ တုံဟုံးဒူဝါ ရယ် အဲဒီလို တိုင်းရင်းသားမျိုးချစ်ခေါင်းဆောင်တွေနဲ့ ပူးပေါင်းပြီး နယ်ချဲ့အင်္ဂလိပ်တွေကို မြေလှန်တိုက်ခိုက်ခဲ့ကြတယ်ကွဲ့၊ ဦး ခွန်တီက သူ့ရဲ့တော်လှန်ရေးအဖွဲ့ကို ကြယ်နက်လို့အမည်ပေးထား တယ်၊ နောက်ပိုင်း အင်္ဂလိပ်တပ်တွေက အလုံးအရင်းနဲ့ တက် လာပြီး အဆက်မပြတ် ဖြိုခွင်းတဲ့အတွက် မျိုးချစ်တော်လှန်ရေး အုပ်စုဟာ တကွဲတပြားစီ ဖြစ်ကုန်ကြတယ် . . . ၊



www.burmeseclassic.com

www.burmeseclassic.com



ဦးခွန်တီလည်း မိုးမခကို ပြန်လို့မဖြစ်တော့တာနဲ့ မိုးမိတ်ဘက်မှာပဲ လူသူစုရုံးလို့ လျှို့ဝှက်လှုပ်ရှားနေခဲ့တယ် ...၊

နောက် ဦးခွန်တီ အသက်ကြီးလာပြီး ဖျားနာသေဆုံးသွားတော့ ဦးခွန်တီရဲ့သား ခွန်သာက ဆက်လက်ဦးဆောင်ပြီး လှုပ်ရှားခဲ့တယ်၊ နောက်ပိုင်း မန်တုံရွာတိုက်ပွဲမှာ ခွန်သာကျဆုံးသွားတယ်လို့ ကြားရတယ်၊ ခွန်သာကျဆုံးသွားပြီးတဲ့နောက်မှာ ကြယ်နက်အဖွဲ့ရဲ့သတင်းလည်း တိမ်မြုပ်သွားတာပဲ ...၊

အဲဒီလို ကြယ်နက်အဖွဲ့ဆိုတာ တစ်ချိန်တုန်းက ပေါ်ပေါက်ခဲ့ဖူးတယ်၊ သူရိယသတင်းစာမှာ အဲဒီကြယ်နက်အဖွဲ့ရဲ့ သတင်းတွေ ဖတ်ခဲ့ရတာကို ကျုပ် ပြန်သတိရတာပဲ မောင်ချစ်သွေး''

''အဲဒီကြယ်နက်အဖွဲ့ နောက်ဆုံး ဘာဖြစ်သွားသလဲ ဆိုတာကိုရော အာစရိသိလား''

''အင်း ...မှန်တာပြောရရင် အဲဒီကြယ်နက်အဖွဲ့ကို အခြေခံပြီး ကျုပ် တော်လှန်ရေးနောက်ခံဝတ္ထုတစ်ပုဒ် ရေးဖို့ ရည်ရွယ်ချက် ရှိခဲ့ဖူးတယ်၊ ဒါကြောင့် ကြယ်နက်ရဲ့သတင်းကို လက်လှမ်းမီသလောက် စုံစမ်းမေးမြန်းလေ့လာခဲ့တယ်၊ ဒါပေမဲ့ ရေရေရာရာ မသိခဲ့ရဘူး၊ ကြယ်နက်အဖွဲ့ရဲ့သတင်းဟာ လုံးဝ





စုပ်စမြုပ်စ မြုပ်သွားခဲ့တယ် အိုင်ဆေးရဲ့ ...၊

ဒါပေမဲ့ အဲဒီလို နှစ်ပေါင်း ၂၀ လောက် ကွင်းဆက်ပြတ်ပြီး တိမ်မြုပ်ခဲ့တဲ့ ကြယ်နက်အဖွဲ့ရဲ့ လှုပ်ရှားမှုသတင်းကို လွန်ခဲ့တဲ့ ရှစ်နှစ်ကျော်ကမှ အမှတ်မထင် ပြန်ကြားရတယ်''

''အင်း ...ဆိုစမ်းပါဦး အာစရိရယ်''

''နောက် ...လယ်သမားခေါင်းဆောင်ကြီး ဆရာစံကို ၁၉၃၁–ခုနှစ် (၈) လပိုင်း (၂) ရက်နေ့မှာ ရှမ်းပြည်နယ် နောင်ချိုဒေသမှာ ဖမ်းမိပြီး နောက်နှစ်ရက်မှာပဲ တော်လှန်ရေးမျိုးချစ်ခေါင်းဆောင် ခွန်နာရာ, ခွန်မှတ်တို့ညီအစ်ကိုနဲ့ သူ့နောက်လိုက်တစ်စုကို မိုးမိတ်ခရိုင်မှာ ဖမ်းမိခဲ့တယ်၊ ခွန်နာရာနဲ့ ခွန်မှတ်တို့လူစုဟာ ကြယ်နက်အဖွဲ့ဝင်တွေလို့ သိရတယ်၊ ဒါပေမဲ့ ...အဲဒီတုန်းက သတင်းစာတွေ, ဂျာနယ်တွေမှာ ဆရာစံတို့ရဲ့သတင်းတွေသာ လွှမ်းမိုးနေတာမို့ ကြယ်နက်အဖွဲ့ဝင်တွေရဲ့သတင်းကို ပြည်သူတွေ သိပ်ပြီး သတိမမူမိခဲ့ကြဘူး၊ နောက်တော့ ကြယ်နက်အဖွဲ့ဝင်တွေအားလုံးလိုလို ဆရာစံတို့အဖွဲ့လိုပဲ ကြိုးပေးခံခဲ့ကြရတယ်လို့ ကြားရတယ်၊ နောက် သူတို့ရဲ့သတင်း မကြားရတော့ဘူး၊ ကျုပ်သိသလောက်ကတော့ အဲဒီလောက်ပါပဲ''

''အင်း ...အာစရိပြောပုံအရဆိုရင် အဲဒီကြယ်နက်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့က မျိုးချစ်တော်လှန်ရေးအဖွဲ့ပဲ၊ ပြီးတော့ ... လွန်ခဲ့တဲ့ ရှစ်နှစ်ကျော်လောက်က ပျောက်ကွယ်သွားပြီးမှပဲ အခု လူသတ်သမားတွေလို့ ယူဆရတဲ့ ကြယ်နက်တွေနဲ့ ဆက်စပ်မှုရှိမယ် မထင်ဘူး''

''ဒါပေမဲ့ ... မပြေးသော် ကန်ရှာရှိဆိုသလို မောင်ရင် သိထား, သတိမူမိထားရအောင် ကျုပ်ကပြောပြရတာပဲ အိုင်ဆေးရေ''

''ဟုတ်ပါတယ် ... အာစရိကို ကျေးဇူးတင်ပါတယ်၊ ပြီးခဲ့တဲ့ ငါးနှစ်ကျော်လောက်တုန်းက ကျွန်တော် ထားဝယ်ဘက်မှာ တာဝန်ကျနေလို့ ကြယ်နက်အဖွဲ့ရဲ့သတင်းနဲ့ အလှမ်းဝေးခဲ့ရတာပါ၊ ဒါကြောင့် ကြယ်နက်အဖွဲ့ရဲ့အကြောင်း လုံးဝမသိခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ် အခုလိုသိထားတော့ ကောင်းတာပေါ့''

အိုင်အိုချစ်သွေးသည် ယမန်နေ့ညက စာရေးဆရာ အဂ္ဂဝဏ္ဏနှင့် ပြောဆိုဆွေးနွေးခဲ့ကြသည်များကို ပြန်လည်ကြားယောင်နေမိရာမှ စံရတီကို ကြယ်နက်အကြောင်း စကားတောက်ကြည့်ရန် စိတ်ကူးလိုက်ပြီး စံရတီရပ်နေရာ ပြတင်းဝဆီ လျှောက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

သို့သော် ထိုစဉ်မှာပင် စံရတီ၏အစ်မ စံဒေဝီက သူမတို့





အိပ်ရာနေရာမှ ထလာကာ စံရတီရပ်နေရာ ပြတင်းဝဆီ လျှောက်လှမ်းလာပြီး ညီမဖြစ်သူနှင့်အတူ ကမ်းခြေရှုခင်းကို ကြည့်နေရာ အိုင်အိုချစ်သွေးမှာ ကိုယ်ရှိန်သတ်လိုက်ရလေ၏။

ထို့နောက် အိုင်အိုချစ်သွေးသည် အထူးခန်းကြီးထဲမှ ထွက်ကာ သင်္ဘော၏ပဲ့ပိုင်းသို့လျှောက်လာရာ ပဲ့ပိုင်းမှ ဝရန်တာတွင် ဆေးတံကြီးခဲရင်း သင်္ဘောကြီး၏နောက်ဘက်တွင် တရွေ့ရွေ့ ကျန်ရစ်ခဲ့သည့်ရှုခင်းကို ငေးကြည့်နေသော သူ၏မိတ်ဆွေကြီး အဂ္ဂဝဏ္ဏအား တွေ့ရလေသည်။

အိုင်အိုချစ်သွေးလည်း ရေခဲတောင်စီးကရက်တစ်လိပ် ထုတ်ကာ မီးညှိဖွာရှိုက်လိုက်ရင်း သင်္ဘောကြီး၏ ရေယက်ကြီးများကြောင့် တဖွားဖွားဖြစ်ကာ ကျန်ရစ်သည့် ရေပြင်ကို ငေးကြည့်နေလိုက်လေ၏။

သူတို့သင်္ဘောကြီး၏ နောက်ဘက်ခပ်လှမ်းလှမ်းမှ လိုက်ပါလာသည့် မော်တော်လေးတစ်စင်းမှာ သင်္ဘောကြီးကြောင့် ဖြစ်ပေါ်ကျန်ရစ်ခဲ့သည့် ရေလှိုင်းများကြောင့် အလူးလူးအလဲလဲ ဖြစ်နေသည်ကို တွေ့ရပေသတည်း။

✪



www.burmeseclassic.com

www.burmeseclassic.com



"အဲဟိုမော်တော်ဟာ ကျွန်တော်တို့သင်္ဘောရဲ့နောက်ပဲ တောက်လျှောက်လိုက်လာပါလား အာစရိ"

ကသာဆိပ်ကမ်းမှ နှစ်ထပ်သီးသန့်သင်္ဘောကြီး ထွက်ကတည်းက ခပ်လှမ်းလှမ်း ကိုက်ငါးဆယ်ခန့်မှ တောက်လျှောက်လိုက်ပါလာသည့် မော်တော်လေးဆီ မေးဆတ်ပြကာ အိုင်အိုချစ်သွေးကပြောလိုက်ရာ အဂ္ဂဝဏ္ဏက ဆေးတံကြီးကို အေးအေးလူလူဖွာရင်း ဆေးဆေးစွာ မှတ်ချက်ပြု၏။

"ခရီးစဉ်ချင်းတူလို့ ဖြစ်မှာပေါ့ အိုင်ဆေးရဲ့၊ ကုန်တင်လာတာ ထင်ပါရဲ့"

"ဘာကုန်မှမပါဘူး၊ လူချည်းပဲ လေးငါးယောက်လောက်ပါတယ်၊ ကျောက်ထုံးကြီးရွာဆိပ်မှာ သင်္ဘောခဏကပ်တုန်းကလည်း သူတို့ ကျော်မသွားဘူးဗျ၊ သူတို့ပါ လိုက်ကပ်တယ်၊ ပြီးတော့ မော်တော်ပေါ်ကနေ တစ်ယောက်မှ ဆင်းတာလည်း မတွေ့ဘူး"

သည်တစ်ခါတော့ အဂ္ဂဝဏ္ဏက ဆေးတံကို ပါးစပ်မှ ချွတ်ကာ အိုင်အိုချစ်သွေးအား ခေါင်းငဲ့ကြည့်ရင်း အလေးအနက်





ထားဟန်ဖြင့် မေးသည်။

"အိုင်ဆေး ... မောင်ရင်က ဘယ်လိုများယူဆလို့တုံး"

သင်္ဘောကြီး၏အပေါ်ထပ် ပွဲပိုင်းဝရန်တာတွင် သူတို့နှစ်ဦးတည်း ရပ်လျက် ဆည်းဆာရီအလှကို ငေးကြည့်ရင်း စကားဆိုနေကြခြင်းဖြစ်၏။ နံဘေးဝန်းကျင်တွင် အခြားသူမရှိချေ။

"ကျွန်တော့်စိတ်ထဲမှာ ဒီခရီးထွက်လာရတာ စိတ်ထဲလေးနေသလိုပဲ၊ ဘာကြောင့်များ ဒီလောက် ဝေးလံတဲ့ခရီးကိုမှ စံရတီကလည်း လက်ခံလိုက်ရတာလဲ မသိဘူးနော်"

"ကျုပ် နေ့လယ်က ထမင်းစားအပြီးမှာ မောင်ရင် အိမ်သာဘက်သွားတုန်း စံရတီကိုမေးကြည့်ပြီးပြီ၊ ဒီလောက် ဝေးလံတဲ့ပွဲကို ဘာဖြစ်လို့ လက်ခံရတာလဲ၊ ဒီပြင် အောက်ဘက်က မြို့ရွာတွေမှာ ပွဲချိမရလို့လားဆိုပြီး မေးပြီးပြီ အိုင်ဆေးရဲ့"

"ဒီတော့ စံရတီက ဘယ်လိုပြန်ဖြေသလဲ အာစရိ"

"ဗန်းမော်က အလှူ့ဒါယကာ သူဌေးဦးဘသိုက်က သူ့အလှူမှာ စံရတီရဲ့အငြိမ့်နဲ့ပဲ ပွဲသွင်းချင်လို့ဆိုပြီး သူ့တပည့်တွေကို မန္တလေးလွှတ်ပြီး ပြီးခဲ့တဲ့လကတည်းက ကြိုငှားခိုင်းလိုက်တာတဲ့၊ စံရတီတို့ကလည်း ကသာဘုရားပွဲမှာ ပွဲချီရှိနေတော့ ခရီးစဉ်တစ်ဆက်တည်းဆိုပြီး လက်ခံခဲ့တာတဲ့၊ သူဌေးဦးဘသိုက်



www.burmeseclassic.com

www.burmeseclassic.com



က ကသာကနေ ဗန်းမော်ခရီးကျရင် သူပိုင်နှစ်ထပ်သင်္ဘောကြီးနဲ့ အကြိုအပို့လုပ်ပေးမယ့်အပြင် ပွဲကြေးကို သုံးဆပေးပြီး စရန်တစ်ဝက်ချ စာချုပ်သွားလို့ မန္တလေးအငြိမ့်လောကမှာ စံရတီအငြိမ့်ဟာဖြင့် လူပေါ်လူဇော်အငြိမ့်ပဲဆိုပြီး အတော် ဂယက်ထသွားဆိုပဲ အိုင်ဆေးရဲ့''

''ဩော် ... ဒါကြောင့်ကိုး၊ ဒါဆို အဲ ဟိုမော်တော်နဲ့ မော်တော်ပေါ်ကလူတွေဟာ သူဌေးဦးဘသိုက်ရဲ့လူတွေများ ဖြစ်နေမလားပဲနော် အာစရိ''

''အင်း ... အဲဒီလိုတွေးရင် ဖြစ်နိုင်တာပဲ၊ သူငှားထားတဲ့ အငြိမ့်အဖွဲ့ကို စောင့်ရှောက်ဖို့ ဦးဘသိုက်က လွှတ်လိုက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့''

ထိုအခါကျမှ အိုင်အိုချစ်သွေးမှာ အရိပ်လို လိုက်ပါလာသော မော်တော်နှင့်ပတ်သက်၍ စိတ်အနှောင့်အယှက် ဖြစ်နေမှုကင်းပသွားရတော့၏။

✪





စံရတီအငြိမ့်အဖွဲ့ကို သယ်ဆောင်လာသည့် ငွေနဒီနှစ်ထပ်သင်္ဘောကြီးမှာ ရွှေကူမြို့ဆိပ်ကမ်းတွင် တစ်ညတာ ရပ်နားအိပ်စက်ရလေသည်။

ငှက်သမွန်များ၊ သစ်ဖောင်များ၊ မော်တော် သင်္ဘောများဖြင့် စည်ကားလျက်ရှိသော ရွှေကူဆိပ်ကမ်းသို့ရောက်တော့ ညနေရီ မှောင်စပျိုးလုပြီ။

သူတို့သင်္ဘောကြီးကို သစ်ဖောင်တို့နှင့်ဝေးရာ ဆိပ်ကမ်း၏မြောက်ဘက်၌ ဆိုက်ကပ်ထားလိုက်၏။

သူတို့သင်္ဘောနောက်မှ လိုက်ပါလာသည့် မော်တော်လေးကမူ မော်တော်တစ်စင်းခြားနေရာ၌ ဝင်ရောက်ဆိုက်ကပ်နေရာယူထားသည်။

''ရတီတို့ ဆိပ်ကမ်းပေါ်တက်ဦးမလား''

''ဟင့်အင်း ... မတက်တော့ဘူး၊ အစ်ကိုတို့ ဆိပ်ကမ်းပေါ် သွားမလို့လား၊ အတော်မှောင်နေပြီပဲ၊ ဒီသင်္ဘောပေါ်မှာပဲ ညစာစားလိုက်ပါလား၊ အစားအသောက်အတွက် သင်္ဘောက စီစဉ်ပေးထားတာပဲဟာ''

''ရောက်တုန်းရောက်ခိုက် လေ့လာမလို့ပါ၊ ပြီးတော့ ဒေသအစားအစာလည်း စားချင်လို့ဆိုပါတော့''



www.burmeseclassic.com

www.burmeseclassic.com



စံရတီက အိုင်အိုချစ်သွေးတို့ကို ဆိပ်ကမ်းပေါ် မတက်စေချင်သဖြင့် အတန်တန်တားသည်။ စံဒေဝီကတော့ ဘာမျှဝင်မပြောချေ။ စံဒေဝီသည် ကသာမှာကတည်းက အိုင်အိုချစ်သွေးတို့ကို ခပ်တန်းတန်း ဆက်ဆံ၏။ သူမသည် အခြားသူများကိုလည်း ဖော်ဖော်ရွေရွေဆက်ဆံသည်ကို မတွေ့ရချေ။ သဘောကောင်း ဖော်ရွေသော စံရတီနှင့်မူ အတော်ကွာခြားသည်။

အဂ္ဂဝဏ္ဏက စာရေးဆရာတစ်ဦးပီပီ ဒေသန္တရဗဟုသုတရစေရန် ရောက်တုန်းရောက်ခိုက် ရွှေကူမြို့၏ ညသဘာဝကို လေ့လာလိုသဖြင့် ဆိပ်ကမ်းပေါ်တက်မည်ဖြစ်ရာ အိုင်အိုချစ်သွေးလည်း လိုက်ပါသွားရတော့၏။

"အာစရိရေ . . . ညစာမစားခင် တစ်ခွက်တစ်ဖလားလောက် မော့ရအောင်၊ ဒီမှာ ကချင်အရက်ကောင်းကောင်း ရမှာဗျ။ အေးတာကလည်း အတော်အေးလာပြီ"

အချမ်းလုံစေဖို့ အကြောင်းပြပြီး အိုင်အိုချစ်သွေးက ယမကာမှီဝဲရန် ဆွယ်သည်။ အဂ္ဂဝဏ္ဏက ရှုတည်တည်ပြန်ကြည့်ပြီး လေသံပြတ်ဖြင့်ပြော၏။

"ကျုပ်က ဝါတွင်းလေးလမှာ သူရာမေရယကံကို ရှောင်ထားတယ်"





"အာ . . . အာစရိကလည်း ခု ဝါကျွတ်လို့ ဆောင်းတွင်းတောင် ရောက်နေပြီပဲဟာ"

"အေးလေ . . . ကျုပ်ကလည်း ဝါတွင်းမှာရှောင်တယ်လို့ ပြောတာပဲဟာ"

အဂ္ဂဝဏ္ဏက ခပ်ပြုံးပြုံးပြောလိုက်မှ အိုင်အိုချစ်သွေးမှာ သဘောပေါက်သွားတော့သည်။

"ဩော် . . . ဟုတ်ပြီ ဟုတ်ပြီ . . . ဟား ဟား ဟား"

"ဟင်း ဟင်း ဟင်း"

သို့ဖြင့် သူတို့နှစ်ဦးသည် ဆိပ်ကမ်းပေါ်ရှိ စားသောက်ဆိုင်တန်းမှ ယမကာရော ထမင်းဟင်းပါ တွဲရောင်းသောဆိုင်ကို ရှာဖွေကြလေ၏။

စားသောက်ဆိုင်တန်းသည်ကား မှန်အိမ်မီး၊ အောက်လင်းမီးတို့၏အလင်းဖြင့် အတော်စည်ကားလျက်ရှိပေသည်။

အောက်လင်းဓာတ်မီးရောင် လင်းလင်းကျင်းကျင်းနှင့် အတော်သပ်သပ်ရပ်ရပ်ရှိသော ဈေးတန်း၏အစွန်ဆုံးနားမှ စားသောက်ဆိုင်လေးထဲသို့ အိုင်အိုချစ်သွေးတို့ ဝင်ခဲ့ကြသည်။

ကချင်မီးတောက်အရက်နှင့် ငါးဖန်းမကင်၊ ရေဘဲကြော်၊ မုန်ညင်းကြော်တစ်ပွဲစီမှာကာ အေးအေးလူလူ စားသောက်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိစဉ် ဝါးခမောက်ဆောင်းထားသည့် လူရွယ်သုံးဦး ဆိုင်ထဲဝင်လာကာ အိုင်အိုချစ်သွေးတို့စားပွဲနှင့် မနီးမဝေးရှိ စားပွဲတွင် ထိုင်လိုက်ကြသည်ကိုတွေ့ရ၏။

"အာစရိ ... အဲဒီလူတွေဟာ ဟိုမော်တော်ကလူတွေဗျ"

"ဟုတ်လား ... ကျုပ်တို့ကို အငြိမ့်အဖွဲ့ကလူတွေလို့ ထင်ပြီး လိုက်စောင့်ရှောက်တာနေမှာပေါ့ဗျာ ... အေ့"

"အာစရိ အရမ်းမသောက်နဲ့လေ၊ ကချင်အရက်က ပြင်းတယ်ဗျ၊ အစားများများစား၊ သူများဒေသမှာ လျှော့သောက်"

အိုင်အိုချစ်သွေးမှာ ဆရာသမားလို၊ အစ်ကိုလိုချစ်ခင်သော အဂ္ဂဝဏ္ဏကို ဆရာပြန်လုပ်နေရသည်။

အဂ္ဂဝဏ္ဏက ယမကာကြိုက်တတ်သော စာရေးဆရာဖတ်တိ ပြလာ၏။ လျှော့သောက်ပါဆိုမှ ဖန်ခွက်ထဲ မီးတောက်အရက်ကို ထပ်ထည့်နေသည်။

"အေးတယ် ... မရဘူး၊ ဒီလောက်တော့လုပ်မှ"

'ဂွပ် ဂွပ်'

"အာစရိ ... တော်လောက်ပြီဗျာ၊ ထမင်းမှာလိုက်တော့မယ်"





"ထမင်းဘာလုပ်ဖို့လဲ ... စားရတာ ရီးနေပြီ ... အေ့၊ ကချင်အရက်စစ်စစ်က ကချင်ဒေသမှာမှ ရတာ"

'ဂွပ် ဂွပ်'

"အာစရိကတော့ အစောင့်အရှောက်တွေ ရှိတယ်ဆိုပြီး စွတ်တင်နေပြီ"

ဝါးခမောက်နှင့်လူသုံးယောက်က သူတို့စားပွဲဆီသို့ ကွက်ကြည့် ကွက်ကြည့်လုပ်နေကြ၏။

အိုင်အိုချစ်သွေးမှာ အဂ္ဂဝဏ္ဏကို တိုးတိုးတိတ်တိတ်တားနေရသည်နှင့် နံဘေးဝန်းကျင်ကို ဂရုမမူအားချေ။

ခဏအကြာမှာပင် အဂ္ဂဝဏ္ဏသည် စားပွဲပေါ်မှာ လက်မောင်း နှစ်ဖက်ယှက်တင်ပြီး မျက်နှာမှောက်သွားတော့၏။

အိုင်အိုချစ်သွေးလည်း သက်ပြင်းချပြီး ထမင်းနှင့်ဘဲငန်းသား ဆီပြန်ဟင်းမှာကာ ခပ်မြန်မြန် စားလိုက်ရသည်။

အဂ္ဂဝဏ္ဏကို ထမင်းထစားဖို့ ပြော၍မရတော့ချေ။ အဂ္ဂဝဏ္ဏမှာ မှောက်ထားသောမျက်နှာကို ဟိုဘက်လှည့်လိုက်၊ သည်ဘက်လှည့်လိုက် လုပ်ရင်း တဟင်းဟင်းညည်းညူလျက် အတော်မူးနေပုံရ၏။

အိုင်အိုချစ်သွေးက ထမင်းကို လက်စသတ်ရင်း ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ထုပ်တစ်ထုပ် ပါဆယ်မှာလိုက်ရသည်။

ဘဲငန်းသားဟင်းဖြင့်ပင် ထမင်းထုပ်ပါဆယ်မှာနေစဉ် ဝါးခမောက်နှင့်လူသုံးဦးက ငွေရှင်းကာ ဆိုင်ထဲမှ ထွက်သွားကြ၏။

ထမင်းထုပ်ရောက်လာသည်နှင့် ငွေရှင်းကာ အိုင်အိုချစ်သွေးမှာ ထိုင်ရာမှထရသည်။

"အာစရိ အာစရိ . . . ထ ထ၊ သင်္ဘောဆီပြန်ကြမယ်"

အတော်လေးလှုပ်နှိုးမှ တအင်းအင်းညည်းညူရင်း အဂ္ဂဝဏ္ဏက ခေါင်းထောင်လာသည်။

သူ၏ဆရာသမား ဤကဲ့သို့ တစ်ခါမျှ မမူးဖူးသဖြင့် အိုင်အိုချစ်သွေးမှာ အံ့အားသင့်နေရ၏။

"အာစရိကို အဲဒါကြောင့်ပြောတာ၊ ကချင်မီးတောက်အရက်က ပြင်းပါတယ်ဆို၊ လာ လာ . . . သင်္ဘောဆီပြန်ကြစို့၊ သိပ်ကြာနေရင် ရတီတို့ စိတ်ပူနေလိမ့်မယ်"

အဂ္ဂဝဏ္ဏက ခပ်ယိုင်ယိုင်ဖြင့် အားယူထသည်။

"ရတီတို့ စိတ်ပူနေမယ်လို့ မပြောပါနဲ့ အိုင်ဆေးရယ်၊ ရတီ စိတ်ပူနေမယ်လို့ပဲပြောပါ၊ ဟိုဟာမ စံဒေဝီကတော့ စိတ်ပူမယ့်ဟာမ မဟုတ်ဘူး၊ အလကား . . . ရုပ်ဆိုးသလောက် စိတ်





ပုပ်မယ့်ဟာမ . . . အေ့"

"ကဲပါ . . . တော်ပါတော့ အာစရိရယ်၊ သင်္ဘောဆီ ရောက်ရင် လျှောက်ပြောမနေနဲ့ဦးနော်၊ စံဒေဝီကြားသွားရင် မကောင်းဘူး"

"မကောင်း ဘာဖြစ်လဲ၊ အေ့ . . . ကျုပ်က မူးရင်တော့ ရင်ထဲရှိတာ ပြောမှာပဲ၊ ကျုပ်တို့ယောကျ်ားဆိုတာ မူးမှပြောရဲတာ၊ မိန်းမတွေက မမူးဘဲ ဆဲရဲတယ် . . . ဟဲ ဟဲ ဟဲ"

"ခက်တာပဲဗျာ အာစရိကလည်း"

"မခက်ပါဘူး အိုင်ဆေးရဲ့၊ ကျုပ် အမူးပြေမှ သင်္ဘောပေါ် တက်မှာပါ၊ အဲတော့ အမူးပြေအောင် လမ်းလျှောက်မယ်"

"ဘယ်ကိုလျှောက်မှာလဲ"

"ဟိုမှာ ဖွေးဖွေးကြီး . . . တွေ့လား၊ အဲဒီမှာ လမ်းလျှောက်မယ်"

အဂ္ဂဝဏ္ဏ ညွှန်ပြသည်က သောင်ပြင်ဖွေးဖွေးကြီး ဖြစ်သည်။ ဆိပ်ကမ်း၏မြောက်ဘက်၌ မော်တော်များ၊ သစ်ဖောင်များနှင့် ဝေးရာဖြစ်သည်။

"ကဲ . . . ကောင်းပြီ၊ အဲဒီသောင်ပြင်မှာ လမ်းသွားလျှောက်ကြမယ်၊ အဲဒီမှာ လေညင်းခံပြီး အာစရိအမူးပြေမှ



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ် တက်ကြတာပေါ့''

သို့ဖြင့် သူတို့နှစ်ဦးသည် ကမ်းပါးမြင့်ကြီးပေါ်မှနေ၍ သောင်ပြင်ပေါ်သို့ ဆင်းလာခဲ့ကြ၏။

လပြည့်ကျော်ကာလဖြစ်ပေမယ့် လရောင်က အတန်ပင် လင်းဖြာလျက်ရှိလေသည်။

သောင်ပြင်ပေါ် လှမ်းလျှောက်ရင်း အိုင်အိုချစ်သွေးက ခပ်ဝေးဝေးတွင် ကျန်ရစ်ခဲ့သည့် သူတို့၏ ရွှေနဒီသင်္ဘောကြီးဆီ လည်ပြန်လှမ်းမျှော်ကြည့်လိုက်သည်။

မည်းမှောင်နေသည့် မြစ်ပြင်ကြီးကို နောက်ခံပြုလျက် အောက်လင်းဓာတ်မီးရောင် တလဲ့လဲ့ဖြင့် လှမ်းမြင်နေရသော နှစ်ထပ်သင်္ဘောကြီးကို ငေးကြည့်ရင်း ယင်းသင်္ဘောကြီးပေါ်တွင် ရှိနေသည့် စံရတီအား လွမ်းသလိုလို အိုင်အိုချစ်သွေး ခံစားလိုက်ရသည်။

သူသည် ရန်ကုန်ယူနီဗာစတီမှာ ချို့ချို့ငဲ့ငဲ့ဖြင့် ပညာသင်ကြားခဲ့စဉ်ကလည်း စာကိုကြိုးစားခဲ့ရသဖြင့် ချစ်သူရည်းစား မရှာအားခဲ့။

ဘကြီးဖြစ်သူ ဦးကပ်စေး၏အထောက်အပံ့ဖြင့် ကျောင်းတက်ရခြင်းဖြစ်ရာ စာမေးပွဲကျပါက ကျောင်းထွက်ရမည်မို့ တစ်





နှစ် တစ်တန်း မှန်မှန်အောင်စေရန် ကျောင်းစာထဲပဲ စိတ်ကိုနှစ်ထားခဲ့ရ၏။

ကျောင်းပြီးသည့်အခါတွင်လည်း ဝါသနာပါရာ စုံထောက်အလုပ် လုပ်ခွင့်ရစေရန် ဆပ်ကျောင်းတက်ခဲ့ရသည်။

ဆပ်ကျောင်းမှဆင်းပြီး အလုပ်ခွင်ရောက်လာသည့်အခါမှာလည်း အလုပ်ထဲမှာ အာရုံနှစ် ကြိုးစားနေခဲ့သဖြင့် ချစ်သူရည်းစားထားဖို့ အချိန်မပေးနိုင်ခဲ့ချေ။

ယခုတော့ လူသတ်တရားခံ သို့မဟုတ် လူသတ်တရားခံတို့နှင့် တစ်နည်းနည်း ဆက်နွှယ်ပတ်သက်နေနိုင်သည့် စံရတီဆိုသော အငြိမ့်သမလေးနှင့် မမျှော်လင့်ဘဲ ဆုံစည်းခဲ့ရပြီး ရက်ပိုင်းအတွင်းမှာပင် ခင်မင်ရင်းနှီးခွင့်ရကာ သံယောဇဉ် ငြိတွယ်နေမိခဲ့ပြီ။

''ရတီရယ် ... ကိုယ် ရတီ့ကိုချစ်မိနေပြီထင်ပါရဲ့၊ ခက်တာက ရတီဟာ ရာဇဝတ်မှုကြီးနဲ့ ပတ်သက်နေသလားလို့ သံသယဖြစ်စရာအခြေအနေမှာ ရှိနေတယ်၊ ကိုယ်ကလည်း ဥပဒေရဲ့ဘက်တော်သား၊ ရတီ့ကို ကိုယ်ချစ်မိသည့်တိုင် ရတီဟာ ကိုယ်လိုက်နေတဲ့ ရာဇဝတ်မှုကြီးနဲ့ ပတ်သက်နေတယ်ဆိုရင်တော့ ရတီ့ကို ချမ်းသာပေးနိုင်မှာမဟုတ်ဘူး၊ ဟူး ... ခက်ပါလား''



www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂဝဏ္ဏက သောင်ပြင်ပေါ်ဝယ် ခပ်ယိုင်ယိုင်ဖြင့် လှမ်းလျှောက်နေသလို အိုင်အိုချစ်သွေးသည်လည်း ခပ်ငိုင်ငိုင်ဖြင့် လှမ်းလျှောက်လျက်ရှိရာ ဆိပ်ကမ်းနှင့်အတော်ဝေးပြီး လူသူပြတ်လပ်ရာသို့ ရောက်မှန်းမသိ ရောက်သွားတော့၏။

ထိုစဉ် လေအေးလေးတစ်ချက် ရုတ်တရက် ဝှေ့တိုက်လိုက်ရာ စိမ့်ခနဲ အေးသွားမှ အိုင်အိုချစ်သွေးသည် သတိဖျတ်ခနဲဝင်သွားပြီး ...

"ဟာ အာစရိ ... ကျွန်တော်တို့လမ်းလျှောက်လာတာ အတော်ဝေးလာခဲ့ပြီ၊ လာ လာ ... ပြန်ကြစို့"

ဟုပြောကာ အဂ္ဂဝဏ္ဏ၏လက်မောင်းကို လှမ်းဆွဲလိုက်စဉ်မှာပင် သူတို့၏နံဘေး ဝါးတစ်ရိုက်အကွာခန့်ရှိ ချုံပုတ်တို့နောက်မှ လူရိပ်သုံးခု ရုတ်တရက် ထွက်လာတော့၏။

ထိုသူတို့၏လက်ထဲတွင် ဓားမြှောင်ကိုယ်စီနှင့် ဓားသွားတို့က လရောင်အောက်တွင် ဖွေးဖွေးလက်နေကြတော့သည်။

"အာစရိ သတိထား"

သူ၏သတိပေးသံမဆုံးမီမှာပင် ဝါးခမောက်ဆောင်းထားသည့် လူရိပ်သုံးခုက သူတို့နှစ်ဦးဆီသို့ တစ်ဟုန်ထိုးပြေးလာကာ ဓားမြှောင်တို့ဖြင့် တရကြမ်းတိုက်ခိုက်တော့၏။





ရုတ်တရက်မို့ အိုင်အိုချစ်သွေးမှာ ကုတ်အင်္ကျီအောက် ချိုင်းမှစလွယ်ထဲရှိ ပစ္စတိုကို ထုတ်ယူရန် အချိန်မရတော့ချေ။

သို့ကြောင့်လည်း သူ၏ရင်ဝဆီ ပြေးဝင်လာသည့် ဓားမြှောင်ထိုးချက်ကို ခြေတစ်လှမ်းဆုတ်ကာ ရှောင်လိုက်ရပြီး နံဘေးမှဝင်လာသည့် ဓားကိုမူ ဒူးတစ်ဖက်ညွတ်ကာ ကိုယ်တစောင်း လှည့်ရှောင်ရင်း ရှူးဖိနပ်စောင်းဖြင့် ဓားကိုင်လက်အား အောက်မှ ပင့်ခတ်ထည့်လိုက်ရ၏။

'ဖြောင်း'

သူက လူနှစ်ယောက်၏ ဓားမြှောင်ဖြင့် တိုက်ခိုက်ချက်ကို ကမန်းကတန်း ရှောင်တိမ်းကာကွယ်လိုက်ရင်း သူ၏ဆရာသမား အဂ္ဂဝဏ္ဏအတွက် စိတ်ပူကာ လှမ်းကြည့်လိုက်မိတော့သည်။

"ဟာ ... အာစရိ"

သူ စိုးရိမ်ပူပန်စွာ လှည့်ကြည့်လိုက်စဉ်မှာပင် လူဆိုးတစ်ဦးက အဂ္ဂဝဏ္ဏ၏ကျောပြင်ကို ဓားမြှောင်ဖြင့် အားပါးတရ စိုက်ထိုးလိုက်တော့၏။

ထိုအခါ အဂ္ဂဝဏ္ဏသည် မယုံနိုင်လောက်သော လျင်မြန်ခြင်းမျိုးဖြင့် ဝဲဘက်သို့ ဘေးတိုက်ခြေတစ်လှမ်းလှမ်းကာ ဒူးကို



www.burmeseclassic.com

www.burmeseclassic.com



ညွှတ်ကွေးလျက် ကိုယ်ကိုဝပ်ချပြီး ရှောင်လိုက်ရာ ကျောပြင်ဆီ ဦးတည်ထိုးစိုက်လိုက်သော ဓားမြှောင်မှာ လေကိုသာ ခွင်းမိသွားပြီး ဓားကိုင်လူဆိုးမှာ ရှေ့သို့ အားလွန်ကာ ငိုက်ကျသွားတော့၏။

ယင်းအချိန်မှာပင် အဂ္ဂဝဏ္ဏသည် ကိုယ်ကို ချာခနဲ တစ်ပတ်လှည့်ပြီး ဓားကိုင်လူဆိုး၏နံပါးကို ခြေစောင်းဖြင့် အရှိန်ပြင်းစွာ ခတ်ထည့်လိုက်တော့သည်။

'ဖြောင်း'

'အု ‥ အား'

လူဆိုးမှာ ဓားလွတ်ကျသွားပြီး နံကို လက်ဖြင့်နှိပ်လျက် သဲသောင်ပြင်ပေါ် လူးလိမ့်သွားတော့၏။

ထိုလူလွတ်ကျသွားသည့်ဓားမြှောင်ကို အိုင်အိုချစ်သွေးက သဲပြင်ပေါ် ကျွမ်းတစ်ပတ်လိမ့်ထိုးကာ ဖျတ်လတ်စွာကောက်လိုက်ပြီး ဓားမြှောင်သမားနှစ်ဦးကို ရင်ဆိုင်လိုက်လေသည်။

ဝါးခမောက်ဆောင်းထားသည့် လူဆိုးနှစ်ဦးက ဘေးဘယ်ညာမှ ညှပ်တိုက်လာပြန်ရာ အိုင်အိုချစ်သွေးသည် ခြေအနတ်အသိမ်း၊ ဒူးညွှတ်၊ ခေါင်းငုံ၊ ကိုယ်လှည့်ဖြင့် လျင်မြန်စွာ ရှောင်တိမ်းရင်း တွက်ဓား၊ ပတ်ဓားတို့ဖြင့် လျှပ်တစ်ပြက် တုံ့ပြန်တိုက်ခိုက်ရာ လူဆိုးနှစ်ဦးမှာ ဒဏ်ရာကိုယ်စီရသွားပြီး တအီးအီး





တအားအားအော်လျက် နောက်သို့ ကမန်းကတန်း ဆုတ်သွားကြရတော့၏။

ထို့နောက် လဲကျနေသူကို လျင်မြန်စွာ ဆွဲထူပြီးလျှင် ချုံများကြားသို့ ကသုတ်ကရက်ဖြင့် ထွက်ပြေးသွားကြတော့၏။

အိုင်အိုချစ်သွေးက လက်ထဲမှဓားမြှောင်ကို ခါးပတ်ကြားတွင် ထိုးလိုက်ပြီး ဦးခေါင်းနှင့်ခန္ဓာကိုယ်ထက်မှ သဲမှုန်တို့ကို ခါရင်း ...

"အာစရိ အတော်ကြီးမူးနေလို့ ကျွန်တော်ကစိုးရိမ်နေတာ၊ အရေးအကြောင်းကြုံတော့လည်း မူးတာတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပါလားဗျ"

ဟုပြောလိုက်ရာ အဂ္ဂဝဏ္ဏက ပြုံးလိုက်ရင်း ...

"ဟင်း ဟင်း ... ကျုပ်က တကယ်မူးတာမှ မဟုတ်ဘဲ၊ အဲဒီ ခမောက်နဲ့ကောင်တွေ ဆိုင်ထဲဝင်လာကတည်းက မသင်္ကာလို့ မူးချင်ဟန်ဆောင်ပြီး သူတို့ကို မသိမသာ အကဲခတ်စောင့်ကြည့်နေခဲ့တာ အိုင်ဆေးရဲ့၊ ပြီးတော့ ... ဒီကောင်တွေရဲ့ အကဲကို ပိုသိချင်လို့ ဒီလိုလူသူဝေးရာသောင်ပြင်ဆီ ထွက်လာခဲ့တာ၊ ထင်တဲ့အတိုင်းပဲ ... အဲဒီကောင်တွေဟာ ပါပဂြိုဟ်တွေပဲ"

ဟု ခပ်အေးအေးလေသံဖြင့် ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အာစရိရဲ့ ပါးနပ်ပုံ၊ သွေးအေးပုံကတော့ အံ့ပါရဲ့ဗျာ၊ ကဲ . . . အာစရိအတွက် ဝယ်လာတဲ့ထမင်းထုပ်ကတော့ သဲတောထဲ ပြုတ်ကျပွင့်ထွက်သွားပြီဗျ၊ ထမင်းထုပ် ထပ်ဝယ်ပြီး ပြန်ကြရအောင်"

"ကောင်းပါလေ့ဗျာ"

ထို့နောက် သူတို့နှစ်ယောက်သည် စားသောက်ဆိုင်တန်းဘက်သို့ ပြန်လျှောက်လာခဲ့ကြပါတော့သတည်း။

✪

ရွှေနဒီသင်္ဘောကြီးပေါ် ပြန်ရောက်သည့်အခါ စံရတီတို့ညီအစ်မ မအိပ်သေးချေ။

"အစ်ကိုတို့သွားတာ ကြာလိုက်တာ၊ ရတီက စိတ်ပူနေတာ"

စံရတီက ပူပန်စိုးရိမ်သံလေးဖြင့် ဆီးကြိုပြောရှာသော်လည်း စံဒေဝီကမူ မျက်မှောင်လေးကုတ်ကာ မျက်နှာကို တစ်ဖက်သို့ လွှဲထား၏။





အိုင်အိုချစ်သွေးက သောင်ပြင်ပေါ်တွင် ကြုံခဲ့ရသည့် သည်းထိတ်ရင်ဖိုကိစ္စကို ပြောပြနေစဉ် အဂ္ဂဝဏ္ဏကမူ ဘာမှမဖြစ်သလို ထမင်းကို အေးအေးလူလူ စားနေလေသည်။

အိုင်အိုချစ်သွေးပြောသမျှကို ညီအစ်မနှစ်ယောက်စလုံး စိတ်ဝင်တစား နားစိုက်ထောင်နေကြသော်လည်း စံရတီက နှုတ်ခမ်းနှစ်မွှာကို ဟလျက် အံ့အားတသင့် ဖြစ်နေသလောက် စံဒေဝီကမူ ကျောက်ရုပ်လို အေးစက်စက်မျက်နှာဖြင့်သာ ငြိမ်သက်နေ၏။

"ဟယ် . . . အစ်ကိုတို့ ကံသီလို့ပါလား၊ ဟိုအစ်ကိုကြီးအဂ္ဂသာ အရက်တကယ်မူးနေရင် အခက်ပဲနော်"

"ဟုတ်တယ် ရတီ . . . အာစရိသာ အခြေအနေကို မရိပ်စားမိဘဲ အရက်ကို တကယ်မူးအောင်သောက်ခဲ့ရင် အခြေအနေက တစ်မျိုးပြောင်းသွားနိုင်တယ်"

"ဒါထက် အဲဒီလူတွေက ဘာဖြစ်လို့ အစ်ကိုတို့ကို အသက်အန္တရာယ်ပြုရတာလဲဟင်"

ဤတွင် ထမင်းစားပြီးသွားပြီဖြစ်သည့် စာရေးဆရာ အဂ္ဂဝဏ္ဏက ဆေးတံကြီးခဲလျက် စံရတီတို့စကားဝိုင်းမှာ ဝင်ထိုင်လိုက်ရင်း ခပ်အေးအေးလေသံဖြင့် ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ကျုပ်တို့နှစ်ယောက်ကို ဗန်းမော်မရောက်ခင် မှာပဲ အပြတ်ရှင်းချင်နေကြတာလေ"

"အို ... သူတို့က ဘာဖြစ်လို့ အဲဒီလိုလုပ်ချင်ရတာလဲ"

အိုင်အိုချစ်သွေးရော အဂ္ဂဝဏ္ဏပါ စံရတီကို ဖျတ်ခနဲ ကြည့်ကာ အကဲခတ်လိုက်ကြလေသည်။

သူမ၏ နုမွတ်သန့်စင်လှပသော မျက်နှာလေးဝယ် လျှို့ ဝှက် ဟန်ဆောင်ဖုံးကွယ်ထားသည့် အရိပ်အယောင် စိုးစဉ်းမျှ မတွေ့ရချေ။

စံဒေဝီကမူ စိတ်ရှုပ်ထွေးသောအမူအရာဖြင့် ဒူးတစ်ဖက် ထောင်ထိုင်ကာ လက်တစ်ဖက်ဖြင့် ဆံပင်ကိုဖွရင်း ကြမ်းပြင်ကို စိုက်ကြည့်နေ၏။

အိုင်အိုချစ်သွေးက ခါးကြားမှာထိုးပြီး ကုတ်အင်္ကျီဖုံးထား သည့် ဓားမြှောင်ကို ဆွဲထုတ်ယူလိုက်ကာ စကားဝိုင်းအလယ်မှ နှီးချောဖျာပေါ် ချပေးလိုက်လေသည်။

"အဲဒါ ... သူတို့ဆီက ရခဲ့တဲ့ဓားမြှောင်ပဲ ရတီ၊ အဲဒီ ဓားမြှောင်ရဲ့ လက်ကိုင်ရိုးကို သေချာကြည့်လိုက်၊ ဘာတွေ့သလဲ လို့"

စံရတီက မရွံ့မရဲဟန်ဖြင့် ဓားမြှောင်ကို ကောက်ယူ





လိုက်ကာ လက်ကိုင်ရိုးကို အောက်လင်းမီးအလင်းရောင်ဖြင့် သေချာကြည့်လိုက်လေသည်။

ဓားမြှောင်မှာ ထိုးဓားအဖြစ်ရော၊ ပေါက်ဓားအဖြစ်ပါ သုံး၍ရအောင် စနစ်တကျ သံကောင်းကောင်းဖြင့် ပြုလုပ်ထား သော ဓားမြှောင်ဖြစ်ပြီး သစ်သားလက်ကိုင်ရိုး၏ ဘေးနှစ်ဖက် ပေါ်တွင် အနက်ရောင်ကြယ်တစ်လုံးစီကို တွေ့ရလေ၏။

သို့သော် ဓားမြှောင်မှာ သက်တမ်းအတော်ရင့်ပြီး အသုံး ပြုမှု များခဲ့ဟန်တူ၏။ သစ်သားလက်ကိုင်ရိုးဝယ် ချေးအထပ်ထပ် တင်ကာ သစ်သားအရောင်ပင် ပျောက်လျက် ညို့ညစ်ညစ်ဖြစ်နေ ရာ သေချာကြည့်မှ ကြယ်တို့ကို တွေ့ရလေသည်။

"ဒီမှာ ကြယ်နက်တစ်လုံးစီပဲ"

"ဟုတ်တယ် ရတီ ... ဒီဗန်းမော်ခရိုင်ဒေသဘက်မှာ ကြယ်နက်ဆိုတဲ့ ဂိုဏ်းတစ်ဂိုဏ်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း လေး ဆယ်ကျော်လောက်ကတည်းက ရှိခဲ့ဖူးတယ်၊ သူတို့က လူဆိုး ဂိုဏ်းတော့ မဟုတ်ဘူး၊ မျိုးချစ်တော်လှန်ရေးသမားတွေနဲ့ ဖွဲ့ စည်းထားတာပဲ၊ အဲဒီဂိုဏ်းက အခုတစ်လော လူသတ်မှုသုံးမှုကို ဆက်တိုက်ဆိုသလို ကျူးလွန်ခဲ့ကြတယ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



စံရတီက အထိတ်တလန့်ဟန်ဖြင့် မျက်လုံးလေး အဝိုင်းသားဖြစ်သွားသလို သည့်တစ်ခါတော့ စံဒေဝီပါ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အိုင်အိုချစ်သွေးကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"လူသတ်မှု ... ဟုတ်လား"

"ဟုတ်တယ် မစံဒေဝီ"

"ဒေဝီလို့ပဲ ခေါ်ပါ"

"ဟုတ်ကဲ့ ဒေဝီ ... ဒီအကြောင်းတွေကို ခုလို ပွင့်ပွင့်လင်းလင်းပြောပြရတာက ခရီးလမ်းပန်း ဝေးလံပြီး ဒေသစိမ်းလည်းဖြစ်တဲ့ ဒီခရီးစဉ်မှာ အင်အားတောင့်တင်းပြီး ရက်ရက်စက်စက် ပိပိရိရိ အန္တရာယ်ပြုနိုင်စွမ်းတဲ့ လူသတ်သမားအဖွဲ့ဝင်တွေဟာ ကျွန်တော်တို့နဲ့အတူ လိုက်ပါလာနေလို့ပါပဲ၊ သူတို့ဟာ ကျွန်တော်တို့ကို အချိန်မရွေး အန္တရာယ်ပြုလာနိုင်တယ် ... ဒါကြောင့် ခုလို ဖွင့်ပြောရတာပါ"

ဖျာကြမ်းခင်းထားသည့် ကြမ်းပြင်ပေါ် ဝိုင်းထိုင်ရင်းစကားပြောနေကြသည့် အထူးခန်းကြီးထဲတွင် သူတို့လေးဦးတည်းရှိကာ အပြင်လူဆို၍ အခန်းခေါင်းရင်းထောင့်တွင် အိပ်စက်နေသည့် ဝတ်ဖြူစင်ကြယ်နှင့် ခရီးကြုံလိုက်ပါလာသော အဘိုးအိုတစ်ဦးသာ ရှိသည်။





အသက်ခုနစ်ဆယ်ခန့်ရှိသော ယင်းအဘိုးအို၏အမည်မှာ ဦးပေါင်းဖြစ်ပြီး ရောဝတီမြစ်ရိုးတစ်လျှောက် စုန်ဆန်သွားလာကာ ဘုရားတည် ကျောင်းဆောက် စသည်ဖြင့် သာသနာပြုလုပ်ငန်းများ ပြုလုပ်နေသော အဘိုးအိုဟုသိရ၏။

အဘိုးဦးပေါင်းမှာ သဘောဆလင်နှင့် ရင်းနှီးသူဖြစ်ပြီး ၎င်းသဘောဖြင့် မန္တလေး–ဗန်းမော်ခရီးကို လိုက်ပါနေကျဖြစ်သောကြောင့် ယခုအခေါက်မှာလည်း ဗန်းမော်သို့ ခရီးကြုံလိုက်ပါလာခြင်းဖြစ်သည်။

လွန်စွာစကားနည်း အေးဆေးပြီး တစ်လမ်းလုံး ပုတီးစိပ်နေခဲ့သည့် အဘိုးဦးပေါင်းမှာ ညရောက်တော့လည်း စောစီးစွာ အိပ်ပျော်သွားပြီမို့ စံရတီတို့ လွတ်လပ်စွာ စကားပြောဆိုနေနိုင်ကြခြင်းဖြစ်၏။

"ကြယ်နက်အဖွဲ့ဟာ ဒေဝီတို့နဲ့အတူ လိုက်ပါလာတယ်လို့ ရှင်က ဘာဖြစ်လို့ ပြောနိုင်တာလဲ ကိုချစ်သွေး"

"သူတို့ဟာ ကျွန်တော်တို့သဘောရဲ့နောက် မလှမ်းမကမ်းကနေ လိုက်လာတဲ့ မော်တော်လေးပေါ်က လူသုံးယောက်ပဲ၊ သူတို့ကို လူဆိုးတွေမှန်း ကျွန်တော်တို့က သိနေတယ်၊ ဒါကြောင့် ကျွန်တော်တို့ကို သတ်ဖြတ်သုတ်သင်ဖို့ ကြိုးစားခဲ့ကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . . . ဒါဆို အဲဒီမော်တော်ပေါ်မှာ အန္တရာယ်ကောင်တွေ ရှိနေတယ်ပေါ့၊ ဘယ်မှာလဲ . . . သင်းတို့ရဲ့သတင်း ဆိပ်ကမ်းပုလိပ်အဖွဲ့ဆီ သွားပြောရအောင်"

စံဒေဝီက လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ထိုင်ရာမှထရန် ဟန်ပြင်လိုက်သဖြင့် အိုင်အိုချစ်သွေးက တားလိုက်ရသည်။

"နေပါစေတော့ ဒေဝီ၊ သူတို့မော်တော်လည်း မရှိတော့ပါဘူး၊ ကျွန်တော်တို့ ဒီသင်္ဘောပေါ်မတက်ခင် သူတို့မော်တော် ဆိုက်ကပ်ထားတဲ့နေရာ သွားကြည့်ပြီးပြီ"

ဤတွင် စံရတီကဝင်ပြောလေသည်။

"ဩော် . . . ဒါကြောင့် စောစောက မော်တော်တစ်စီးရဲ့ ခုတ်မောင်းသံ ကြားလိုက်ရတာကိုး၊ ရတီတောင် ဒီလောက် ဆောင်းတွင်းဘက်ကြီး ရေကြောင်းကျပ်နေတဲ့ဟာကို ညကြီး မင်းကြီး ဆန်တက်သွားရသလားလို့ စိတ်ထဲကနေ ကျိတ်ပူပန် နေလိုက်သေးတယ်ရှင့်"

"အဲဒီကောင်တွေ လစ်ပြေးပြီပေါ့၊ ဒီဆိပ်ကမ်းမှာ ဘယ် နေရဲတော့မှာလဲ"

"မော်တော်က ဆန်တက်သွားတာလား"

"ဟုတ်တယ် . . . အစ်ကိုတို့ရောက်မလာခင်ကလေးပဲ"





"ဒါဆိုရင်တော့ မိုးကောင်းမှာ ပြန်ဆုံဦးမယ်နဲ့တူတယ်"

ဤတွင် စံဒေဝီက မျက်မှောင်ကုတ်လျက်မှ လေသံ ခပ်ပြတ်ပြတ်ဖြင့် ဝင်ပြောသည်။

"အဲဒီကောင်တွေဟာ ရှင်တို့နဲ့ ရန်ငြိုးရန်စရှိတော့ ရှင် တို့ရှိရာ လိုက်နေကြရမှာပဲ၊ ဒီအတိုင်းဆို မိုးကောင်းကနေ ကြို စောင့်မယ့်သဘော ရှိတယ်၊ ကျွန်မတို့က မိန်းကလေးတွေ၊ သူတို့က ကျွန်မတို့ကိုပါ ရန်မူလာမှာစိုးရတယ်၊ ဒီတော့ မနက် ကျရင် ရှင်တို့ ဒီဆိပ်ကမ်းကနေပဲ ပြန်လှည့်သွားကြစေချင်တယ်၊ ရှင်တို့ ကျွန်မတို့နဲ့ ဆက်လိုက်နေရင် ကျွန်မတို့အတွက် အန္တ ရာယ်ရှိတယ်၊ ညီမလေးရတီအတွက် ကျွန်မ သိပ်ကို စိုးရိမ် သွားပြီ"

သူတို့နှစ်ယောက်ကို နဂိုကတည်းက ကြည်ဖြူပုံမရ သော စံဒေဝီအနေဖြင့် သူတို့ကို ကန်ထုတ်နိုင်ရန် ကြိုးစားချေပြီ။

စံရတီကမူ သူတို့ကို အားနာစွာကြည့်လိုက်ပြီးနောက် သူ့အစ်မကို လှည့်ပြောသည်။

"အို မမကလည်း . . . အစ်ကိုတို့ကို အတူလိုက်ခဲ့ဖို့ ခေါ်လာပြီးမှ မောင်းမထုတ်ပါနဲ့၊ အားနာဖို့ကောင်းလိုက်တာ"

ထိုအခါ စံဒေဝီက အသံပိုမိုပြတ်တောက်စွာ လေသံ



www.burmeseclassic.com

www.burmeseclassic.com



မာမာဖြင့် ထပ်ပြောသည်။

"ဒီမှာ ရတီ ... သူတို့ကြောင့် နင်ရလာနိုင်မယ်လို့ ထင်ထားတဲ့အခွင့်အရေးတွေကို မျှော်ကိုးပြီး အားနာမနေနဲ့၊ အဲဒါတွေက ဆောက်ဖြစ်မှ ကျောင်းဒကာပါပဲဟယ်၊ သူတို့ကြောင့် ငါတို့ညီအစ်မအပေါ် ကျလာမယ့်အန္တရာယ်က ပိုကြီးတယ် ... သိရဲ့လား"

ဤတွင် အိုင်အိုချစ်သွေးက မနေသာစွာ ဝင်ပြောရတော့သည်။

"ရပါတယ်ရတီ၊ ကိုယ်တို့ ဒီဆိပ်ကမ်းက စားသောက်ဆိုင်တစ်ဆိုင်ဆိုင်မှာဖြစ်ဖြစ်, မြို့ထဲက တည်းခိုခန်းတစ်ခုခုမှာဖြစ်ဖြစ် တည်းခိုပြီး နေရစ်လိုက်မယ်၊ ရတီတို့ပဲ ဆက်သွားပါ၊ ဒီညပဲ ကိုယ်တို့ ဆိပ်ကမ်းပေါ်တက်တော့မယ်"

စံရတီမှာ မျက်နှာလေးပျက်သွားရှာသည်။

"အို ... မဟုတ်တာ၊ အစ်ကိုတို့အတွက် ရန်သူရှိနေပြီ၊ ဒီဒေသစိမ်းကြီးမှာ ညဘက် ထွက်မသွားပါနဲ့တော့၊ ဒီသင်္ဘောပေါ်မှာပဲ နေပါ၊ မနက်ကျ သင်္ဘောထွက်မှ မိုးကောင်းကို ဆက်လိုက်, မလိုက်ကတော့ အစ်ကိုတို့ရဲ့သဘောပါပဲ၊ ဒီညတော့ ဒီသင်္ဘောပေါ်မှာပဲ နေကြပါရှင်"





စံရတီက စိတ်မကောင်းစွာ အတင်းတားမြစ်နေသည်။ စံဒေဝီကတော့ မျက်နှာသုန်မှုန်စွာဖြင့် တစ်ဖက်သို့ လှည့်နေ၏။

စံရတီက အထပ်ထပ် အတန်တန် တားနေသဖြင့် သင်္ဘောပေါ်မှ မဆင်းဖြစ်တော့ချေ။

ညကလည်း အတော်နက်နေပြီဖြစ်၏။ ကမ်းပါးမြင့်ပေါ်ရှိ ဆိပ်ကမ်းစားသောက်ဆိုင်တန်းမှ အောက်လင်းဓာတ်မီးတို့၏ ရောင်ရှိန်ပင် မှိန်ဖျော့စပြုပြီ။ စားသုံးသူတို့၏ စားရင်း သောက်ရင်း ရယ်မောစကားပြောဆိုသံများမှာလည်း တစ်စ တစ်စ တိုးတိတ်သွားကာ တစ်ချက်တစ်ချက်မှသာ သဲ့သဲ့မျှ ဝေ့ဝဲထွက်ပေါ်လာလျက်ရှိသည်။

သို့ဖြင့် ထိုညက ရွှေနဒီသင်္ဘောကြီးပေါ်မှာပင် အိုင်အိုချစ်သွေးတို့ အိပ်စက်ခဲ့ကြရတော့သည်။

✪

နောက်နေ့မနက်တွင် ဧရာဝတီမြစ်အတွင်း၌ (မှိုင်းကွဲချိန်) နှင်းမြူကွဲချိန်ကို ရွှေနဒီစောင့်စားလျက်ရှိစဉ် အိုင်အိုချစ်သွေး



www.burmeseclassic.com

www.burmeseclassic.com



က စံရတီအား နှုတ်ဆက်ကာ သင်္ဘောကြီးပေါ်မှ ဆင်းရန်ပြင်သည်။

စံရတီက အောက်ထပ်သို့ဆင်းသည့် လှေကားအဝအထိ မျက်နှာလေးညှိုးညှိုးလေးဖြင့် လိုက်လာပြီး ...

"မမဒေဝီကနှင်လို့ အစ်ကိုတို့ စိတ်ဆိုးသွားတာပေါ့နော်၊ ရတီ အားလည်းနာတယ်၊ စိတ်လည်းမကောင်းဘူး"

ဟု တကယ်စိတ်ထိခိုက်သံလေးဖြင့် ပြောရှာသည်။

"ဒေဝီ့ကို စိတ်မဆိုးပါဘူး ရတီ၊ ကိုယ်တို့မှာ တကယ်ပဲ အန္တရာယ်တွေ ရှိနေတယ်၊ ဒေဝီပြောသလိုပဲ ရတီတို့နဲ့အတူ ကိုယ်တို့ရှိနေရင် အဲဒီအန္တရာယ်ဟာ ရတီတို့ရဲ့အပေါ်ကိုလည်း ကျရောက်လာနိုင်တယ်၊ ဒါကြောင့် ရတီတို့နဲ့အတူ ဆက်မလိုက်ဖို့ ဆုံးဖြတ်ရတာပါ"

"အစ်ကိုတို့က ရန်ကုန်ကို ပြန်မှာလားဟင်"

"ဒါကတော့ အတတ်ပြောလို့ မရသေးဘူး ရတီ၊ ပြန်ဖြစ်ဖို့တော့ များပါတယ်"

စကားပြောရင်း သံလှေကားကြီးမှ အောက်ထပ်သို့ ဆင်းလာရာ စံရတီပါ လိုက်ပါလာ၏။

"ဒါထက်အစ်ကို ... ကြယ်နက်ဂိုဏ်းသားတွေဟာ





ဘာဖြစ်လို့ အစ်ကိုတို့ကို ဗန်းမော်မရောက်ခင် အသက်ရှန်ရှာချင်ရတာလဲ"

"ဒါတော့ သူတို့ပဲ သိလိမ့်မယ် ရတီ"

သင်္ဘောကြီး၏အောက်ထပ်တွင် လူသူအတော်လေး ရှင်းနေသဖြင့် လွတ်လပ်စွာ စကားပြောနိုင်ကြသည်။ အငြိမ့်သူ အငြိမ့်သားတို့မှာ သင်္ဘောမထွက်မီ ဒေသထွက်ကုန်ပစ္စည်းအချို့ ဝယ်ယူရန် ကမ်းနားဈေးလေးဆီ သွားနေကြသဖြင့် လူအတော် အတန် ရှင်းနေခြင်းဖြစ်၏။

"ကြယ်နက်ဂိုဏ်းနဲ့ အစ်ကိုတို့ ဘယ်လိုဖြစ်ပြီး ပတ်သက်နေရတာလဲ"

"ပြောရရင်တော့ ရှည်တယ်ရတီ၊ အတိုချုပ်ပြောရရင် အဲဒီ ကြယ်နက်ဂိုဏ်းဆိုတဲ့လူသတ်ဂိုဏ်းနဲ့ ကိုယ်တို့နဲ့ ပြဿနာ ရှိနေတယ်၊ ကိုယ်တို့မှာ ကြယ်နက်ဂိုဏ်းသူလေးတစ်ဦး ဖြစ်နိုင်တဲ့ ကောင်မလေးတစ်ယောက်ရဲ့ဓာတ်ပုံ ရှိတယ်၊ အဲဒီဓာတ်ပုံရှင်ဟာ ရတီနဲ့ သိပ်တူနေတယ်"

"ဟင် ... ရတီနဲ့ တူတယ် ... ဟုတ်လား"

"ဟုတ်တယ် ... ဒီမှာကြည့်လေ"

အိုင်အိုချစ်သွေးက ဘေးဘီကို အကဲခတ်လိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



လှုသူရှင်းနေသည်မှာ သေချာမှ ကုတ်အင်္ကျီအတွင်းအိတ်ထဲ အသင့်ထည့်ထားသော ဓာတ်ပုံကို ထုတ်ပြလိုက်၏။

"အို"

ဓာတ်ပုံကိုကြည့်ပြီး စံရတီက အံ့သြနေရှာသည်။

"အဲဒီဓာတ်ပုံထဲကကောင်မလေးဟာ ရတီနဲ့ မတူဘူးလား"

"အင်း ... အတော်တူတယ် အစ်ကို၊ ဒါပေမဲ့ ဒါဟာ ရတီမဟုတ်ဘူး၊ ရတီ ဒီလိုမျိုးကြီးဝတ်စားပြီး ဓာတ်ပုံအရိုက်မခံဖူးဘူး၊ ကြည့်ပါဦး ... ခါးမှာလည်း ကျည်ခါးပတ်ကြီး ပတ်လို့"

အိုင်အိုချစ်သွေးက စံရတီ၏မျက်နှာချောချောလေးကို တည်ငြိမ်စွာ တည့်တည့်ကြည့်ရင်း ...

"ရတီ့ကို အရေးကြီးတာတစ်ခု မေးချင်တယ်"

ဟု လွန်စွာ အလေးအနက်ထားသည့်လေသံဖြင့် ပြောလိုက်လေသည်။

"မေးပါ အစ်ကို"

"စံဒေဝီဟာ အခုလို ရုပ်မပျက်ခင်က ရတီနဲ့တူသလား"

စံရတီက ကြောင်ငေးငေးလေး ဖြစ်သွားသော်လည်း





ချက်ချင်းပင် ခေါင်းယမ်းကာ ပြန်ဖြေသည်။

"ဟင့်အင်း ... မတူပါဘူး အစ်ကို၊ ညီအစ်မအရင်း ဆိုပေမယ့် မျက်နှာကျပုံချင်းပဲ တူတယ်၊ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း အဲဒီလို မျက်နှာဖွဲ့စည်းပုံမတူဘူး၊ အခုလို အပူဟပ်ပြီး သူ့ရုပ် ပျက်ထားတော့ ပိုမတူဘူးပေါ့"

စံရတီ၏အဖြေစကားကြောင့် အိုင်အိုချစ်သွေး တွေဝေသွားရတော့သည်။ ဤဓာတ်ပုံထဲမှ ကောင်မလေးသည် စံရတီလည်းမဟုတ် စံဒေဝီလည်း မဟုတ်ဆိုလျှင် မည်သူဖြစ်နိုင်မည်နည်း။

"လူတူမရှား နာမည်တူမရှား ဆိုသလို ရုပ်ချင်း သွားဆင်တာလည်း ဖြစ်နိုင်တာပဲလေ"

"ဒါထက် အစ်ကို ... ဒီဓာတ်ပုံထဲကကောင်မလေးရဲ့ ဘယ်ဘက်ရင်အုံမှာ ကြယ်လေးတစ်လုံးနော်"

"ဟုတ်တယ် ရတီ ... သူက ကြယ်နက်ဂိုဏ်းသူလေး ဆိုတော့ ကြယ်နက်တံဆိပ်ကို ရင်ဘတ်မှာ တပ်ထားတာပေါ့၊ ကဲ ထားပါလေ ... ဒီအကြောင်းတွေကို ရတီ ဘယ်သူ့မှ မပြောပါနဲ့၊ ဒေဝီ့ကိုလည်း မပြောနဲ့ ... ဟုတ်ပြီလား"

"အင်းပါ ... မပြောပါဘူး၊ ရတီလည်း ရှုပ်ရှုပ်ယှက်



www.burmeseclassic.com

www.burmeseclassic.com



ယှက်တွေ ကြောက်တယ်''

''ကဲ ... ဒါဆို ကိုယ်တို့သွားပြီ ရတီ၊ ကံမကုန်သေးရင်တော့ ပြန်ဆုံကြသေးတာပေါ့''

အိုင်အိုချစ်သွေးတို့က စံရတီကို နှုတ်ဆက်ပြီးနောက် သင်္ဘောပေါ်မှ ဆင်းသွားတော့၏။ စံရတီက သင်္ဘောလက်ရန်းတိုင်လေးကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလျက်မှ ကျန်လက်တစ်ဖက်ဖြင့် လက်လေးပြရင်း ကျန်ရစ်ခဲ့ရှာ၏။

ဆိပ်ကမ်းပေါ်ရောက်လာမှ စာရေးဆရာအင်္ဂဝဏ္ဏက လှည့်ကြည့်ကာ မေးသည်။

''အိုင်ဆေး ... ကျုပ်တို့ ရန်ကုန်ပြန်ကြမှာလား''

''မပြန်ဘူး အာစရိ၊ မိုးကောင်းအထိ စက်လှေတစ်စင်းငှားပြီးလိုက်ကြမယ်''

''စံဒေဝီ မသိအောင်လား''

''ဟုတ်တယ် အာစရိ ... ရတီတို့ညီအစ်မ မသိတာကောင်းပါတယ်၊ ကျွန်တော်တို့ရဲ့ရှေ့ကနေ ကြယ်နက်အဖွဲ့ကကောင်တွေ ကြိုတက်သွားပြီး ဗန်းမော်ကနေ စောင့်နေမယ်နဲ့တူတယ်''

''ဟုတ်တယ် ... ဖြစ်နိုင်တယ်၊ အဲဒီကြယ်နက်တွေနဲ့





တော့ တွေ့ကြသေးတာပေါ့ကွာ''

မည်သို့ဖြစ်စေ သင်္ဘောတစ်စီးတည်း အတူတူ ခရီးနှင်နေခဲ့ကြပြီးမှ စံရတီနှင့်ဝေးကွာသွားရခြင်းကိုမူ အိုင်အိုချစ်သွေး စိတ်မကောင်းဖြစ်မိပါ၏။

''မမလုပ်ပုံ မကောင်းဘူး ... သိလား၊ အစ်ကိုချစ်သွေးတို့ကို ဘယ်လောက်အားနာဖို့ ကောင်းသလဲ''

သင်္ဘောအပေါ်ထပ်သို့ ပြန်တက်လာသည်နှင့် စံရတီက အစ်မဖြစ်သူ စံဒေဝီကို အပြစ်တင်လေတော့သည်။ စံဒေဝီက နှုတ်ခမ်းကို မဲ့လိုက်၏။

''ဘာလဲ ရတီ ... နင့်ကောင်တွေကို နှင်ထုတ်လိုက်လို့လား''

''အစ်ကိုချစ်သွေးတို့ကို အကောင်တွေလို့မပြောပါနဲ့ မမဒေဝီ''

''ပြောမယ်၊ အဲဒီကောင်တွေဟာ ဘယ်က ကလေ



www.burmeseclassic.com

www.burmeseclassic.com



ကချေတွေလဲ မသိဘူး၊ ဥပမိရုပ်တွေနဲ့ ဝတ်ပုံစားပုံကတော့ စမတ်ကိုကျလို့၊ ဟွန်း . . . ဘာတွေ ကလိမ်စေ့ငြမ်းဆင်ဖို့ နင့်ကို လာချဉ်းကပ်တာလဲ မသိဘူး၊ ဒါကြောင့် မောင်းထုတ်လိုက်တာ''

''အို . . . မမရဲ့စွပ်စွဲချက်တွေက ပြင်းလှချေလား''

''ပြင်းရမယ်ရတီ၊ တတ်နိုင်ရင် သင်းတို့ကလိမ်ကျနေတာကို ဖော်ထုတ်ပြပြီး ကုပ်ဆွဲလို့ ပုလိပ်ဌာနဆီ ပို့လိုက်ချင်တာ . . . သိလား၊ ဇာတ်လမ်းရှုပ်ကုန်မှာ စိုးလို့၊ ပြီးတော့ . . . ငါ့ညီမရဲ့ တက်နေတဲ့နာမည် ထိခိုက်မှာစိုးလို့ မနည်းအောင့်အည်းသည်းခံနေခဲ့ရတာ''

''နေပါဦး မမဒေဝီ . . . မမဒေဝီက ဘာဖြစ်လို့ အစ်ကိုချစ်သွေးတို့ကို ပြင်းပြင်းထန်ထန် ရှုတ်ချနေရတာလဲ၊ သူတို့ဟာ ရတီ့အတွက် မိတ်ဆွေကောင်းတွေပါ၊ လန်ဒန်အတ်လို၊ ညွှန့်မြန်မာလို ရုပ်ရှင်ကုမ္ပဏီကြီးတွေနဲ့ ရတီ့ကို မိတ်ဆက်ပေးပြီး ရတီ့ရဲ့ဘဝကို မြှင့်တင်ပေးကြမယ့်သူတွေပါ''

''ဒီမှာရတီ . . . နင့်ကောင်တွေကို နင် သိပ်ပြီး အထင်ကြီးမနေနဲ့၊ အဲဒီကောင်တွေဟာ ဘယ်ရုပ်ရှင်ကုမ္ပဏီရဲ့ကိုယ်စားလှယ်တွေမှ မဟုတ်ဘူး''

''ရှင်''





''ဟုတ်တယ် ရတီ၊ ကျောချမှ ဓားမြမှန်းသိပြီး သိပ်လည်း အံ့သြထိတ်လန့်မသွားနဲ့၊ ဟွန်း . . . သူတို့လည်တာ လောက်ကတော့ ဒေဝီအိပ်နေသလောက် ရှိတယ်၊ ငါက ကသာမှာကတည်းက ရန်ကုန်ကို ကြေးနန်းရိုက်ပြီးမေးခဲ့တာ၊ ရန်ကုန်မှာ ငါ့ရဲ့အဆက်အသွယ်တွေ အများကြီးရှိတယ်၊ အဲဒီ ရန်ကုန်က လူတွေကို လန်ဒန်အတ်နဲ့ ညွှန့်မြန်မာရုပ်ရှင်ကုမ္ပဏီကြီးတွေဆီသွားပြီး ညည်းဆီကို ကိုယ်စားလှယ်လွှတ်ထားတာ ရှိ၊မရှိ စုံစမ်းခိုင်းလိုက်တယ်၊ ကသာကမထွက်ခင် သင်္ဘောဆိပ်မဆင်းခင်ကလေးတင် ကြေးနန်းရုံးကနေ အကြောင်းပြန်ကြားတာ ရခဲ့တယ် . . .၊

ငါ့လူတွေ အကြောင်းပြန်တာကတော့ ချစ်သွေးတို့၊ အဂ္ဂဝဏ္ဏတို့ဆိုတဲ့နာမည်နဲ့ ဘယ်ကိုယ်စားလှယ်ကိုမှ လွှတ်မထားဘူးတဲ့၊ အဲဒီလူတွေကို သိလည်းမသိဘူးတဲ့၊ နယ်တွေမှာ ဒီလိုပဲ သူတို့ရုပ်ရှင်ကုမ္ပဏီကြီးတွေရဲ့နာမည်ကို ခုတုံးလုပ်ပြီး လိုက်လိမ်ညာ လှည့်ဖြားနေသူတွေ ရှိတယ်တဲ့၊ ကဲ . . . ရှင်းပြီလား''

စံရတီမှာ အတော်တုန်လှုပ်ချောက်ချားသွားကာ စိတ်လည်း အတော်မကောင်းဖြစ်သွားရလေသည်။

သူ လေးစားခင်မင်မိသော ကိုချစ်သွေးဆိုသူမှာ လိမ်



www.burmeseclassic.com

www.burmeseclassic.com



ညာလှည့်ဖြား ချဉ်းကပ်လာသူဖြစ်နေပါလား။

"အို . . . အဲဒါ တကယ်ပဲလား မမ်ဒေဝီရယ်"

"ဟဲ့ . . . ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လားလို့ မေးနေရသေးလား၊ ငါ့လူတွေက မမှန်သတင်း ပေးပို့ပါ့မလား"

စံရတီမှာ ရွှေနဒီသဘော်ကြီးဆိပ်ကမ်းမှခွာကာ ထွက်ခွာလာသည့်အထိ မြစ်ရေပြင်ရှုခင်းဆီ တွေတွေငေးငေးကြည့်ရင်း မတုန်မလှုပ် ဖြစ်နေ၏။

သူမ၏ရင်ဝယ် ဖော်မပြတတ်သည့် ဝေဒနာဆိုးကြီးကို ခံစားနေရလေသည်။ သူမသည် ချစ်သွေးအပေါ်တွင် တွေ့ဆုံချိန် တိုတိုလေးအတွင်းမှာပင် ခင်မင်သံယောဇဉ်တွယ်ငြိမှု ဖြစ်သွားရသည်။

ချစ်သွေး၏ ယောကျ်ားပီသ သန့်စင်ခံ့ညားသော ဥပဓိရုပ်၊ အဝတ်အစားကို အထက်တန်းကျကျ သေသပ်စွာ ဝတ်စားဆင်ယင်တတ်မှု၊ စကားပြော ချိုသာအေးချမ်းမှု စသည့် ကောင်းကွက်များကို မျက်ဝန်းထဲတွင် ပြန်လည်မြင်ယောင် အမှတ်ရနေရာမှ ထိုသို့သော ယောကျ်ားကောင်းမိတ်ဆွေတစ်ဦးကို ဆုံးရှုံးလိုက်ရသလို ခံစားရလေသည်။





"ဩော် အစ်ကိုချစ်သွေးရယ် . . . မမဒေဝီပြောတာတွေ အမှန်အတိုင်း မဖြစ်ပါစေနဲ့ရှင်၊ အစ်ကိုချစ်သွေးကို လိမ်ညာလှည့်ဖြားသူလို့ ရတီ မစွပ်စွဲရက်ပါဘူးရှင်၊ ဘာပဲဖြစ်ဖြစ် အစ်ကိုချစ်သွေးနဲ့ ရတီ ပြန်ဆုံချင်ပါသေးရဲ့ရှင်"

စံရတီကား သဘော်လက်တန်းကို မှီရပ်ရင်း အဝေးသို့ငေးကာ ရင်ထဲဝယ် တစ်စုံတစ်ရာ တန်ဖိုးကြီးမားသည့်အရာ ဆုံးရှုံးလက်လွှတ်လိုက်ရသလို ခံစားကြေကွဲလျက် ရှိပါတော့သတည်း။


✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com

## ညတာရွှေတို့ ရောက်ရှိလာခြင်း



မိုးကောင်းမြို့မှ သူဌေးဦးဘသိုက်၏ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲကို မြို့မြောက်ပိုင်းရှိ ဦးဘသိုက်၏အိမ်တွင် ကျင်းပခြင်းမပြုဘဲ မြို့အရှေ့ပိုင်းရှိ အောင်မြေဓမ္မာရုံကြီး၌ ကျင်းပခြင်းဖြစ်သည်။

ဦးဘသိုက်မှာ တစ်မြန်နှစ်ကမှ ဇနီးကွယ်လွန်သွားသည့် မုဆိုးဖိုတစ်ဦးဖြစ်ပြီး သားသမီး မထွန်းကားသဖြင့် မိဘမဲ့ကလေး ၁၀ ဦးအား ရှင်ပြုပေးပြီး သူ၏သစ်စက်အလုပ်သမားများထဲမှ ရဟန်းခံလိုသူများကို ရဟန်းဝတ်ပေးသည့် ထူးမြတ်လှသော အလှူတော်မင်္ဂလာကြီး ကျင်းပပေးခြင်း ဖြစ်ပေသည်။





အလှူနေ့များ၌ မင်္ဂလာဆိုင်းအဖွဲ့ဖြင့် ဧည့်ခံပြီး အလှူပြီးမြောက်သည့်ညတွင် မန္တလေးရွှေမြို့တော်ကြီး၌ အောင်မြင်ကျော်ကြားလျက်ရှိသော တက်သစ်စမင်းသမီးလေး စံရတီ၏ အငြိမ့်ဖြင့် အောင်ပွဲခံမည်ဖြစ်၏။

သို့ကြောင့် စံရတီတို့အငြိမ့်အဖွဲ့ မိုးကောင်းမြို့သို့ ရောက်ရှိပြီး နောက်နေ့ညမှာပင် ဓမ္မာရုံဘေးရှိ မြေကွက်လပ်ကျယ်ကြီးတွင် ဇာတ်စင်ဆောက်ကာ စံရတီအငြိမ့် ပွဲဝင်မည်ဖြစ်သည်။

အငြိမ့်ကသည့်ညတွာ မန္တလေးမှ နာမည်ကျော်အငြိမ့်ဆိုသောကြောင့် ပွဲကြည့်ပရိသတ်မှာ ကြက်ပျံမကျ စည်ကားများပြားလှ၏။

သူဌေးဦးဘသိုက်ကိုယ်တိုင် အငြိမ့်ကို လာရောက်ကြည့်ရှုပြီး အငြိမ့်မင်းသမီးလေးစံရတီနှင့် လူရွှင်တော်များကို ကိုယ်တိုင်ဆုချလေ၏။

သူဌေးဦးဘသိုက်မှာ ရင်ကျပ်ပန်းနာရောဂါသည်မို့ ညဉ့်အတော်နက်လာပြီး အေးစိမ့်လာချိန်ဝယ် သူ၏ ကိုယ်ပိုင်ရထားလုံးဖြင့် နေအိမ်သို့ ပြန်ခဲ့တော့၏။

ထိုစဉ်က မိုးကောင်းမြို့ပေါ်တွင် ရထားလုံးစီးနိုင်သူမှာ လက်ချိုးရေတွက်၍ ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့မြောက်ပိုင်းရှိ ဦးဘသိုက်၏ခြံထဲ ရထားလုံး မောင်းဝင်သွားပြီး မကြာမီမှာပင် စံအိမ်ကြီး၏အောက်ထပ်ရော အပေါ်ထပ်မှပါ မီးအိမ်များ တဖြည်းဖြည်း မှေးမှိန်သွားပြီး စံအိမ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်သွားတော့၏။

ဆောင်းညသည်ကား ညဉ့်နက်လာသည်နှင့်အမျှ အေးစိမ့်သည်ထက် အေးစိမ့်လာခဲ့ပြီ။

✪

သူဌေးဦးဘသိုက်သည် လက်ရှန်းတပည့်ဖြစ်သူ ယောဟန်မောင်းနှင်သည့် ရထားလုံးဖြင့် မိမိ၏အိမ်ဂေဟာသို့ ပြန်ရောက်လာပြီးနောက် အောက်ထပ်ရှိ အိမ်တံခါးတို့ကို ပိတ်ကာ မီးမှန်အိမ်တို့၏ မီးစာတို့ကိုလျှော့ပြီး အိမ်အပေါ်ထပ်သို့ တက်လာခဲ့လေသည်။

ယနေ့ညတွင် အိမ်ရှိ အိမ်ဖော်၊ ထမင်းချက်မိန်းမများကို အငြိမ့် ညလုံးပေါက်ကြည့်ခွင့်ပေးထားသဖြင့် အိမ်ဝယ် သူမတို့ မရှိ။ ထို့ကြောင့်လည်း စံအိမ်ကြီးက တိတ်ဆိတ် ခြောက်





ကပ်လျက်ရှိနေသည်။

ဦးဘသိုက်သည် အိမ်ပေါ်ထပ်သို့ရောက်သည်နှင့် ထုံးစံအတိုင်း ဘုရားခန်းသို့ ဦးစွာဝင်ကာ ဘုရားကိုဝတ်ပြုသည့်လေ၏။

ခဏတာမျှ ဘုရားရှိခိုးပြီးနောက် ဘုရားခန်းမှ ဖန်မီးအိမ်ကို မီးစာလျှော့ကာ စင်္ကြံလမ်းအတိုင်း သူ၏အိပ်ခန်းကျယ်ကြီးဆီသို့ လျှောက်လှမ်းလာခဲ့လေသည်။

ယင်းသို့ စင်္ကြံအတိုင်း လျှောက်လာရင်း စင်္ကြံဘေးတစ်လျှောက် ထွန်းညှိထားသည့် နံရံကပ်မီးအိမ်များမှ မီးစာတို့ကိုလည်း လျှော့လာခဲ့လေ၏။

ထိုအချိန်တွင် ဝေ့တိုက်လာသော ဆောင်းညလေနှင့်အတူ အငြိမ့်ဆီမှ တေးချင်းဆိုသံ၊ ဆိုင်းသံတို့ကို သဲ့သဲ့မျှကြားရလေရာ ဦးဘသိုက်မှာ ကြည်နူးပီတိဖြစ်စွာ ပြုံးမိလေသည်။

သို့သော် သူသည် သူ၏အိပ်ခန်းတံခါးရှေ့သို့ ရောက်သွားသည့်အခါမှာမူ မျက်နှာမှအပြုံးရိပ်တို့ လွင့်ပျောက်သွားရတော့၏။

"ဟင် . . . ဒီတံခါးရွက်ပေါ်မှာ ဘယ်သူ စာတွေရေးသွားပါလိမ့်"

သူက အံ့ဩသလို မကျေမနပ်လည်းဖြစ်သွားကာ နံရံ



www.burmeseclassic.com

www.burmeseclassic.com



ကပ်မှန်အိမ်၏ မီးစာကို မြှင့်ကာ ကျွန်းတံခါးရွက်ပေါ်တွင် မြေဖြူဖြင့် ရေးထားသောစာတို့ကို ဖတ်ရှုလိုက်လေ၏။

*'ကြယ်နက်တွေ မိုးကောင်းကိုရောက်နေပြီ။ သတိထား'*

"အို ... ဘုရား ဘုရား"

ဦးဘသိုက်၏မျက်နှာကြီးမှာ မီးရောင်မှိန်မှိန်အောက်တွင် သွေးဆုတ်သလို ဖြူဖပ်ဖြူရော် ဖြစ်သွားတော့၏။

သူသည် လွန်စွာတုန်လှုပ်ချောက်ချားသွားပြီး နံဘေးဝန်းကျင်ကို မယုံသင်္ကာစွာ ကပျာကယာ လှည့်ပတ်ကြည့်လိုက်လေသည်။

စကြံလမ်းတစ်ခုလုံးမှာ လူသူအရိပ်အယောင် လုံးဝမရှိချေ။ အိမ်ကြီးတစ်အိမ်လုံးသည်လည်း ရုံဖန်ရံခါ ထွက်ပေါ်လာတတ်သည့် အိမ်မြှောင်စုတ်ထိုးသံမှအပ ပကတိတိတ်ဆိတ်လို့နေသည်။

ဦးဘသိုက်သည် သူ၏အိပ်ခန်းတံခါးသော့ကို ကပျာကယာဖွင့်ပြီး အိပ်ခန်းထဲသို့ အလျင်စလို ဝင်လိုက်လေ၏။ ပြီးလျှင် အတွင်းမှ တံခါးလက်ကိုင်ဘုကို လှည့်လိုက်ရာ တံခါးသော့မှာ အလိုအလျောက် ခတ်ပြီးဖြစ်သွားတော့သည်။





'ချောက်'

ထို့နောက် သူသည် မှန်အိမ်မီးစာကို လျှော့ချလိုက်ကာ ခုတင်ဆီသို့ ချဉ်းကပ်သွားလေ၏။

ခုတင်ပေါ်ရှိ ခေါင်းအုံးအောက်သို့ လက်လျှိုနှိုက်လိုက်ပြီး လက်ကို ပြန်ဆွဲနုတ်လိုက်သည်တွင် သူ၏လက်ထဲ၌ ဒန်ရောင်ပစ္စတိုတစ်လက် ပါလာလေသည်။

သူက အော်တိုမစ်တစ်ပစ္စတိုမှ ကျည်ကပ်ကိုစစ်ဆေးလိုက်ပြီးနောက် ကျည်ကပ်ကို လက်ဖြင့် ဆောင့်ပိတ်လိုက်ပြီးလျှင် သေနတ်မောင်းကို တင်လိုက်လေ၏။

ဤ ပွိုင့်သာတီအိတ်ပစ္စတိုလေးကို သူက လိုင်စင်ဖြင့် ကိုင်ဆောင်ထားခြင်းဖြစ်သည်။

ဦးဘသိုက်သည် ပြတင်းတံခါးများကို စစ်ဆေးလိုက်ပြီးနောက် ခုတင်ပေါ်တွင် ထိုင်လိုက်ကာ ပစ္စတိုကို လက်ထဲတွင် တဆဆလုပ်နေ၏။

"တောက် ... ကြယ်နက်အဖွဲ့ ပျက်သုဉ်းပျောက်ကွယ်သွားတာဖြင့် ကြာလှပြီ၊ ဘယ်လိုဖြစ်ပြီး ပြန်ပေါ်လာပါလိမ့်"

"သင်းတို့က မိုးကောင်းကိုတောင်ရောက်နေပြီတဲ့"

"သင်းတို့ ငါ့ခြေရာကို ခံမိသွားပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို လက်စားချေတုံ့ပြန်ဖို့ လာကြတာများလား"

"သတိပေးစာ ရေးသွားသူကရော ဘယ်သူလဲ၊ သူ ဒီအိမ်ကြီးထဲ ဘယ်လိုရောက်အောင် ဝင်ပါလိမ့်"

သူသည် ယောက်ယက်ခတ်စွာတွေးရင်း လက်ထဲမှ သေနတ်ကိုလည်း တဆဆ လုပ်နေလေ၏။

✪

သူဌေးဦးဘသိုက်၏ ရထားလုံး ခြံကြီးထဲသို့ ဝင်ရောက်သွားပြီး တစ်အောင့်အကြာတွင် ရထားလုံးမောင်းသူသည် ခြံတံခါးဆီ ပြန်လျှောက်လာကာ ခြံတံခါးကို ပြန်စေ့လျက် အတွင်းမှ ချက်ထိုးပိတ်လိုက်လေသည်။

သူက ခြံတံခါးကိုသော့ခတ်ပိတ်ခြင်း မပြုချေ။ ညလုံးပေါက် ပွဲကြည့်ပြီးပြန်လာကြမည့် အိမ်ဖော်၊ ထမင်းချက် မိန်းကလေးသုံးဦး ခြံထဲ အလွယ်တကူ ဝင်နိုင်စေရန် သော့မခတ်ဘဲ အတွင်းမှ ချက်သာထိုးထားလိုက်ခြင်းဖြစ်သည်။ တံခါးသံတိုင်တို့ကြားမှ လက်လျှိုကာ အပြင်မှ ချက်ကိုဖြုတ်၍ရသည်။





ရထားလုံးမောင်းသမား ခြံနောက်ပိုင်းဆီ ပြန်လျှောက်သွားပြီး တစ်ခြံလုံးရော တစ်အိမ်လုံးပါ ငြိမ်သက်တိတ်ဆိတ်သွားသည့်မှာ နာရီဝက်ခန့်ကြာလေလျှင် လူရိပ်မည်းမည်းလေးခုသည် ခြံတံခါးဝဆီ ပြေးကပ်လိုက်ကြ၏။

ခေါင်း၌ ခေါင်းစွပ်အနက်စွပ်ထားသလို တစ်ကိုယ်လုံးအနက်ရောင်ဝတ်စုံဝတ်ထားသည့် လူလေးဦးထဲမှ တစ်ဦးက ခြံတံခါးချက်ကို လက်နှိုက်ဖွင့်လိုက်လေသည်။

ပြီးလျှင် သူတို့လေးဦးသည် ခြံထဲသို့ တိတ်ဆိတ်စွာ ဝင်ရောက်သွားကြပါတော့၏။

ထိုသူတို့ ဝင်ရောက်ကာ စံအိမ်ကြီး၏ ပေါ်တီကိုအောက်ရှိ မှောင်ရိပ်ဝယ် ပျောက်ကွယ်သွားပြီးနောက် ဆယ်မိနစ်ခန့်အကြာမှာပင် နောက်ထပ်လူရိပ်နှစ်ခုသည် ခြံတံခါးဝဆီ လျင်မြန်စွာ ချဉ်းကပ်လာပြီးလျှင် ခြံတံခါးကိုဖွင့်ကာ ဝင်ရောက်လိုက်ကြပြီး ခြံကြီး၏ရှေ့ပိုင်းမှ ပန်းချုံများကြားထဲသို့ တိုးဝင်ပျောက်ကွယ်သွားကြပါတော့သတည်း။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



## စတုတ္ထမြောက်သားကောင်

သူဌေးဦးဘသိုက်သည် ခုတင်ပေါ်၌ ငူငူကြီးထိုင်ကာ ပစ္စတိုကို အသင့်ကိုင်လျက် အိပ်ခန်းတံခါးရွက်ဆီ စူးစိုက်ကြည့်နေရင်း နားကိုလည်း စွင့်ထားလေ၏။

သူသည် တုန်လှုပ်ချောက်ချားကာ ဆောက်တည်ရာမရဖြစ်နေပြီး စိတ်လှုပ်ရှားလွန်းသဖြင့် နားထဲမှ လေတို့ တဟူးဟူးထွက်နေရာ အသံဗလံတို့ကို နားစွင့်ရန် အခက်အခဲဖြစ်လျက်ရှိလေသည်။ ပန်းနာရင်ကျပ်သမားဖြစ်သော သူ၏အသက်ရှူသံ တရှူးရှူးသာ မြည်နေသည်။

သူ၏နားထဲတွင် ကျွန်းလှေကားကြီးမှ တက်လာသည့်





ခြေသံတို့ကို ကြားနေရသလိုလို၊ စင်္ကြံလမ်းအတိုင်း လျှောက်လှမ်းလာသည့် ခြေသံတို့ကို ကြားနေရသလိုလို ခံစားမိနေ၏။

ထိုစဉ် သူ စူးစိုက်ကြည့်နေသည့် တံခါးရွက်မှ လက်ကိုင်ဘုလေးမှာ ချောက်ခနဲအသံနှင့်အတူ တရွေ့ရွေ့လည်လာသည်ကို အထိတ်တလန့် တွေ့ရလေ၏။

သူ စိတ်ထင်လို့များလားဟု အာရုံစူးစိုက်ကြည့်လိုက်ရာ ကြေးဘုလုံးလေးမှာ အမှန်တကယ်ပင် တရွေ့ရွေ့ လည်လာသည်ကို တွေ့နေရသည်မှာ သေချာလေသည်။

ထို့နောက်မှာမူ ကျွန်းတံခါးရွက်သည် တရွေ့ရွေ့ ပွင့်သွားတော့၏။

ဦးဘသိုက်သည် သေနတ်ဒင်ကို ခပ်တင်းတင်းဆုပ်ကိုင်ရင်း တဖြည်းဖြည်း ပွင့်ဟနေသည့် တံခါးဝဆီသို့ မျက်လုံးအပြူးသားဖြင့် ကြည့်လျက်ရှိလေသည်။

သို့သော် တံခါးရွက်တစ်ဝက်ခန့်ပွင့်သွားသည့်တိုင် တံခါးဝဝယ် မည်သူတစ်စုံတစ်ဦးမျှ မပေါ်လာချေ။

သူသည် သည်းမခံနိုင်တော့ဘဲ ထိုင်ရာမှ ဆတ်ခနဲထကာ . . .

''ဘယ်သူလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျယ်လောင်စွာ အော်ဟစ်မေးလိုက်လေ၏။

သို့သော် ထူးခြားမှုမရှိဘဲ ပကတိ တိတ်ဆိတ်ငြိမ်သက်နေရာ သူက သေနတ်ကို အသင့်ချိန်ထားရင်း ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး သူ့တပည့်ကို အော်ဟစ်ခေါ်လိုက်လေသည်။

"ယောဟန် ... ယောဟန် ... ယောဟန်"

တိတ်ဆိတ်ငြိမ်သက်နေသော အကာလည၌ယံဝယ် သူ့အော်သံက ဟိန်းထွက်သွားပြီး အိမ်ကြီး၏အနှံ့ ပဲ့တင်သံတို့ မြည်ဟည်းရိုက်ခတ်သွားတော့၏။ သို့သော် တုံ့ပြန်သံမကြားရ။

ထို့ကြောင့် ဦးဘသိုက်က ထပ်မံ၍ အော်ဟစ်ခေါ်ခြင်း၊ မေးခြင်းမပြုတော့ဘဲ သေနတ်ကို တင်းတင်းဆုပ်ကိုင်ရင်း သတိထားကာ ခြေတစ်လှမ်းချင်းလှမ်းလျက် တံခါးဝဆီ လျှောက်သွားပြီးနောက် တံခါးရွက်ကို တဖြည်းဖြည်း ဆွဲဖွင့်လိုက်လေသည်။

တံခါးရွက် လုံးဝပွင့်သွားသည့်တိုင် တံခါးဝတွင် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။

သူသည် မျက်မှောင်ကြုတ်လျက် ဇဝေဇဝါဖြစ်သွားပြီး ခေတ္တတုံ့ဆိုင်းနေမိလေ၏။

ထို့နောက် သတိကြီးစွာထားလျက် တံခါးဝမှ ခြေတစ်လှမ်း လှမ်းထွက်လိုက်တော့သည်။





ထူးခြားစွာပင် စင်္ကြံတစ်လျှောက်မှာ လုံးဝနီးပါး မှောင်မိုက်လို့နေသည်။ တစ်စုံတစ်ဦးက စင်္ကြံမီးတို့ကို ထပ်လျှော့ထားဟန်တူ၏။

သူက နောက်ခြေတစ်လှမ်း ထပ်တိုးလိုက်စဉ် ...

'ဝှစ်'

မှောင်ရိပ်ထဲမှ တစ်စုံတစ်ရာသည် လေကိုခွင်းလျက် သူ့ဆီပြေးလာပြီး သူ၏ သေနတ်ကိုင်လက်၏ လက်ကောက်ဝတ်ကို တင်းခနဲ ရစ်ပတ်သွားတော့၏။

ကျာပွတ်တစ်ချောင်းက သူ့လက်ကို ရစ်ပတ်လာခြင်းပင်။

ချက်ချင်းပင် ကျာပွတ်ရှင်က ဆောင့်ဆွဲလိုက်ရာ အလစ်အငိုက်ဖြစ်သဖြင့် ဦးဘသိုက်မှာ ရှေ့သို့ ငိုက်ပါသွားရာမှ လက်ကောက်ဝတ်က နာကျင်လွန်းလှသဖြင့် လက်ထဲမှ သေနတ်မှာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားတော့၏။

'ဒေါက်'

ယင်းအချိန်မှာပင် စင်္ကြံ၏တစ်ဖက်မှောင်ရိပ်ထဲမှ ဝတ်စုံနက်နှစ်ဦး ရုတ်ခြည်းထွက်လာပြီးလျှင် တစ်ဦးက ဦးဘသိုက်၏ လက်ကို လိမ်ချိုးကာ ကျောနောက်သို့ကပ်လိုက်လေ၏။

နောက်ဝတ်ရုံနက်တစ်ဦးကမူ လက်ထဲမှ စတီးဓား



www.burmeseclassic.com

www.burmeseclassic.com



မြှောင်ဖြင့် ဦးဘသိုက်၏လည်မျိုကို ထောက်ထားလိုက်လေသည်။

"မလှုပ်နဲ့၊ မရုန်းနဲ့ ဦးဒိဗ္ဗ"

သူဌေးဦးဘသိုက်မှာ သူမြှုပ်နှံသဂြိုဟ်ကာ ဖျောက်ကွယ်ထားသော နာမည်အရင်းကို ဝတ်စုံနက်က သိနေသဖြင့် လွန်စွာ အံ့ဩတုန်လှုပ်သွားရတော့၏။

"ဟင်း ဟင်း ... ဦးဒိဗ္ဗ ဦးဒိဗ္ဗ ... အခုတော့ ခင်ဗျားက သူဌေးကြီးဦးဘသိုက် ဖြစ်နေတယ်ပေါ့ ... ဟုတ်လား ... ဟား ဟား ဟား"

"မင်း ... မင်းတို့ ဘယ်သူတွေလဲ"

"ဟား ဟား ဟား ... ဘယ်သူတွေရမလဲဗျ၊ ကြယ်နက်တွေလေ၊ ကြယ်နက်တွေ၊ သိပြီလား ... ဟား ဟား ဟား"

ထို့နောက် ကြယ်နက်နှစ်ယောက် ညှပ်ကာ ဦးဘသိုက်ကို စင်္ကြံလမ်းအတိုင်း အိမ်ရှေ့ဘက်သို့ ခေါ်သွားကာ အိမ်ရှေ့ ဧည့်ခန်းဆောင်ကြီးထဲတွင် ရပ်လိုက်ကြလေ၏။

ယင်းနောက် ကြယ်နက်တစ်ဦးက ဦးဘသိုက်၏ လည်မျိုကို ဓားဖြင့်ထောက်ရင်း ခွေးခြေတစ်လုံးပေါ်သို့ ဦးဘသိုက်ကို တက်ရပ်စေလေ၏။

ထိုစဉ် ကြယ်နက်တစ်ဦးက အသင့်ပါလာသည့် မနီလာ





ကြိုးခွေကို ကျောပိုးအိတ်ထဲမှထုတ်ကာ တစ်ဖက်အစကို ဧည့်ခန်းဆောင်မှ ထုပ်တန်းပေါ် ပစ်တင်လျက်ရှိလေ၏။

ထိုသို့ ပစ်တင်ပြီးနောက် ယင်းကြိုးကိုဆွဲလိုက်ရာ ကြိုး၏ တစ်ဖက်အစတွင် ကွင်းလျှိုးလုပ်ထားသောကြိုးကွင်း ပေါ် ထွက်လာတော့သည်။

လည်မျိုကို ဓားဖြင့်ထောက်ထားသော ကြယ်နက်က ကြိုးကွင်းကို ဦးဘသိုက်၏လည်ပင်းတွင် စွပ်ပေးလိုက်တော့၏။

နောက် ကြယ်နက်တစ်ဦးက ကြိုးကို ဆွဲတင်းလိုက်ရာ ဦးဘသိုက်မှာ လည်မျိုနေရာ၌ ကျပ်သွားပြီး အသက်ကို မနည်းရှူနေရလေသည်။

"ဟား ဟား ဟား ... ဦးဒိဗ္ဗ ဦးဒိဗ္ဗ ... ခင်ဗျားတို့ရဲ့ လက်ချက်ကြောင့် ကျုပ်တို့ရဲ့ခေါင်းဆောင်ကြီးတွေဟာ အခုလို လည်ပင်းမှာ ကြိုးကွင်းစွပ်ပြီး အသတ်ခံခဲ့ရတယ်၊ ကြိုးမိန့်ပေး ခံခဲ့ရတယ်ဗျ၊ အခုတော့ ခင်ဗျားဟာ သွေးကြွေးဆပ်ရဖို့ အလှည့် ကြုံလာပြီပေါ့ဗျာ ... ဟုတ်လား"

ဦးဘသိုက်က တစ်စုံတစ်ရာ ငြင်းဆိုဖြေရှင်းရန် ကြိုးစားသော်လည်း လည်ပင်းက တင်းကျပ်နေသဖြင့် အသံမထွက်သာချေ။



www.burmeseclassic.com

www.burmeseclassic.com



ခြေနှင့်လက်တို့ကိုလည်း ကြယ်နက်နှစ်ဦးက တစ်ဖက်စီ ချုပ်ကိုင်ထားရာ ဦးဘသိုက်မှာ ရုန်းကန်၍လည်း မရဘဲ မလှုပ်သာ မလှည့်သာ ဖြစ်နေတော့၏။

တဟားဟား အော်ဟစ်ရယ်မောနေသည့် ခေါင်းစွပ်နက်က ဦးဘသိုက်၏ရှေ့တည့်တည့်တွင် ခြေအစုံကိုကားလျက် ခါးထောက်ရပ်လိုက်ပြီးနောက် သူ၏ခေါင်းစွပ်နက်ကို ချွတ်လိုက်ကာ ခက်ထန်စွာ မေးလိုက်လေသည်။

"ဦးဘသိုက် ... ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား သိသလား"

"မ ... မသိ"

"ဟား ဟား ဟား ... ခင်ဗျား ကျုပ်ကို ဘယ်သိမှာလဲ၊ ဒါပေမဲ့ ကျုပ်ရဲ့မျက်နှာကို သေသေချာချာကြည့်စမ်း ... ဘယ်သူနဲ့ တူသလဲလို့"

ဦးဘသိုက်မှာ ကြောက်ရွံ့တုန်လှုပ်လျက်မှ ထိုသူ၏မျက်နှာကို မျက်လုံးအပြူးသားဖြင့် ကြည့်လိုက်မိလေသည်။ ထို့နောက် သူက ချောက်ချားစွာ ပြောလိုက်လေသည်။

"ယက် ယက္ခ ... မင်းဟာ ယက္ခရဲ့သားလား"

"ဟား ဟား ဟား ... ဟုတ်တာပေါ့ဗျာ၊ ကျုပ်ဟာ





ခင်ဗျားရဲ့သူငယ်ချင်းအရင်း ဦးယက္ခရဲ့သားပဲဗျ၊ ခင်ဗျားတို့ရဲ့ သစ္စာဖောက်မှုကြောင့် စစ်ပုလိပ်တွေရဲ့ အဖမ်းခံရပြီး စက်တိုင်တက်ခဲ့ရတဲ့ ဦးယက္ခရဲ့သား စက္ကပဲဗျ၊ ခင်ဗျားတို့ သစ္စာဖောက်ပွဲကြီး ကျင်းပတုန်းက ကျုပ်ဟာ အိန္ဒိယနိုင်ငံကို ရောက်နေခဲ့တယ်၊ အဖေတို့ရဲ့သတင်းကြားမှ ကျုပ် မြန်မာပြည် ပြန်လာခဲ့တယ်၊ အဲဒီအချိန်မှာ အဖေဟာ သူ့ရဲ့ရောင်းရင်းတွေနဲ့အတူ စက်တိုင်မှာ ကြိုးပေးစီရင်တာ ခံခဲ့ရပြီးပြီ ...၊

အဲဒီအချိန်မှာ ခင်ဗျားတို့ သစ္စာဖောက်ငါးယောက်ဟာလည်း ပျောက်ခြင်းမလှ ပျောက်နေခဲ့တယ်၊ နောက် ... ကျုပ်တို့ရဲ့ခေါင်းဆောင် ထောင်ကလွတ်လာမှ ကျုပ်တို့ ပြန်စုစည်းပြီး ကြယ်နက်အဖွဲ့ ပြန်ဖွဲ့ခဲ့တယ်၊ ကျုပ်တို့အဖွဲ့ရဲ့ ရည်ရွယ်ချက်ကတော့ ခင်ဗျားတို့ သစ္စာဖောက်ငါးယောက်ကို သွေးကြွေးပြန်ဆပ်ဖို့၊ ကလဲ့စား ပြန်ချေဖို့ပဲ ...၊

ရောင်နီလို့ခေါ်တဲ့ မိုးသက်ရယ်, မောက်ကြီးရယ်, မြကျော်လို့ခေါ်တဲ့ မြကြီးရယ်ကို ရှင်းပြီးသွားပြီ၊ ခင်ဗျားနဲ့ ဆရာဆောင်းတို့ပဲ ကျန်တော့တယ်၊ ခင်ဗျားတို့အဖွဲ့မှာ ဆရာဆောင်းက ခေါင်းဆောင်မဟုတ်လား၊ အခု ... ဆရာဆောင်း ဘယ်မှာလဲ ... ပြောစမ်း ... ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘသိုက်က အားယူကာ ပြောရှာသည်။

"သူ သူ ဘုန်း ဘုန်းကြီးဝတ်သွားပြီလို့ပဲ ကြား ကြားရတယ်"

"ထွီ . . . လူယုတ်မာ သစ္စာဖောက်ကများ ဘုန်းကြီးဝတ်ရတယ်လို့"

"ကဲ . . . ဆရာဆောင်းကို နောက်မှ မြေလှန်ပြီး ရှင်းမယ်၊ အခုတော့ ခင်ဗျားက သွေးကြွေးအရင်ဆပ်လိုက်ဦး၊ ကျုပ်အဖေနဲ့ မျက်နှာဖြူတော်လှန်ရေးခေါင်းဆောင်တွေ စက်တိုင်တက်ရအောင် သတင်းပေး သစ္စာဖောက်ခဲ့တဲ့ ခင်ဗျားကို ကျုပ်အဖေတို့ အသတ်ခံရသလို ဆွဲကြိုးချသတ်ရမှ ကျုပ်တို့ကြယ်နက်တွေက ကျေနပ်မှာဗျ သိရဲ့လား၊ ကဲ . . . ယောယုဝကို သွားဖို့သာ ပြင်ထားပေတော့"

"မ . . . မလုပ်ပါနဲ့"

ဦးဘသိုက်က ကြောက်အားလန့်အားဖြင့် ငြင်းဆန်နေစဉ်မှာပင် စက္ကက မျက်ရိပ်ပြလိုက်ရာ ဦးဘသိုက်၏လက်ကောက်ဝတ် နှစ်ဖက်ကို ဆုပ်ကိုင်ချုပ်ထားသည့် ကြယ်နက်က ဦးဘသိုက်၏ ခြေထောက်အောက်မှ ခွေးခြေခုံလေးအား ခြေထောက်ဖြင့် ဆတ်ခနဲ ကန်ထည့်လိုက်တော့သည်။





'ဒုန်း'

ထိုစဉ်မှာပင် . . .

'ဒိုင်း'

သေနတ်သံတစ်ချက် ထွက်ပေါ်လာပြီး ဦးဘသိုက်၏ ခေါင်းပေါ်မှ မနီလာကြိုးမှာ ပြတ်ထွက်သွားကာ ဦးဘသိုက်မှာ လည်ပင်းကြိုးတန်းလန်းဖြင့် သေရမည့်အစား ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားပါတော့၏။

'ဘုန်း'

"ဟင်"

"ဟာ"

ကြယ်နက်တို့မှာ လန့်ဖျပ်သွားပြီး သေနတ်သံ ထွက်ပေါ်လာရာသို့ ချာခနဲ လှည့်ကြည့်လိုက်ကြရာ ညှော်ခန်းဆောင်ကြီး၏ တံခါးဝဝယ် ပစ္စတိုသေနတ် ဆုပ်ကိုင်ထားသည့် လူရွယ်တစ်ဦးကို တွေ့ရလေ၏။

"မင်း . . . မင်း ဘယ်သူလဲ၊ ငါတို့ကိစ္စမှာ ဘာဖြစ်လို့ ဝင်ရှုပ်ရတာလဲ"

စက္ကက အံ့သြဒေါသကြီးစွာ လက်ညှိုးငေါက်ငေါက်ထိုးလျက် အော်ဟစ်မေးလိုက်ရာ ထိုလူရွယ်က အေးဆေးစွာ ပြုံး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"ဟင်း ဟင်း . . . ကျုပ်ရဲ့နာမည်က ချစ်သွေး . . . အိုင်အိုချစ်သွေး၊ ရန်ကုန်အင်းစိန် စီအိုင်ဒီက အိုင်အိုချစ်သွေး၊ ဒီည ဒီနေရာမှာ မင်းတို့ စတုတ္ထမြောက်လူသတ်မှုကို ကျူးလွန်မယ်လို့ယူဆပြီး ဒီစံအိမ်ကြီးရဲ့နားမှာ ည ၈ နာရီလောက်ကတည်းက ငါတို့မိတ်ဆွေနှစ်ယောက် လာစောင့်နေခဲ့ကြတာ . . .၊

ထင်တဲ့အတိုင်းပဲ . . . ဦးဘသိုက်ပြန်လာပြီးတဲ့နောက် မင်းတို့ အိမ်ကြီးထဲ ဝင်ကြတော့တာပဲ၊ ငါတို့လည်း မင်းတို့ ရှေ့ကနေ ဖောက်ထွင်းဝင်ရောက်သွားတဲ့လမ်းအတိုင်း နောက်ကနေ လိုက်ဝင်ခဲ့တာပဲ၊ ကဲ . . . ခုတော့ လက်တွေကို မြှောက်လိုက်ကြ၊ လုံးဝ လှုပ်ဖို့ မကြိုးစားပါနဲ့နော်၊ ငါ့လက်က ပေနှစ်ဆယ်လောက်က ယင်ကောင်ကိုတောင် အလွတ်ပေးတာ မဟုတ်ဘူး"

သို့တိုင် ကြယ်နက်တစ်ဦးက လှုပ်ရှားလိုက်သေးသည်။ သူက ခါးကြားမှာထိုးထားသည့် ဓားမြှောင်ကို ဆွဲထုတ်ရန် ကြိုးစားလိုက်ခြင်း ဖြစ်၏။

'ဒိုင်း'

'ဒိုင်း'

ကျည်နှစ်တောင့်က ထိုကြယ်နက်၏ ခြေထောက်နှစ်ဖက်





ကြားမှ ကြမ်းပြင်ကို ဖောက်ဝင်သွားကြ၏။ လှုပ်ရှားရန် ကြိုးစားမိသူမှာ တန့်ခနဲ ဖြစ်သွားရတော့သည်။ အခြားကြယ်နက်တို့လည်း မလှုပ်ဝံ့ကြတော့ချေ။

"ကဲ အာစရိ . . . သူတို့ရဲ့ကိုယ်ပေါ်က လက်နက်တွေကို ရှာပေးပါဗျာ"

အိုင်အိုချစ်သွေးက ကြယ်နက်တို့ကို နံရံနားကပ်ကာ မျက်နှာမူလျက် လက်မြှောက်ခိုင်းထားပြီး သူ၏မိတ်ဆွေကြီး စာရေးဆရာ အဂ္ဂဝဏ္ဏအား အကူအညီတောင်းလိုက်လေ၏။

အဂ္ဂဝဏ္ဏက ကြယ်နက်တစ်ဦးချင်း၏ ကိုယ်အနှံ့ လက်ဖြင့်စမ်းကာ ရှာဖွေပြီး တွေ့ရှိသည့် ဓားမြှောင်လေးလက်နှင့် ပစ္စတိုတစ်လက်တို့ကို ကြမ်းပြင်ထက်တွင် ပုံထားလိုက်၏။


ထိုစဉ် လှေကားမှ တဒုန်းဒုန်းပြေးတက်လာသော ခြေသံများကြားရပြီးနောက် ပုလိပ်အရာရှိတစ်ဦးနှင့် ပုလိပ်သားတစ်စုတို့ အခန်းဝ၌ ပေါ်လာပါတော့သတည်း။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



## အမှောင်၏နိဂုံး

မိုးလင်းလုလုတွင်မှ အငြိမ့်ပွဲက ပြီးသွားသည်။ စံရတီ အငြိမ့်၏ အငြိမ့်စင်ပေါ်မှ နီညိုရောင်ကတ္တီပါလိုက်ကာကြီး တဖြည်းဖြည်းကျလာပြီးနောက် ပွဲကြည့်ပရိသတ်မှာ မင်းသမီးလေး စံရတီ၏အလှ အက သဘာဝကျကျ သရုပ်ဆောင်မှုများကို ကျေနပ်စွာ ချီးကျူးပြောဆိုကြရင်း ခင်းထိုင်ထားသည့် ဂုန်နီအိတ်များ၊ ဖျာများကို သိမ်းကာ ပွဲခင်းမှ ထပြန်ကြတော့၏။

ဆိုင်းသမားတို့လည်း ထိုအခါမှ ပတ်စာခွာကြလေသည်။

အငြိမ့်စင်၏နောက်ဘက်တံခါးဝမှ အစ်မဖြစ်သူ စံဒေဝီနှင့်အတူ ကြော့ကြော့မော့မော့လေး လှမ်းထွက်လာသည့် စံရတီ





မှာ သူမ၏ရှေ့၌ ပိတ်ဆီးရပ်နေသူကို မော့ကြည့်လိုက်မိသည်တွင် ရင် ဒိန်းခနဲခုန်ကာ လွန်စွာ အံ့သြဝမ်းသာသွားရှာတော့၏။

"အို ... အစ် အစ်ကိုချစ်သွေးပါလား"

ချစ်သွေးက ကုတ်အင်္ကျီ အောက်အိတ်နှစ်ဖက်ထဲ လက်များထည့်ကာ တည်ငြိမ်စွာရပ်ရင်း ပြုံးလိုက်သည်။ ထို့နောက် သူက မီးစက်၏ တဝုန်းဝုန်းအသံကို ထွင်းဖောက်အောင် အသံမြှင့်ပြီး ပြောလိုက်၏။

"ဟုတ်တယ်ရတီ၊ ရတီတို့ပွဲအပြီးကို လာစောင့်နေတာ"

"ဒါဆို အစ်ကိုချစ်သွေးတို့ ရန်ကုန်မပြန်ဖြစ်ဘဲ မိုးကောင်းကို လိုက်လာတာပေါ့"

"ဒါပေါ့ ရတီ"

စံရတီ၏မျက်ဝန်းလေးများမှာ ဝမ်းသာစိတ်ကြောင့် ရွှန်းရွှန်းလဲ့နေသည်။ သူမ၏ရင်ထဲမှ ပျော်ရွှင်မှုကို အထင်းသား မြင်ရ၏။

စံဒေဝီကမူ အိုင်အိုချစ်သွေးကို တွေ့ရသည်နှင့် မျက်နှာက လင်ပုပ်ဖမ်းသလို မည်းညိုသွားတော့သည်။ သူမက ချစ်သွေးကို လုံးဝနှစ်မြို့ပုံမရ။

"ဒါဆို ... အစ်ကို မနေ့ကတည်းက ရောက်တာလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှရောက်တာလား''

''မနေ့ကတည်းကပဲ ရတီ''

စံရတီက နှုတ်ခမ်းဖူးဖူးလေးကို စူကာ မျက်စောင်းလေး ခဲလိုက်၏။

''ဒါနဲ့တောင် မနေ့ကတည်းက ရတီ့ဆီ ဘာဖြစ်လို့ မလာတာလဲ၊ ဒီအငြိမ့်စင်မှာ လာမေးကြည့်ရင် ရတီတို့ ဘယ်မှာ တည်းနေလဲဆိုတာကို သိနိုင်တာပဲ''

အိုင်အိုချစ်သွေးက ပြုံးမြဲပြုံးနေသည်။

''ကိုယ့်မှာ ကိစ္စလေးတစ်ခု အရေးတကြီးရှိနေလို့ပါ ရတီ''

''ဘာကိစ္စ''

''ကြယ်နက်တွေနဲ့ ပတ်သက်လို့လေ၊ ကြယ်နက်အဖွဲ့ ဟာ စေတုတ္တမြောက်လူသတ်မှုကို ကျူးလွန်ဖို့ မိုးကောင်းကို လာကြတာ ဖြစ်ရမယ်လို့ ကိုယ်တွက်ဆမိတယ်၊ ဒါကြောင့် ဒီမိုးကောင်းအထိ လိုက်လာရတာပဲ ရတီ''

စံရတီခမျာ မျက်လုံးလေးများ ဝိုင်းသွားရှာသည်။ စံဒေဝီ ကလည်း မျက်မှောင်ကြုတ်ကာ အိုင်အိုချစ်သွေးကို စူးစနဲ့ ကြည့်လာ၏။ သူမတို့ ညီအစ်မနှစ်ဦးစလုံး အတော်စိတ်ဝင်စား သွားကြပုံရသည်။





''အခု အခုရော အဲဒီကိစ္စ ဘယ်လိုအခြေအနေ ရှိသလဲ ဟင်''

''ပြီးသလောက်တော့ ဖြစ်သွားပါပြီ ရတီ၊ ကြယ်နက် ဂိုဏ်း စေတုတ္ထမြောက်လူသတ်မှု မကျူးလွန်ဖြစ်အောင် စောစော ပိုင်းကပဲ ကိုယ်တို့ အချိန်မီ တားဆီးနိုင်ခဲ့ပါတယ်''

''အို ... တော်ပါသေးရဲ့''

စံရတီက ရင်ဘတ်ကို လက်ကလေးတစ်ဖက်ဖြင့် ဖိရင်း သက်ပြင်းလေးချလိုက်ရှာ၏။ စံဒေဝီကမူ မျက်မှောင်ကို ပိုကြုတ် ကာ အိုင်အိုချစ်သွေးကို စိုက်ကြည့်နေသည်။

''အဲ ဒါထက် နေပါဦး ... အစ်ကိုပြောပုံက ပြီးသ လောက်ဖြစ်သွားပြီဆိုတော့ လုံးဝမပြီးသေးတဲ့သဘောပါလား၊ ဘာတွေများ ကျန်သေးလို့လဲ''

''ကြယ်နက်ဂိုဏ်းရဲ့ ခေါင်းဆောင်ကို ဖမ်းဆီးဖို့ပဲ ကျန် ပါတော့တယ် ရတီ၊ ကျန်တဲ့ဂိုဏ်းဝင်လေးဦးကိုတော့ လက်ရ ဖမ်းမိပြီးပါပြီ''

ဤတွင် စံဒေဝီသည် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ...

''နေပါဦး ... ရှင်က ဘယ်သူ့မို့ ဒီလိုစကားတွေ ပြော နေရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်လှုပ်ရှားစွာ မေးလိုက်လေသည်။

"ကျွန်တော်က … လန်ဒန်အတ်နဲ့ ညွှန့်မြန်မာရုပ်ရှင်ကုမ္ပဏီကြီးတို့ရဲ့ ကိုယ်စားလှယ် …"

ဤတွင် အိုင်အိုချစ်သွေး၏ စကားမဆုံးမီမှာပင် စံဒေဝီက ဒေါသတကြီး အော်ပြောလိုက်လေသည်။

"ဘာကိုယ်စားလှယ်လဲ၊ ရှင်တို့ဟာ ဘယ်ရုပ်ရှင်ကုမ္ပဏီရဲ့ ကိုယ်စားလှယ်မှ မဟုတ်ဘူး။ ကျွန်မ စုံစမ်းပြီးပြီ၊ ရှင်တို့ဟာ လူလိမ် … လူလိမ်တွေ"

"ဟုတ်ပါတယ် … ကျုပ်တို့ဟာ ဘယ်ရုပ်ရှင်ကုမ္ပဏီရဲ့ ကိုယ်စားလှယ်မှ မဟုတ်ကြောင်း ပြောမလို့ပါ စံဒေဝီ၊ တကယ်တော့ ကျွန်တော်ဟာ အင်းစိန်စီအိုင်ဒီက မှုခင်းထောက်လှမ်းရေး အထူးစုံထောက် အိုင်အိုတစ်ဦးပါ"

"ရှင်"

"အို"

စံရတီတို့ညီအစ်မနှစ်ယောက်စလုံး အံ့သြခြင်း အခါခါဖြစ်သွားကြတော့၏။ စံရတီက ပိုမိုအံ့အားသင့်သွားပုံရလေသည်။

"အစ် … အစ်ကို တကယ်ပြောတာလားဟင်"

"ဟုတ်ပါတယ် ရတီ၊ အခု ရတီတို့ရဲ့အငြိမ့်ဆီ လာရ





တာဟာလည်း ကြယ်နက်လူဆိုးဂိုဏ်းရဲ့ ခေါင်းဆောင်မမြစိမ်းကို ဖမ်းဆီးဖို့ပါ"

"ဟင် … မမြစိမ်း ဟုတ်လား၊ ရတီ … ရတီတို့အဖွဲ့မှာ မမြစိမ်းဆိုတာ မရှိပါဘူး"

ထိုစဉ် စံဒေဝီသည် သူမ၏ချိုင်းကြား၌ ညှပ်ထားသည့် မိကျောင်းသားရေပိုက်ဆံအိတ်လေးကို ဖျတ်ခနဲယူကာ ဇစ်ကိုဖွင့်ရန် ကြိုးစားလိုက်လေသည်။

သို့သော် အိုင်အိုချစ်သွေးက ယင်းပိုက်ဆံအိတ်ကို လက်ဝဲလက်ဖြင့် ဆတ်ခနဲ လုယူလိုက်ပြီး ကုတ်အင်္ကျီအောက်အိတ်ထဲ နှိုက်ထားသည့် လက်ယာလက်ကို လျင်မြန်စွာ ထုတ်လိုက်ကာ လက်ထဲမှ ဒန်ရောင်ပစ္စတိုလေးဖြင့် စံဒေဝီကို ထိုးချိန်လိုက်တော့သည်။

"ခုခံဖို့ ထွက်ပြေးဖို့ မကြိုးစားပါနဲ့ မမြစိမ်း၊ ခင်ဗျားကို ဖမ်းဆီးဖို့ ဥပဒေဘက်တော်သားတွေက ဝိုင်းထားပြီးပါပြီ"

ထိုစဉ် အငြိမ့်နောက်ဘက်ပိုင်းနှင့် အတန်ငယ်လှမ်းသည့် မှောင်ရိပ်ထဲမှ ပုလိပ်အရာရှိနှင့် ပုလိပ်တပ်ဖွဲ့ဝင်များသည် မီးအလင်းရောင်အောက်သို့ ထွက်လာခဲ့ကြတော့သည်။

စံဒေဝီမှာ ကျောက်ရုပ်တစ်ရုပ်နှယ် ငြိမ်သက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုချစ်သွေးကို မီးထွက်မတတ်သော မျက်ဝန်းစူးစူးများဖြင့် အခဲမကျေသလို စူးစိုက်ကြည့်ကာ အံကို တင်းတင်းကြိတ်လိုက်လေ၏။

"မမ မမဒေဝီ ... ဘယ် ဘယ်လိုဖြစ်ရတာလဲဟင် ... ဟင့် ဟင့်"

စံရတီမှာ ပျာယာခတ်သွားပြီး အစ်မဖြစ်သူ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ မချင့်မရဲလေးမေးရင်း ပါးပြင်တို့ထက်သို့ မျက်ရည်များ စီးကျလာတော့၏။

"ဟုတ်တယ် ရတီ ... မမဟာ ကြယ်နက်အဖွဲ့ရဲ့ ဂိုဏ်းခေါင်းဆောင်ပဲ၊ ဒါပေမဲ့ မမတို့ဟာ မမရဲ့အဖေ အပါအဝင် မျိုးချစ်ခေါင်းဆောင်တွေအပေါ် သစ္စာဖောက်ခဲ့တဲ့ နယ်ချဲ့အလိုတော်ရိ အမျိုးသားသစ္စာဖောက်တွေကို လက်စားပြန်ချေခဲ့ကြတာပါ၊ အဲဒီလူသတ်မှုတွေကို ကျူးလွန်ချင်လို့ ကျူးလွန်ခဲ့ရတာ မဟုတ်ပါဘူး"

"မမြစိမ်း ... မင်း မှားနေပြီကွဲ့၊ တကယ်တော့ တို့များဟာ အမျိုးသားသစ္စာဖောက်တွေ မဟုတ်ပါဘူး"

အားလုံးက တည်ငြိမ်စွာသော စကားသံထွက်ပေါ်လာရာသို့ အံ့အားသင့်စွာ လှည့်ကြည့်လိုက်ရာ ဝတ်ဖြူစင်ကြယ်ဝတ်





ထားသည့် အဘိုးအိုတစ်ဦးကို တွေ့လိုက်ရလေသည်။

ယင်းအဘိုးအိုမှာ အိုင်အိုချစ်သွေးတို့နှင့်အတူ ရွှေနဒီသင်္ဘောကြီးဖြင့်လိုက်ပါလာခဲ့သော အဘဦးပေါ်ဦးပင် ဖြစ်ပါသည်။

"ရှင် ရှင်က"

"ဟုတ်ပါတယ် မမြစိမ်း ... ကျုပ်ဟာ မင်းတို့ရှာဖွေထောက်လှမ်းစုံစမ်းလို့ မရအောင် ခြေရာပျောက်နေတဲ့ ဆရာဆောင်းပါပဲ"

"ရှင် ရှင်ဟာ သူတော်စင် အရေခြုံထားတဲ့ လူယုတ်မာခေါင်းဆောင်"

"မှားနေပြီ မမြစိမ်း ... ကျုပ်တို့ဟာ လူယုတ်မာတွေ မဟုတ်ပါဘူး၊ ကဲပါလေ ... ကြယ်နက်ဂိုဏ်းရဲ့ ဖြစ်ရပ်အဖုံဖုံကို အားလုံး ရှင်းရှင်းလင်းလင်းသိရအောင် ဌာနကိုလိုက်ပြီး ကျုပ်ထွက်ဆိုချက်ပေးပါ့မယ်"

* ဤတွင် ဗန်းမော်ရဲဌာန၌ ဆရာဆောင်း ခေါ် အဘဦးပေါ်ဦး ထွက်ဆိုခဲ့သည်များကို ဝတ္ထုဇာတ်လမ်းအသွင်ဖြင့် ဖော်ပြလိုက်ရပါသည်။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကြယ်နက်ဒေဝီ

လျှို့ဝှက်ရတနာဂူ

သစ္စာမဲ့သူများ

သမုဒယအရုဏ်



## အခန်း (၃)

### ကြယ်နက်ဒေဝီ

ကြယ်နက်အဖွဲ့၏ မြစ်ဖျားခံရာမှာ ၁၈၈၅–ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့ ညနေ နေဝင်ရီတရောအချိန်၌ နယ်ချဲ့အင်္ဂလိပ်စစ်ဘာရီတို့က မန္တလေးနန်းတော်ကို ဝိုင်းရံကာ မြန်မာဘုရင် သီပေါမင်းအား နန်းချလိုက်သည့်အချိန်မှ စတင်ခဲ့သည်ဟု ဆိုရချေမည်။

ထိုစဉ်က ရွှေတိုက်အတွင်းဝန်၏ စာရေးကလေးအဖြစ် အမှုထမ်းရင်း ပုဏ္ဏားဖြူဆရာတစ်ဦးထံတွင် တပည့်ခံလျက် နက္ခတ္တဗေဒပညာရပ်တို့ကို လေ့လာလိုက်စားလျက်ရှိသော မောင်ဆောင်းမှာ လုလင်ပျိုအရွယ်သာ ရှိသေး၏။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့ ထီးကျိုးစည်းပေါက် ထီးနန်းပျောက်ရသည့် အဖြစ်ဆိုးကို မျက်ဝါးထင်ထင်မြင်ခဲ့ရသူမို့ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်များမှာ သူ၏ရင်ဝယ် ကြိမ်မီးအုံးသကဲ့သို့ တငွေ့ငွေ့ လောင်ကျွမ်းလျက် ရှိခဲ့လေသည်။

မောင်ဆောင်းသည် အင်္ဂလိပ်နယ်ချဲ့တို့၏ လက်အောက်တွင် အမှုမထမ်းလိုသဖြင့် နန်းတွင်းသမားတစ်ဦးနှင့် ပုဏ္ဏားဖြူ ဆရာတစ်ဦးတို့ထံမှ ဆည်းပူးသင်ယူရရှိထားသော ပညာတို့ကို အသုံးပြုလျက် မြန်မာပြည်အထက်ပိုင်း မြို့ရွာတစ်ခွင်သို့ လှည့်လည်ကာ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက် ရှိလေ၏။

သူသည် ယင်းသို့ လှည့်လည်သွားလာရင်း မိုးမိတ်ဒေသသို့ ရောက်ရှိသွားလေရာ မိုးလှိုင်စော်ဘွား စောခမ်းလှိုင် ဦးဆောင်သည့် ရှမ်း၊ ကချင် တော်လှန်ရေးမျိုးချစ်တပ်သားတို့က မိုးမိတ်နယ်တစ်ခွင်ကို ဝင်စီးပြီး အင်္ဂလိပ်နယ်ချဲ့တပ်စခန်းတို့ကို ဖြိုခွင်းသည့်အခါ သူက ဆေးဘက်ဆိုင်ရာ တာဝန်ခံအဖြစ် ဝင်ရောက်ကူညီခဲ့လေသည်။

မောင်ဆောင်းသည် နန်းတွင်းသမားတော်ကြီးထံမှ ဆေးပညာကို စတင်သင်ယူစဉ်က သူတစ်ပါး၏အသက်ကိုသာ ကယ်





ပါမည်၊ သူတစ်ပါး၏အသက်ကို သတ်ဖြတ်ခြင်းမပြုပါဟု သစ္စာပြုခဲ့ရလေရာ နယ်ချဲ့တို့ကို ကိုယ်တိုင်လက်နက်ကိုင်တိုက်ခိုက်တော်လှန်လိုသော်လည်း ထိုသို့ပြုလုပ်ခွင့်မရဘဲ တော်လှန်ရေးတပ်သားတို့ နာမကျန်းလျှင်ဖြစ်စေ၊ တိုက်ပွဲ၌ ထိခိုက်ဒဏ်ရာရလျှင်ဖြစ်စေ ဆေးဝါးကုသခြင်းဖြင့်သာ ကူညီနေခဲ့ရလေ၏။

သို့သော် နယ်ချဲ့အင်္ဂလိပ်တို့က မိုးလှိုင်စော်ဘွား စောခမ်းလှိုင်နှင့် ထင်ရှားသောအပေါင်းအပါတို့ကို ယင်းနှစ် အောက်တိုဘာလတွင် ဝရမ်းပြေးအဖြစ် ကြေညာလေရာ ဝရမ်းပြေးစာရင်းတွင် မောင်ဆောင်း၏နာမည်ပါ ပါလာလေ၏။

၁၈၈၈–ခုနှစ်နောက်ပိုင်းတွင် တော်လှန်ရေးခေါင်းဆောင်ကြီး စောခမ်းလှိုင်သည် မင်္ဂရာမင်းသား၏သားတော် စောရန်ပိုင်၊ တုံဟုံးဒူးဝါးတို့နှင့်ပေါင်းကာ ဗန်းမော်ခရိုင်၌ နယ်ချဲ့တို့ကို တော်လှန်တိုက်ခိုက်သည့်အခါ မောင်ဆောင်းမှာ ဆရာဆောင်းအဖြစ် နာမည်ဂုဏ်သတင်း ကျော်စောလာတော့၏။

ထိုသို့ နာမည်ဂုဏ်သတင်းကျော်စောရခြင်းမှာ နယ်ချဲ့တို့ကို တိုက်ခိုက်သည့် တိုက်ပွဲကြီးအချို့တွင် ဆရာဆောင်းသည် ရန်သူတို့ကို တိုက်ခိုက်အောင်မြင်စေနိုင်သည့် မျောက်စမအား နက္ခတ္တဗေဒပညာဖြင့်လည်းကောင်း၊ အင်္ဂဝိဇ္ဇာနည်းဖြင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း နေ့ရက်၊ နာရီ အချိန်အခါ တွက်ချက်ရေးဆွဲပြီး ခေါင်းဆောင်ဗိုလ်၏ ကိုယ်နှင့်မကွာ ဆောင်စေခဲ့ရာ ထိုသို့ ဆရာဆောင်း စီရင်မှုပြုပေးခဲ့သည့် တိုက်ပွဲတိုင်းလိုလို အောင်မြင်မှုရခဲ့ခြင်းကြောင့်ဖြစ်၏။

ယင်းသို့လျှင် နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများကို အောင်နိုင်ခဲ့ရခြင်းမှာ တိုင်းရင်းသားညီအစ်ကိုတို့၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်မှု၊ တော်လှန်ရေးရဲဘော်တို့၏ သတ္တိဗျတ္တိကောင်းမှုတို့ကြောင့်ဖြစ်သလို လူတော်တော်များများကလည်း ဆရာဆောင်း၏ အစီအရင်ကောင်းမှုကြောင့်ဟု ယုံကြည်ကြပေရာ ဆရာဆောင်းမှာ နာမည်ကျော်လျက်ရှိတော့သည်။

ထို့ကြောင့်လည်း နယ်ချဲ့စစ်ဘက်အကြီးအကဲတို့က မင်းသားစောရန်ပိုင်၊ စော်ဘွားစောခမ်းလှိုင်တို့နည်းတူ ဆရာဆောင်းကိုပါ အသေရရ အရှင်ရရ ဖမ်းဆီးလိုခဲ့ကြပေ၏။

သို့ကြောင့်လည်း အင်္ဂလိပ်စစ်ဗိုလ်စတော့ဒတ်နှင့် တပ်သားလေးဦးကျဆုံးသော 'မလင်း' ရွာတိုက်ပွဲ၊ အင်္ဂလိပ်စစ်ဗိုလ်တစ်ဦး ထပ်မံကျဆုံးသည့် 'လွယ်ဆိုင်း' ရွာတိုက်ပွဲတို့အပြီးတွင် အင်္ဂလိပ်တို့က ဆရာဆောင်းကို သီးခြားဝရမ်းပြေးအဖြစ် ဖမ်း





ဝရမ်းထုတ်ကာ ဆုငွေပါထုတ်ပြီး မြို့ရွာအနှံ့၌ ကြော်ငြာကပ်ခဲ့လေ၏။

၁၈၉၀–ပြည့်နှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ဖြစ်ပွားသော မန်တုံရွာတိုက်ပွဲကြီးမှာမူ အင်္ဂလိပ်တို့က စက်သေနတ်ကြီးများအပါအဝင် ခေတ်မီလက်နက်မျိုးစုံ တပ်ဆင်ထားသော တပ်သားအင်အား (၈၀၀) ကျော်ဖြင့် စစ်ကြောင်းလေးကြောင်းခွဲပြီး အပြင်းအထန် ချီတက်တိုက်ခိုက်တော့၏။

ထိုအချိန်က တော်လှန်ရေးတပ်ဖွဲ့အနေဖြင့် ဓာတာညိုးမှိန်ချိန်ဖြစ်သဖြင့် မျောက်စမလှည်း မကယ်နိုင်ဘဲ လက်နက်လူသူအင်အားချင်း မမျှသောကြောင့် ဖရိုဖရဲ ဆုတ်ခွာခဲ့ရလေသည်။

နယ်ချဲ့အင်္ဂလိပ်တို့အနေဖြင့် တိုက်ပွဲအောင်နိုင်ခဲ့သော်လည်း မင်းသားစောရန်ပိုင်နှင့် စော်ဘွားစောခမ်းလှိုင်တို့ အပါအဝင် ခေါင်းဆောင်များကိုရော ဆရာဆောင်းကိုပါ လက်ရဖမ်းဆီးနိုင်ခြင်းမရှိခဲ့ချေ။

ဆရာဆောင်းမှာ ပန်ခမ်းမှတစ်ဆင့် နယ်စပ်သို့ ကူးသွားပြီး နှစ်ပေါင်းနှစ်ဆယ်ခန့် ဇာတ်မြှုပ်နေခဲ့လေ၏။

ထို့နောက်တွင်မှ မြန်မာပြည်ထဲ ပြန်ဝင်လာခဲ့ပြီး ယခင်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း မြို့ရွာအနှံ့ သွားရောက်ကာ ခပ်လျှိုလျှိုဖြင့် ဆေးဝါးကု သနေခဲ့လေသည်။

ယင်းသို့ သိုသိုသိပ်သိပ် သွားလာလှုပ်ရှားနေရင်းမှ ခွန်နာရာ၊ ခွန်မှတ်တို့ ညီအစ်ကိုနှင့် မိုးလုံရွာအနီးမှ လယ်တဲ တစ်တဲတွင် ဆုံစည်းမိပြီး နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကို ပြန် လည်စတင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပေသတည်း။

✪

ခွန်နာရာနှင့် ခွန်မှတ်တို့ညီအစ်ကိုမှာ မိုးမခစော်ဘွားကြီး ဦးခွန်တီ၏မြေးများ ဖြစ်ကြပြီး ဦးခွန်တီသည်လည်း နယ်ချဲ့ကို တော်လှန်ရင်း တောထဲ၌ ငှက်ဖျားမိ သေဆုံးခဲ့ရာ သူ၏တော်လှန် ရေးတပ်ဖွဲ့ကို သားဖြစ်သူ ခွန်သာက ဆက်လက်ဦးဆောင်ခဲ့လေ သည်။

သူတို့တော်လှန်ရေးတပ်ဖွဲ့၏ လျှို့ဝှက်အမည်မှာ ကြယ် နက်ဖြစ်လေသည်။

မန်တုံရွာတိုက်ပွဲတွင် ခွန်သာ၏ကြယ်နက်တို့လည်း ဝင်





ရောက်တိုက်ခိုက်ခဲ့ပြီး ထိုတိုက်ပွဲမှာပင် ခွန်သာကျဆုံးခဲ့ကာ သားဖြစ်သူများဖြစ်ကြသော ခွန်နာရာနှင့် ခွန်မှတ်တို့ ဦးဆောင် လျက် ကြယ်နက်အဖွဲ့သည် ရွှေလီမြစ်ကမ်းပါး မိုးလုံအနီးမှ တောတောင်ထဲတွင် ပုန်းခိုနေခဲ့ရလေသည်။

ယင်းကာလတွင် ဗြိတိသျှနယ်ချဲ့တပ်တို့က တိုင်းရင်း သားတော်လှန်ရေးတပ်ဖွဲ့တို့ကို အပြင်းအထန် နှိမ်နင်းနေသော ကြောင့်လည်းကောင်း၊ တော်လှန်ရေးတပ်ဖွဲ့တို့မှာ တကွဲတပြားစီ ဖြစ်နေခြင်းကြောင့်လည်းကောင်း၊ လက်နက်အင်အား ငွေအင် အား ချို့တဲ့ခြင်းကြောင့်လည်းကောင်း၊ အဖမ်းခံရသူခံရ၊ နယ် စပ်သို့ တိမ်းရှောင်သွားသူသွားဖြင့် ခေါင်းဆောင်ကောင်းများ ပြတ်လပ်နေခြင်းကြောင့်လည်းကောင်း တော်လှန်ရေးအရှိန် ရပ် တန့်ခဲ့ရလေသည်။

ထိုစဉ်က ဆယ်ကျော်သက်မျှသာရှိသေးသော ခွန်နာရာ နှင့် ခွန်မှတ်တို့ညီအစ်ကိုသည် မိုးလုံရွာမှာပင် အခြေချကြပြီး ခွန်ရာနာမှာ အသက် (၂၅) နှစ်အရွယ်တွင် မိုးလုံသူ နန်းဒေဝီနှင့် အိမ်ထောင်ကျခဲ့လေသည်။ ခွန်မှတ်မှာမူ အိမ်ထောင်ပြုခြင်း မရှိချေ။

ခွန်နာရာနှင့် နန်းဒေဝီတို့မှ သမီးကြီးစံဒေဝီကို ဦးစွာ



www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားခဲ့ပြီး နောက်ငါးနှစ်အကြာမှ သမီးငယ် စံရတီကို ဖွားမြင်ခဲ့လေသည်။

စံရတီ ငါးနှစ်သမီးခန့်အရောက်မှာပင် ခွန်နာရာနှင့် ခွန်မှတ်တို့ညီအစ်ကိုသည် ဆရာဆောင်းနှင့်ဆုံစည်းမိပြီး နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတို့ကို ပြန်လည်ဆင်နွှဲရန် စတင်စီစဉ်ကြတော့၏။

ခွန်နာရာနှင့်ခွန်မှတ်တို့အနေဖြင့် ဆရာဆောင်းနှင့် ပူးပေါင်းကာ ကြယ်နက်အဖွဲ့ကို ပြန်လည်အသက်သွင်းလိုက်ကြခြင်းပင် ဖြစ်ပါသည်။

သို့ဖြင့် တစ်ချိန်က တိမ်မြုပ်ပျောက်ကွယ်ခဲ့သော ကြယ်နက်အဖွဲ့ ပြန်လည်ပေါ်ပေါက်ခဲ့ရပါတော့၏။

သို့သော် ခွန်နာရာတို့သည် သူတို့၏တော်လှန်ရေးကို မိုးလုံရွာဝန်းကျင်တွင် မဆင်နွှဲလိုပေ။

မိုးလုံရွာဝန်းကျင်၌ ဆင်နွှဲပါက ဖနီးဖြစ်သူနှင့် ဖနီး၏ ဆွေမျိုးသားချင်းများအတွက် အန္တရာယ်ရှိသဖြင့် မိုးလုံရွာနှင့် ခုနစ်မိုင်ခန့်ဝေးကွာသော ရွှေလီမြစ်ကမ်းနံဘေးရှိ ပန်းသာကြီးတောနက်ထဲတွင် တော်လှန်ရေးဌာနချုပ်ကို တည်ထောင်ခဲ့ကြလေ၏။





ယင်းတော်လှန်ရေးဌာနချုပ်တွင် ဆရာဆောင်းက ပင်တိုင်နေကာ ခွန်နာရာနှင့်ခွန်မှတ်တို့မှာ တိုက်ပွဲဆင်နွှဲစရာရှိမှ ဌာနချုပ်သို့လာပြီး ကျန်အချိန်တို့တွင် မိုးလုံရွာ၌ ရုပ်မပျက် ပြန်နေထိုင်ကြလေသည်။

ထိုသို့ဖြင့် သူတို့သည် နယ်ချဲ့ဆန့်ကျင်ရေး ပြောက်ကျားတိုက်ပွဲတို့ကို စတင်ဆင်နွှဲခဲ့ကြလေ၏။

✪

ဆရာဆောင်းနှင့်အတူ ပန်းသာကြီးစခန်း၌ အတူနေထိုင်ကြသူများမှာ မိုးသက်နှင့် ငမောက်တို့ဖြစ်ကြ၏။

ဆရာဆောင်းသည် အတူနေတပည့် မြကြီး၊ မိုးသက်နှင့် ငမောက်တို့ကို အားလပ်နေသည့်အချိန်တို့တွင် ဆေးပညာရပ် အပြင် ဗေဒင်၊ နက္ခတ္တဗေဒစသည့် ဂမ္ဘီရဝိဇ္ဇာပညာရပ်တို့ကို သင်ကြားပေးလေသည်။

ခွန်နာရာသည် သူ၏ တော်လှန်ရေးလုပ်ငန်းအကြောင်း ဖနီးဖြစ်သူ နန်းဒေဝီကိုအသိပေးထားသော်လည်း သမီးနှစ်ဦးကိုမူ



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ အသိမပေးခဲ့ချေ။

အထူးသဖြင့် သမီးငယ်လေးစံရတီမှာ နုနယ်လွန်းသူလေးမို့ ရွာမှာပင်မထားဘဲ မန္တလေးသို့ပို့ကာ သူ၏အစ်ကိုဝမ်းကွဲအိမ်မှနေ၍ အင်္ဂလိပ်ကျောင်းကို တက်စေခဲ့၏။

သူက အင်္ဂလိပ်ကို တော်လှန်နေသော သူပုန်တစ်ဦးဖြစ်သော်လည်း ဉာဏ်ရည်ထက်မြက်သည့် သမီးငယ်လေးကို ပညာတတ်ဖြစ်စေချင်သဖြင့် အင်္ဂလိပ်ကျောင်းတွင် ထားခဲ့ခြင်းဖြစ်သည်။

ခွန်နာရာက တော်လှန်ရေးလုပ်ရာတွင် ပိပိရိရိ လုပ်လိုသဖြင့် သူနေထိုင်ရာ မိုးလုံ့ရွာသို့ ဆရာဆောင်းအပါအဝင် သူ၏ တော်လှန်ရေးတပ်သားများထဲမှ မောင်ညွှက်ဆိုသူမှ လွဲ၍ မည်သူ့ကိုမျှ အလည်အပတ်ခေါ်ခြင်း မပြုချေ။

မောင်ညွှက်ကိုမူ ဆက်သွယ်ရေးသမား၊ ဆတ်သားအဖြစ် မိုးလုံ့ရွာသို့ ဝင်စေထွက်စေ ခွင့်ပြုလေသည်။

မောင်ညွှက်ကလည်း စပါးပွဲစား၊ နွားပွဲစားအဖြစ် ဟန်ဆောင်ကာ အရပ်တကာ နယ်တကာလှည့်ပြီး နယ်ချဲ့အင်္ဂလိပ်တို့၏ စစ်ရေးအခြေအနေကို ထောက်လှမ်းလေ၏။

ထိုသို့ သူထောက်လှမ်းရရှိသောသတင်းတို့ကို မိုးလုံ့ရွာရှိ





သူ၏ဆရာ ခွန်နာရာနှင့်ခွန်မှတ်တို့ထံ ပေးပို့လေ့ရှိလေသည်။

ကြယ်နက်ခေါင်းဆောင် ခွန်နာရာတို့လည်း ရရှိသည့်သတင်းကို အခြေပြုလျက် စစ်ဗျူဟာကို စီမံခြင်းပြုလေ၏။

ထို့နောက် ရွာနီးချုပ်စပ်တို့တွင် တောင်ယာသမား၊ လယ်သမားတို့အဖြစ် ရှိနေကြသည့် သူ၏ တော်လှန်ရေးတပ်ဖွဲ့ဝင်တို့ကို မောင်ညွှက်မှတစ်ဆင့် ပန်းသာကြီးတောသို့ ဆင့်ခေါ်စုဝေးစေလေသည်။

အားလုံးအဆင်သင့်ဖြစ်ပါက သူတို့ညီအစ်ကိုသည် လားရှိုးဘက်တက်ကာ ကုန်သွယ်မလိုလို အကြောင်းပြလျက် ရွာမှ ဟန်မပျက် ထွက်ခွာကြပြီး ပန်းသာကြီးတောထဲ ဝင်ကြလေ၏။

တောထဲ၌ လူစုမိသည်နှင့် ဆရာဆောင်းအား တိုင်ပင်ကာ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတို့ကို ပြောက်ကျားစနစ်ဖြင့် ဆင်နွှဲကြလေတော့သည်။

တိုက်ပွဲမရှိသည့်ကာလများတွင် ဆရာဆောင်းသည် တပည့်သုံးဦးနှင့်အတူ တောနက်ထဲသို့ဝင်ကာ ပရဆေးပင် ဆေးမြစ် ဆေးဥတို့ကို ရှာဖွေခြင်းပြုလေ၏။

နန်းဒေဝီမှာ ခင်ပွန်းဖြစ်သူ၏ တော်လှန်ရေးလုပ်ငန်းကို



www.burmeseclassic.com

www.burmeseclassic.com



အပြည့်အဝ ထောက်ခံသော်လည်း ခင်ပွန်းသည်က ကြယ်နက်ဌာနချုပ်သို့ မခေါ်သဖြင့် မချင့်မရဲ ဖြစ်နေရတော့၏။

ခွန်နာရာကမူ ဇနီးသည်ကို လွန်စွာချစ်သဖြင့် နုနယ်လှသော ချစ်ဇနီးလေးအပေါ် တစ်စုံတစ်ရာ အန္တရာယ်ကျရောက်မည်စိုးသဖြင့် တော်လှန်ရေးကိစ္စများတွင် ကိုယ်တိုင်မပါဝင်စေချင်ပေ။

"နန်းရယ် ... မောင်က အဘိုးတို့ အဖေတို့ရဲ့ အစဉ်အလာအရ ဒီနယ်ချဲ့တွေကို တွန်းလှန်တိုက်ခိုက်နေရတာပါ၊ အမှန်တော့ မိသားစုနဲ့အတူ အေးအေးချမ်းချမ်း သာသာယာယာနေလိုသူပါ နန်းရယ်၊ မောင်တောင် မလွှဲမရှောင်သာ လုပ်နေရတဲ့ အင်မတန်အန္တရာယ်များလှတဲ့အလုပ်ကို နန်း လိုက်မလုပ်စေချင်ဘူး၊ နန်းကို ဘေးအန္တရာယ်တစ်ခုခု မဖြစ်စေချင်ဘူး၊ ဒါကြောင့် စကတည်းက အစမလုပ်ဖြစ်အောင် တော်လှန်ရေးလုပ်ငန်းတွေနဲ့ နန်းကို သီးခြားထားတာပါ"

"ဟုတ်ပါတယ်မောင်ရဲ့ ... မောင့်ရဲ့စေတနာကို နန်းနားလည်ပါတယ်၊ ဒါပေမဲ့ မောင်လုပ်နေတဲ့လုပ်ငန်းကို တစ်ခါလောက်တော့ လိုက်ပြီးလေ့လာချင်လို့ပါ၊ တောထဲက မောင်တို့ရဲ့စခန်းကို တစ်ခါလောက်တော့ လိုက်ကြည့်ချင်တယ်၊ ဒါမှ တော





ထဲ တောင်ထဲမှာ မောင်တို့ ဘယ်လိုနေတယ်, ဘယ်လိုစားတယ်ဆိုတာကို သိရမယ်လေ"

"ကဲ ကဲ ... နန်း ဒီလောက်ဆန္ဒပြင်းပြနေရင်လည်း ဒီတစ်ခါ တောထဲကစခန်းဌာနချုပ်ဆီ မောင်သွားရင် လိုက်ခဲ့ ... ဟုတ်လား"

"ဟယ် ... မောင်က နန်းကိုခေါ်မယ်၊ နန်း ဝမ်းသာလိုက်တာ မောင်ရယ်"

သို့ဖြင့် တစ်နေ့တွင် နန်းဒေဝီကို ခွန်နာရာက တောတွင်းစခန်းဆီ ခေါ်ခဲ့၏။

နန်းဒေဝီသည် တောတွင်းပန်းသာကြီးစခန်းသို့ လိုက်ပါလာရသည်ကို သဘောအကျကြီးကျလျက်ရှိပြီး ထိုစဉ်က တောတွင်းစခန်းတွင် တော်လှန်ရေးသမားများလည်း တိုးပွားလျက်ရှိကာ အချို့တော်လှန်ရေးသမားတို့မှာ ဇနီးမယားများပါ ခေါ်ဆောင်လာလျက် အတူတကွ အခြေချနေထိုင်လျက်ပင် ရှိကြလေ၏။

"ဒီနေရာလေးက နံဘေးမှာ တောင်တွေဝိုင်းပြီး စမ်းချောင်းကလေးနဲ့ အတော်သာယာတာပဲနော်"

စမ်းချောင်းကလေးနံဘေးတစ်လျှောက်တွင် ထရံကာ



www.burmeseclassic.com

www.burmeseclassic.com



သက်ကယ်မိုး တဲတန်းလျားလေးများဖြင့် သာယာစည်ကားနေသည့် တောတွင်းသူပုန်စခန်းကိုကြည့်ကာ နန်းဒေဝီမှာ သဘောအကျကြီး ကျလျက်ရှိလေသည်။

တော်လှန်ရေးသမားတို့၏ ဇနီးမယား၊ တော်လှန်ရေးမယ်တို့ကလည်း နန်းဒေဝီကို လေးစားချစ်ခင်ကြရာ ယင်းတောတွင်းစခန်းသို့ သွားရောက်လည်ပတ်ခဲ့ရသည့် နှစ်ရက်တာကာလကို နန်းဒေဝီ မမေ့နိုင်ချေ။

စခန်းတာဝန်ခံတစ်ဦးဖြစ်သော ငမောက်၌ ကင်မရာတစ်လုံးရှိသဖြင့်လည်း နန်းဒေဝီက အမှတ်တရအဖြစ် ဓာတ်ပုံလေးငါးပုံ အရိုက်ခံလိုက်သေး၏။

ယင်းသို့ ဓာတ်ပုံရိုက်ရာတွင် သဘာဝကျစေရန် သူပုန်မယ်တစ်ဦးထံမှ အဝတ်အစားငှားဝတ်ကာ ကျည်ခါးပတ် ခါးမှာပတ်လျက် စတိုင်လ်ကျကျ ရိုက်လိုက်သေးသည်။

"ဒီလောက်တောင် ဖြစ်လှတာ သေနတ်ပါကိုင်ပြီး ရိုက်ပါလား ကြယ်နက်ဒေဝီရယ်"

"ဟင် . . . မောင်ကလည်း ရွဲ့ပြောပြန်ပြီ၊ သေနတ်ကြီးတော့ ကြောက်ပါတယ်၊ မကိုင်ရဲပါဘူး"

"ဟွန်း . . . ဒါနဲ့များ ဒီစခန်းကို လိုက်လာသေးတယ်"





"ဒါထက် ဓာတ်ပုံတွေရိုက်တာတော့ ဟုတ်ပါပြီ၊ ဓာတ်ပုံတွေက ဘယ်တော့ရမှာလဲ"

နန်းဒေဝီက ငမောက်ကို လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော် မိုးမိတ်ကို ရိက္ခာခြောက်သွားဝယ်တဲ့အခါမှ ဓာတ်ပုံကူးလို့ရမှာ မမ၊ ဓာတ်ပုံရတာနဲ့ မမတို့ရွာကို ဝင်ပေးပါ့မယ်"

ဤတွင် ခွန်နာရာက သေချာမှာသည်။

"ငမောက် . . . နန်းရဲ့ဓာတ်ပုံတွေကို ဘယ်သူ့လက်ထဲမှ မထည့်နဲ့နော်၊ မင်း ရွာရောက်တဲ့အခါ ငါနဲ့နန်း တစ်ယောက်ယောက်ရဲ့လက်ထဲပဲ အပ်ပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"အေး အေး . . . နန်းက ကျည်ခါးပတ်တွေ ဘာတွေပတ်ပြီး ရိုက်ထားတော့ တခြားသူတွေတွေ့ရင် ရှင်းရခက်နေမယ်"

"ဟုတ်ကဲ့ . . . ကျွန်တော် သဘောပေါက်ပါတယ် ဆရာ"

ဓာတ်ပုံရိုက်ပြီး နှစ်လခန့်နေမှ ငမောက်မှာ မိုးသက်နှင့်အတူ ရိက္ခာခြောက်ဝယ်ရန် မိုးမိတ်မြို့သို့တက်ရရာ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



တွင်မှ မြို့လယ်ရှိ ဓာတ်ပုံဆိုင်တွင် ဓာတ်ပုံများကူးရလေ၏။

ကူးယူရရှိလာသည့် ဓာတ်ပုံတို့အထဲမှ နန်းဒေဝီ၏အလှကို ငမောက်မှာ လွန်စွာသဘောကျလျက်ရှိတော့သည်။

နန်းဒေဝီမှာ ကလေးနှစ်ယောက်မိခင် ဖြစ်သည့်တိုင် နုပျိုလှပဆဲဖြစ်ရာ တောတွင်းစခန်း၌ သူမကို ဓာတ်ပုံရိုက်ပေးရကတည်းက သူမ၏အလှကို ငမောက်က လွန်စွာသဘောကျနေခဲ့လေ၏။

"ဆရာကတော်က အတော်လှတာပဲကွာ . . . နော် မိုးသက်"

"ဟော့ကောင် . . . သွားပြစ်မှားမနေနဲ့၊ ခေါင်းနဲ့ကိုယ် အိုးစားကွဲနေဦးမယ်"

"ပြစ်မှားတာ မဟုတ်ပါဘူးကွ၊ အလှတရားကို မြတ်နိုးတာပါ"

မိုးလုံ့ရွာသို့ဦးတည်ကာ တောလမ်းအတိုင်း အထုပ်အပိုးကိုယ်စီဖြင့် လျှောက်လာကြရင်း သစ်ပင်ရိပ်၌ ခေတ္တထိုင်နားစဉ် ငမောက်က ဓာတ်ပုံတို့ကို ထုတ်ကြည့်ကာ ပြောနေကြခြင်းဖြစ်၏။

"ဟော့ကောင် ငမောက် . . . မင်းက သူပုန်လုပ်နေပြီး





ကဗျာမဆန်ချင်စမ်းပါနဲ့ကွာ"

"သူပုန်မှာလည်း အသည်းနဲ့ပါကွ"

"အေး . . . အသည်းရင်လည်း ဒီပြင်မဒီကို သွားအသည်း၊ ဆရာကတော်ကို သွားသည်းလို့ကတော့ ရိုင်ဖယ်စာ, ခြောက်လုံးပြူးစာ, နှစ်လုံးပြူးစာမိသွားမယ် . . . ဟွန်း"

"ဘာပဲဖြစ်ဖြစ်ကွာ . . . ဒီဓာတ်ပုံလေးတစ်ပုံတော့ အမှတ်တရအဖြစ် ယူထားရမှာပဲ"

"ဟော့ကောင် . . . မင်းကတော့ ပြောလေကဲလေပါလား"

"ဘာဖြစ်လဲကွာ . . . မင်းသာ ဘယ်သူ့မှ လျှောက်မပြောနဲ့"

သို့ဖြင့် ငမောက်က နန်းဒေဝီ၏ဓာတ်ပုံလေးတစ်ပုံကို ယူထားလိုက်တော့၏။

[မှတ်ချက်။ ။ အဆိုပါဓာတ်ပုံမှာ ငမောက် (ခေါ်) မောက်ကြီး အသတ်ခံရပြီးနောက် သူ့အိပ်ခန်းစားပွဲအံဆွဲထဲမှ အိုင်အိုချစ်သွေး ရှာဖွေတွေ့ရှိခဲ့သည့် ဓာတ်ပုံပင်ဖြစ်ပါ၏။ နန်းဒေဝီမှာ သူမ၏သမီးနှစ်ယောက်အနက် အကြီးမစံဒေဝီနှင့် ရုပ်သိပ်မဆင်သော်လည်း စံရတီနှင့်မူ အတော်ကြီးတူလေသည်]



www.burmeseclassic.com

www.burmeseclassic.com



မိုးလုံ့ရွာကိုဝင်ပြီးမှ စခန်းသို့ ငမောက်တို့ပြန်လာကြရာ စခန်းရောက်သည်နှင့် တပ်သားသစ်တို့ တိုးနေသည်ကို တွေ့ရလေ၏။

ယင်း တပ်သားသစ်တို့ထဲတွင် ရဲရင့်ဖျတ်လတ် တက်ကြွသော ယက္ခနှင့်ဒိဗ္ဗတို့ နှစ်ဦးလည်း ပါဝင်လေသည်။

ယက္ခနှင့်ဒိဗ္ဗတို့မှာ တစ်ရွာတည်းသား သူငယ်ချင်းများဖြစ်ကြပြီး ဒိဗ္ဗမှာ လူပျိုတစ်ဦးဖြစ်သော်လည်း ယက္ခမှာမူ အိမ်ထောင်သည်ဖြစ်ကာ ဇနီးနှင့် ဆယ်နှစ်ကျော်အရွယ် သားငယ်မှာ ဇာတိဖြစ်သော မဘိန်းရွာ၌ ကျန်ရစ်ခဲ့လေ၏။

ယက္ခသည် ရွာ၌အနေနည်းပြီး တောတွင်းစခန်းမှာသာ ဒိဗ္ဗနှင့်အတူ အနေများသူဖြစ်၏။

"ဟော့ကောင် ယက္ခ ... မင်း ငါတို့နဲ့အတူ တောထဲတောင်ထဲမှာပဲနေရတော့ မယားနဲ့သားကို မလွမ်းဘူးလားကွ"

"လွမ်းတာ့ပေါ့ ဒိဗ္ဗရာ၊ ငါ့ရဲ့မယားထက်စာရင် ငါ့ရဲ့သားကို ပိုလွမ်းသေးတယ်ကွ၊ ငါ့သားက ငါနဲ့ ရုပ်ရော, စိတ်ရော သိပ်တူတဲ့ကောင်၊ ဒီကောင်ကြီးလာရင် ငါ့လိုပဲ တော်လှန်ရေးသမား ဖြစ်မယ့်ကောင်ကွ"

"အေးကွာ ... ငါတို့ကို မတရားဖိနှိပ်ချုပ်ချယ်တဲ့ နယ်





ချဲ့မျက်နှာဖြူတွေကို မခံချင်လို့သာ ထချရတာ၊ ငါတို့မှာ လက်နက်အင်အား မပြည့်မစုံနဲ့ဆိုတော့ တကယ့်တိုက်ပွဲကြီးတွေကျရင် ခက်မယ် ယက္ခရ"

"အေး ... ဟုတ်တယ်၊ ဟိုနေ့က ဆရာနာရာနဲ့ ဆရာဆောင်းတို့ ပြောနေသံကြားရတယ်ကွ၊ ဆရာနာရာက နယ်ချဲ့တပ်တွေနဲ့ ထိပ်တိုက်မတွေ့သေးဘဲ ရန်ပုံငွေ အရင် ရှာဖွေရမယ်လို့ ပြောတယ်၊ ရန်ပုံငွေအားကောင်းလာမှ ခေတ်မီလက်နက်တွေဝယ်, တပ်သားသစ်တွေထပ်စုပြီး တော်လှန်ရေးစစ်ပွဲကြီးကို ဆင်နွှဲရမယ်လို့ ပြောတယ်"

"ဟုတ်လား ... ရန်ပုံငွေကို ဘယ်လိုရှာမှာလဲ ယက္ခရဲ့"

"ဆရာနာရာပြောတာကတော့ မျက်နှာဖြူသူဌေးတွေ, အလိုတော်ရိသူဌေးတွေ, ကုန်သည်တွေဆီက ရသလောက်တိုက်ခိုက်လုယက်ရှာဖွေရမယ်လို့ ပြောတယ်ကွ၊ ဆရာဆောင်းကတော့ သိပ်သဘောမတူချင်ဘူး ဒိဗ္ဗရဲ့"

"ဟ ... အဲဒါဆို ဓားပြတိုက်မယ့်သဘောပေါ့"

"အေးပေါ့၊ အဲဒီလိုနည်းနဲ့ ငွေတွေအများကြီးရအောင်ရှာပြီးမှ ငွေအင်အား, လက်နက်အင်အား, လူအင်အားကောင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်ပြီးမှ တိုက်ရမှာကွ''

''အေးကွာ ... ငါက သူပုန်ပဲ လုပ်ချင်တာ၊ ခားပြ အလုပ်တော့ မလုပ်ချင်ဘူး''

''ဟော့ကောင် ဒီဗွ ... ဝက်ဖြစ်မှတော့ ချေးကြောက် မနေနဲ့၊ တော်လှန်ရေးအောင်မြင်ဖို့ဆိုရင် ခားပြပဲ တိုက်ရ တိုက်ရ၊ လူပဲ သတ်ရ သတ်ရ၊ ပြန်ပေးပဲဆွဲရ ဆွဲရ လုပ်ရမှာပဲကွ၊ ဒါမှ ငါတို့တော်လှန်ရေးသမားတွေ အုစုပြီး သားမယားကို ပြန် ထောက်ပံ့နိုင်မှာကွ''

''အေးပေါ့ကွာ ... ဘာပဲဖြစ်ဖြစ် ခေါင်းဆောင်တွေ စီမံရာအတိုင်း ငါတို့ လိုက်လုပ်ရတော့မှာပေါ့ ... ဘယ်တတ်နိုင် ပါ့မလဲ''

''ဒါပေါ့ကွ၊ အဲဒီလို အမြင်မှန်ရစမ်းပါ ... ဟဲ ဟဲ ဟဲ''

✪ ✪ ✪





လျှို့ဝှက်ရတာနာဂူ

ခွန်နာရာနှင့်ခွန်မှတ်တို့ ညီအစ်ကို၏ ရန်ပုံငွေရှာဖွေရေး အစီအစဉ်ကို ဆရာဆောင်းက သဘောမကျလှသော်လည်း ယင်းလုပ်ရပ်သည် လောလောဆယ်၌ လက်တွေ့အကျဆုံးဖြစ်နေ သဖြင့် လိုက်လျောခွင့်ပြုလိုက်ရလေသည်။

''ဆရာဆောင်းရဲ့ ... ကျုပ်တို့က သူ့တုတ်နဲ့သူ ပြန် ရိုက်မယ့်သဘောပါဗျ၊ ဒီနယ်ချဲ့အမျိုးယုတ်တွေ ကုပ်သွေးစုတ်လို့ ကျုပ်တို့လူမျိုးတွေ, တိုင်းရင်းသားပြည်သူတွေ မွဲပြာကျနေကြ တာဗျ၊ အခုဆိုရင် မြန်မာပြည်အောက်ပိုင်း သာယာဝတီဘက်မှာ ဆရာစံဆိုတဲ့ပုဂ္ဂိုလ်ကြီး ဦးဆောင်ပြီး တောင်သူလယ်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ နယ်ချဲ့အရင်းရှင်တွေနဲ့ သူတို့ရဲ့စေတမန် ချစ်တီးကုလား သူဌေးတွေကို တွေ့ရာသင်္ချိုင်း ခါးမဆိုင်းစတမ်း တိုက်ခိုက်နေပြီလို့ သတင်းစကားကြားရတယ်ဗျ''

''ဟုတ်ရဲ့လား ခွန်ကြီးရာ''

''ဟုတ်ပါသော်ကောဗျာ . . . ကျုပ်တို့လည်း လူသူလက်နက် စုဆောင်းဖို့ လုပ်သင့်တာလုပ်ရမှာပဲ''

''ထားပါတော့၊ မောင်ရင်ပြောသလို ရန်ပုံငွေရှာဖွေစုဆောင်းပါပြီတဲ့၊ ဘယ်လောက်ရအောင် စုဆောင်းမှာလဲ''

''ဒါကတော့ ရနိုင်သလောက် ရအောင်ရှာဖွေစုဆောင်းရမှာပဲ၊ များများရလေ ကောင်းလေပေါ့''

''ဟုတ်ပြီ . . . ငွေတွေအများကြီး ရလာပြီတဲ့၊ အဲဒါတွေကို ဘယ်မှာစုဆောင်းမှာလဲ၊ မြို့ကဘဏ်မှာ သွားအပ်ထားလို့လည်း မဖြစ်ဘူး၊ ဒီစခန်းမှာထားရင်လည်း မလုံခြုံဘူး''

''ဒီတောတောင်ထဲက တစ်နေရာရာမှာ လျှို့ဝှက်မြှုပ်နှံထားရမှာပဲ ဆရာဆောင်း၊ အဲဒီလျှို့ဝှက်နေရာကို ကျုပ်တို့ခေါင်းဆောင်ပိုင်းက တစ်ယောက်နှစ်ယောက်လောက်ပဲ သိခွင့်ပြုထားရမယ်၊ ရန်ပုံငွေလိုအပ်သလောက်ရပြီဆိုမှ အဲဒီ စုဆောင်းရရှိထားတာတွေကို အားလုံးသဘောတူ ထုတ်ယူပြီး တော်လှန်





ရေးကြီးအတွက် အသုံးပြုရမယ်၊ ကျုပ်တို့ အဲဒီလိုမလုပ်လို့ မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့မှာ နယ်ချဲ့မိစ္ဆာကောင်တွေကို တွန်းလှန်တိုက်ထုတ်ချင်တဲ့စိတ်ဓာတ်နဲ့ သတ္တိပဲ ရှိတယ်၊ နောက်ခံအင်အားမရှိ တော်လှန်ရေးကြီးကို ပံ့ပိုးထောက်ပံ့ပေးမယ့်သူမရှိဘူး၊ ဒါကြောင့် ကိုယ့်အားကိုယ်ကိုးပြီး ရှာဖွေရမှာပဲ၊ သူတို့ရဲ့တုတ်နဲ့ သူတို့ကို ပြန်ရိုက်နိုင်အောင် ကြိုးစားရမယ်''

သို့ဖြင့် ခွန်နာရာနှင့် ခွန်မှတ်တို့ဦးဆောင်ကာ ရန်ပုံငွေရှာဖွေရေး စီမံချက်ကြီးကို စတင်အကောင်အထည် ဖော်တော့၏။

တိုက်ခိုက်ခြင်းလုပ်ငန်းတို့ကို ဆရာဆောင်းကိုယ်တိုင် မလုပ်ဆောင်နိုင်သော်လည်း ဆရာဆောင်းက သူ၏ကိုယ်စား သူ၏တပည့်ရင်း မိုးသက်၊ မြကြီး၊ ဒီဗွနှင့် မောက်တို့ကို ခွန်နာရာတို့အဖွဲ့နှင့်အတူ ထည့်ပေးလိုက်လေသည်။

စီမံချက်အရ ခွန်နာရာတို့ ကြယ်နက်အဖွဲ့သည် ယခင်ကကဲ့သို့ နယ်ချဲ့စစ်စခန်းများ၊ စစ်ပုလိပ်တပ်ဖွဲ့များကို ချောင်းမြောင်း ချုံခိုတိုက်ခိုက်ခြင်း မပြုတော့ဘဲ ဦးစွာရွှေလီမြစ်ကြောင်းအတိုင်း စုန်ဆန်သွားလာသည့် မျက်နှာဖြူအရာရှိတို့၏ မော်တော်များ၊ သင်္ဘောများကို တိုက်ခိုက်လုယက်ကြလေသည်။

ယင်းနောက် မန်တုံ၊ နမ်းခမ်း၊ ကွတ်ခိုင်၊ သိန္နီစသည့်



www.burmeseclassic.com

www.burmeseclassic.com



အနီးဝန်းကျင်မြို့များဆီသို့ ချဉ်းကပ်ကာ ညဘက်တွင် မြို့ထဲသို့ ဝင်ရောက်ပြီးလျှင် မြို့ပေါ်ရှိ အင်္ဂလိပ်အလိုတော်ရိ ကုန်သည်ကြီးများ၊ သူဌေး သူကြွယ် လော်ပန်တို့၏ တိုက်အိမ်ကြီးများကို ဝင်စီးလျက် ဓားပြတိုက်ကြလေသည်။

သူတို့အဖွဲ့သည် ယင်းသို့ ဓားပြတိုက်ပြီးတိုင်း သဘော်ဆေးအနက်ရောင်သုတ်ထားသည့် သတ္တုကြယ်ပွင့်တစ်ခုကို ချထားခဲ့လေ့ရှိပါ၏။

ထို့ကြောင့်လည်း ကြယ်နက်အဖွဲ့၏နာမည်မှာ မကြာမီ ကျော်ကြားထင်ရှားလာတော့သည်။

ဆရာဆောင်းက ထိုသို့ ဓားပြတိုက်ရာတွင် လူမသတ်ရန် သေချာမှာကြားထားသဖြင့် ကြယ်နက်ဂိုဏ်းသားတို့သည် လူကို တတ်နိုင်သရွေ့ အန္တရာယ်မပြုမိအောင် သတိထားကြလေ၏။

ကြယ်နက်ဂိုဏ်း၏ လှုပ်ရှားလုပ်ဆောင်မှုတို့မှာ ပိရိသေသပ်ပြီး ကျွမ်းကျင်ပိုင်နိုင်ရဲရင့်သည့်အတွက် အောင်မြင်မှုများစွာ ရရှိကာ ငွေကြေးနှင့်ရွှေငွေကျောက်သံပတ္တမြား လက်ဝတ်ရတနာထည်တို့ မျှော်လင့်ထားသည်ထက် များစွာ ရယူနိုင်ခဲ့လေသည်။





ဗ္ဗာနချုပ် ပန်းသာကြီးစခန်းသို့ ရောက်ရှိလေလျှင် ရရှိလာသော ရွှေငွေရတနာထည်တို့ထဲမှ စခန်းအတွက် လိုအပ်သလောက်စရိတ်ကို လုံလောက်စွာ ထုတ်နုတ်ပြီးလျှင် ကျန်သည့် ရွှေငွေရတနာထည်တို့ကို လျှို့ဝှက်မြှုပ်နှံရန် စီစဉ်ကြလေ၏။

ထိုသို့ ရန်ပုံငွေနှင့် ရတနာထည်တို့ကို လျှို့ဝှက်မြှုပ်နှံသည့်ကိစ္စအား ခွန်နာရာ၊ ခွန်မှတ်ညီအစ်ကို၊ ဆရာဆောင်းနှင့် ငမောက်တို့လေးဦးက တာဝန်ယူလုပ်ဆောင်ရလေသည်။

ရန်ပုံငွေနှင့် ရတနာထည်တို့ကို သူတို့သည် သံသေတ္တာတစ်လုံးထဲတွင် ထည့်ကာ သော့ခတ်ပိတ်ပြီး သေတ္တာဖွင့်ခတ်သည့် သော့နှစ်ချောင်းအနက် တစ်ချောင်းကို ခွန်နာရာက ယူထားလျက် နောက်တစ်ချောင်းကို ဆရာဆောင်းက သိမ်းထားလေ၏။

သူတို့လေးဦးသည် ယင်းသံသေတ္တာကို ပန်းသာကြီးစခန်း၏ အနောက်စူးစူးသို့ သယ်ဆောင်သွားရမည်ဖြစ်၏။ သေတ္တာအားကြိုးဖြင့်ဆိုင်းကာ ထမ်းပိုးလျှိုပြီး ခွန်မှတ်နှင့်ငမောက်တို့က ရှေ့နောက်ထမ်းလျက် သယ်ဆောင်ခဲ့ကြလေသည်။

ဆရာဆောင်းမှာ ထိုတောတောင်တို့အထဲသို့ ဆေးမြစ်၊ ဆေးဥရှာရင်း နှံ့စပ်အောင် ရောက်ဖူးသဖြင့် သူကပင် ဦးဆောင်ခေါ်ဆောင်သွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဆောင်းသည် မြောင်တစ်ခု၏ ဘေးဘက်ရှိ တောင်တစ်လုံးပေါ်သို့ ဆူးချုံများကိုဖြတ်ကာ ခဲရာခဲဆစ် ဦးဆောင်တက်သွားပြီးလျှင် တောင်စောင်းတစ်နေရာ၌ ကပ်ပေါက်နေသည့် ထိကရုံးဆူးပေါက်ပင်ကြီးများရှေ့သို့ ရောက်လျှင် ရပ်လိုက်လေသည်။

''ကဲ ငမောက်ရေ ... သေတ္တာကိုချပြီး ဒီဆူးပေါက်ပင်ကြီးတွေကို ရှင်းစမ်းဟေ့''

ပိန်းပိတ်အောင် ထူထပ်စွာပေါက်ရောက်နေသည့် ထိကရုံး ဆူးပေါက်ပင်တို့ကို ဓားဖြင့် ခုတ်ထွင်ရှင်းလင်းလိုက်လေလျှင် လူတစ်ဦး ဝင်နိုင်ရုံမျှသာ ကျယ်ဝန်းသည့် ဂူပေါက်တစ်ခုကို တွေ့ရလေ၏။

''ဟာ ... ဒီနေရာမှာ ဂူရှိတာကို ဘယ်သူမှမသိနိုင်ဘူး၊ ဆရာဆောင်း ဘယ်လိုများ ရှာထားသလဲဗျာ''

ခွန်နာရာက အံ့သြချီးကျူးသံဖြင့် မေးလိုက်လေသည်။

''ကျုပ်လည်း ဂမုန်းခတ္တာဖြူ၊ ခတ္တာနီ၊ ခေတ္တာကြောင်တို့ ရှာဖွေရင်း ဒီဂူကို မမျှော်လင့်ဘဲ တွေ့ခဲ့တာပ၊ ကဲ ကဲ ... မီးအိမ်တွေထွန်းကြ၊ ဂူထဲဝင်ကြမယ်''

သူတို့သည် စတွန်းကင်းမီးအိမ်တို့ကို ထွန်းညှိကြပြီး





နောက် ဂူပေါက်ထဲသို့ တစ်ဦးချင်း တန်းစီဝင်ရောက်ကြရလေ၏။

သံသေတ္တာကို ဦးပွဲထမ်းလျက် ခဲခဲယဉ်းယဉ်း ဝင်ရောက်ခဲ့ကြသည့်တွင် လိုဏ်လမ်းအတိုင်း ဆယ်ကိုက်ခန့်ဝင်ရောက်မိလျှင် ဆယ်ပေပတ်လည်ခန့် ကျယ်ဝန်းပြီး အမြင့်ဆယ်ပေခန့်ရှိသည့် တစ်ဝဂူကိုတွေ့ရလေသည်။

''ဟာ ... ဟုတ်ပြီ၊ ဒီဂူဟာ ကျုပ်တို့ရဲ့သေတ္တာလျှို့ဝှက်ထားဖို့ အနေတော်ပဲ၊ မကျဉ်းလွန်း မကျယ်လွန်းဘူး''

သူတို့သည် ဂူကြမ်းပြင်ကို အသင့်ယူလာသည့် ပေါက်ချွန်းများဖြင့် တွင်းတူးကာ သံသေတ္တာကို မြှုပ်နှံလိုက်ကြပြီးနောက် အပေါ်မှ မြေပြန်ဖို့ပိတ်လိုက်ကြလေ၏။

သူတို့ ယင်းသို့ ရန်ပုံငွေသေတ္တာကို မြှုပ်နှံရာ ဂူဆီလာရာလမ်းအား ဆရာဆောင်းက ကောင်းကောင်းသိသော်လည်း ခွန်ညီအစ်ကိုကမူ လမ်းခရီးကို ကောင်းကောင်းမမှတ်မိသဖြင့် မြေပုံကြမ်းဆွဲကာ မှတ်သားထားလိုက်ရလေသည်။

ထို့နောက် သူတို့သည် ဂူအဝကို ဆူးခက်တို့ဖြင့် ပြန်လည် ပိတ်ဆီးလိုက်ကြလေ၏။

''ဒီဆူးပင်တွေက တစ်လအတွင်း အုံနဲ့ကျင်းနဲ့ပြန်ပေါက်ပြီး ဂူအဝကို အလိုလိုပိတ်သွားရော''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့၊ ကျုပ်တို့လည်း တစ်လမှတစ်ခါပဲ ဒီဂူဆီလာပြီး ရသမျှ လာပို့ကြမှာပဲဟာ"

ယင်းနောက် သူတို့လေးဦးသည် ပန်းသာကြီးစခန်းဆီသို့ ပြန်လာခဲ့ကြပါတော့သတည်း။

✪

နောက်နှစ်နှစ်ခန့်အကြာတွင် ကြယ်နက်အဖွဲ့၏ ရန်ပုံငွေမှာ မျှော်မှန်းထားသည်ထက် အဆများစွာ ရရှိလာခဲ့ပြီဖြစ်၏။

"ငါ့ညီ ခွန်မှတ်"

"ဗျာ ... ဘာလဲ အစ်ကို"

တစ်နေ့ မိုးလုံရွာ၌ သူတို့ညီအစ်ကို ပြန်နားနေကြစဉ် ခွန်နာရာက သူ့ညီခွန်မှတ်ကို ရွာအပြန်မှ ညောင်ပင်ကြီးအောက်သို့ ခေါ်သွားပြီး စကားစလေသည်။

"ခွန်မှတ် ... ငါတို့ အင်္ဂလိပ်တွေကို ပြန်တိုက်ရင် နိုင်မယ်လို့ထင်သလား"

"ဗျာ ... အစ်ကိုဘာဖြစ်လို့ ဒီလိုမေးတာလဲ"





"ခွန်မှတ် ... မင်း စဉ်းစားကြည့်စမ်း၊ တစ်ကမ္ဘာလုံး နီးပါးကို အုပ်စိုးထားတဲ့ နေမဝင်အင်ပါယာရဲ့အရှင်သခင် ဒီနယ်ချဲ့အင်္ဂလိပ်တို့ကို တို့ရဲ့အင်အားလေးနဲ့ ခံချရင် ဘယ်လိုနည်းနဲ့ နိုင်နိုင်မှာလဲ၊ ငါတို့ဟာ သူတို့ရဲ့စက်သေနတ်ကျည်သင့်ပြီး သေရင်သေ၊ အဲလိုမှမဟုတ်ရင် စက်တိုင်တက်ရတာပဲ အဖတ်တင်မှာကွ"

"ဟာ အစ်ကိုကလည်း ... ဒီလိုသာ တွေးကြောက်နေရင် အစကတည်းက ကျုပ်တို့ တော်လှန်ရေးလုပ်တော့မလား။ အေးအေးပဲ နေလိုက်မှာပေါ့ဗျ"

"အေး ... ငါကလည်း အဲဒီလို အေးအေးနေဖို့ ပြောမလို့ကွ"

"အဲဒီလို အေးအေးနေရင် ဘာသွားလုပ်စားမလဲဗျ၊ လယ်စိုက်စားပြန်တော့လည်း ဘူလင်ဂျာပူးလို့ခေါ်တဲ့ သူတို့စပါးကုမ္ပဏီတွေ ပေါင်း၊ စည်းဝါးရိုက် လက်ဝါးကြီးအုပ်ပြီး ဈေးတအားနှိမ်တော့ စိုက်ပျိုးစရိတ်တောင် ပြန်မရဘဲ ရှုံးကြွေးတင်၊ ကျွန်ဖြစ်၊ လယ်သိမ်းခံရ၊ နွားသိမ်းခံရတယ်၊ သစ်ခုတ်ပြန်တော့လည်း သူတို့မောင်ပိုင်စီးထားတဲ့ သစ်တောကြိုးဝိုင်းတွေထဲ ဝင်ခိုးခုတ်ရမလားဆိုပြီး သစ်တောအက်ဥပဒေနဲ့ ဖမ်းပြန်ရော၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲ အခွန်ကအမျိုးမျိုးနဲ့ ဘာသွားလုပ်စားမလဲဗျာ၊ အဲဒီလို လှုပ်လေမြုပ်လေနဲ့ စားဝတ်နေရေးတွေ ကျပ်တည်းကျဉ်းမြောင်းလို့လည်း မခံနိုင်ဖြစ်ပြီး ထချခဲ့ကြတာပဲ အစ်ကိုရဲ့''

ခွန်မှတ်က ဒေါနှင့်မောနှင့်ပြောနေသလောက် ခွန်နာရာက ခပ်ပေါ့ပေါ့ပြုံးကာ ညီဖြစ်သူကို လေသံခပ်အေးအေးဖြင့် ပြောလေသည်။

''အေး ... ငါတို့ညီအစ်ကိုတွေ အဲဒီလို ကျပ်ကျပ်တည်းတည်းလည်း မနေရ၊ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲလည်း မလုပ်ကိုင် မစားသောက်ရဘဲ တစ်သက်လုံး ချမ်းချမ်းသာသာ အေးအေးငြိမ့်ငြိမ့်နေရမယ်ဆိုရင်ကော မင်း အဲဒီကောင်တွေကို ထချဦးမလား''

ဤတွင် ခွန်မှတ်က တွေခနဲဖြစ်သွားပြီးမှ သူ့အစ်ကိုကို မယုံသင်္ကာသလိုကြည့်သည်။

''ဘာလဲ ... အစ်ကိုက နယ်ချဲ့တွေရဲ့လက်အောက် ဒူးထောက်ပြီး ရာထူးရာခံတစ်ခုခု တောင်းယူမယ်ဆိုတဲ့ သဘောလား ... ဖြစ်မယ်မထင်ပါဘူးဗျာ၊ ကျုပ်တို့က လောကဓာတ်ကျောင်းမှ မတက်ဖူးတာ၊ ခေတ်ပညာမတတ်ဘဲ ဘာရာထူးရမှာလဲဗျ''





''ဟင်း ဟင်း ... ဒီမှာငါ့ညီရဲ့ ... ငါတို့ဟာ အင်အားအဆမတန်ကြီးမားတဲ့ နယ်ချဲ့မျက်နှာဖြူတွေနဲ့ တိုက်ခိုက်ပြီး အသက်စွန့်တာမျိုးလည်း မဖြစ်ရ၊ နယ်ချဲ့လက်အောက် ဒူးထောက်တဲ့အလုပ်လည်း မလုပ်ရဘဲ ချမ်းချမ်းသာသာ နေရမယ့်နည်းကို ငါ ရှာတွေ့ထားပြီကွ၊ ငါ့ညီသဘောတူရင် လုပ်လိုက်ရုံပဲ''

''ဗျာ ဗျာ ... ဘယ် ဘယ်လိုနည်းလဲ အစ်ကို''

''ဟင်း ဟင်း ... ငါတို့ လျှို့ဝှက်စုဆောင်းထားတဲ့ ရန်ပုံငွေသေတ္တာတွေကို ဆရာဆောင်းတို့ရော, ကြယ်နက်အဖွဲ့သားတွေရော မသိအောင်ယူပြီး တစ်နယ်တစ်ကျေးကို လစ်ပြေးရုံပဲလေကွာ''

''ဗျာ''

ခွန်မှတ်မှာ သူ့နားသူ မယုံနိုင်အောင်ဖြစ်သွားရသည်။ သူ ထိုသို့ ဘယ်သောအခါကမှ မတွေးမိခဲ့ချေ။

တကယ်တော့ သူသည် ပညာဉာဏ်ရော၊ ဗဟုသုတပါ နည်းပါးသူဖြစ်သဖြင့် သူ့အစ်ကို၏နောက်လိုက်အဖြစ် တစ်သက်လုံး နေလာသူဖြစ်သည်။

သူ့အစ်ကိုလုပ်သမျှ မိန်းမယူခြင်းအလုပ်မှလွဲ၍ အကုန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လုပ်သူဖြစ်သည်။

သေသေချာချာ စဉ်းစားတော့လည်း ယခု အစ်ကိုလုပ်သူပြောသည့်နည်းမှာ ဖြစ်နိုင်သည်ဟု သူမြင်လာသည်။

"ဟုတ် . . . ဟုတ်တယ်နော် အစ်ကို၊ ကျုပ် ကျုပ်တို့ စုဆောင်းထားတာ တော်တော်ကိုများနေပြီဗျ၊ ဟိုတစ်လောက နမ့်တူဘော်တွင်း သူဌေးအိမ်ကို ဝင်တိုက်ပြီးရလာတဲ့ ပတ္တမြားတွေတင် တန်ဖိုးနည်းတာ မဟုတ်ဘူးဗျ"

"အဲဒါပြောတာပေါ့ ငါ့ညီရဲ့ . . . ငါတို့ညီအစ်ကို အဲဒီ ရန်ပုံငွေသေတ္တာတွေကို ဖြောင်လိုက်နိုင်ရင် တစ်သက်လုံး မပင်ပန်း မဆင်းရဲဘဲ ချမ်းချမ်းသာသာ နေနိုင်ပြီကွ၊ အဲဒီလိုမှ မဟုတ်ဘဲ အင်္ဂလိပ်မျက်နှာဖြူတွေကို ဆက်တိုက်နေလို့ကတော့ တစ်နေ့မသေ တစ်နေ့သေရမှာပဲကွ၊ ငါ့သမီးလေးတွေလည်း အတော်ကြီးလာကြပြီ၊ သူတို့နဲ့ ငါ သေခွဲမခွဲပါရစေနဲ့ကွာ"

"ကောင်းပြီအစ်ကို . . . ကျုပ်တို့ ဘယ်သူမှမသိအောင် အပိုင်လုပ်နိုင်ရင် ဖြစ်တယ်၊ အဲဒါတွေရတာနဲ့ မရီးရော တူမလေးတွေရော ခေါ်ပြီး ခပ်ဝေးဝေးပြေးကြမယ်ဗျာ"

နောက်ဆုံးဝယ် သူတို့ညီအစ်ကိုသည် တောနက်ထဲမှ ဂူထဲတွင် လျှို့ဝှက်မြှုပ်နှံထားခဲ့ကြသည့် တော်လှန်ရေးရန်ပုံငွေ





သေတ္တာသုံးလုံးကို ကြယ်နက်ဂိုဏ်းဝင် မည်သူမျှမသိအောင် ဘူးဖော်ယူပြီး မြန်မာပြည်အောက်ပိုင်းသို့ လစ်ပြေးကြရန် ဆုံးဖြတ်လိုက်ကြတော့သည်။

သို့ဖြင့် ဦးစွာ ခွန်နာရာသည် သူ၏ဇနီး နန်းဒေဝီကို အကျိုးသင့်အကြောင်းသင့် တိုးတိုးတိတ်တိတ်ပြောဆိုကာ သမီးကြီးဖြစ်သူ စံဒေဝီကိုပါ ခေါ်လျက် မိုးလုံ့ရွာနှင့် မျက်စောင်းထိုးရှိ ရွှေလီမြစ်ဆိပ်ကမ်းမှ တစ်ရက်ကြိုစောင့်ရန် လွှတ်လိုက်လေ၏။

"နန်းက သမီးပါခေါ်ပြီး အဲဒီညောင်စောက် ဆိပ်ကမ်းကနေ စောင့်နေ၊ မော်တော်တစ်စင်းကိုလည်း စင်းလုံးငှားထား၊ အင်းရွာအထိသွားမယ်လို့ မော်တော်သမားကို ပြောထား။ အဝတ်အစား တစ်စုံနှစ်စုံကလွဲလို့ ဘာမှမယူနဲ့၊ ရွာကနေ မနက်စောစော ဘယ်သူမှမသိအောင် မြင်းနဲ့ထွက်"

"မောင်တို့လည်း မြင်းနဲ့လာမှာပဲ မဟုတ်လား၊ ညောင်စောက်ရောက်ရင် မြင်းတွေကို ဘယ်လိုလုပ်မှာလဲ"

"ထားခဲ့မှာပေါ့၊ မြင်းတွေလောက်ကို နှမြောမနေနဲ့၊ မောင်တို့က မန္တလေးအထိ ဆက်သွားမှာ၊ ဒီနယ်ကနေ လွတ်တာနဲ့ မောင်တို့ သူဌေးဖြစ်ပြီ၊ မန္တလေးရောက်ရင် သမီးငယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခေါ်မယ်''

ဇနီးသည်ကို သေချာမှာပြီးသည်နှင့် ခွန်နာရာနှင့် ခွန်မှတ်တို့သည် မြင်းကိုယ်စီဖြင့် ရွာမှထွက်ခဲ့ကြတော့၏။

သူတို့က စခန်းသို့ ဟန်မပျက် ပြန်ရဦးမည်ဖြစ်သည်။ ပန်းသာကြီးတောနက်ပိုင်းသို့ ဝင်လိုလျှင် သူတို့၏စခန်းဝန်းကျင်ကို မဖြတ်၍ မဖြစ်ချေ။ သည်တော့လည်း စခန်းပြန်ပြီး နှစ်ရက်ခန့် နေရပေဦးမည်။

ပြီးမှ အကြောင်းတစ်ခုခုပြလျက် သူတို့ညီအစ်ကို စခန်းမှထွက်ကာ လျှို့ဝှက်ဂူသို့ သွားရမည်ဖြစ်သည်။

✪ ✪ ✪





## သစ္စာမဲ့သူများ

နောက်နှစ်ရက်အကြာတွင် မဘိန်းဘက်သို့ စနည်းနာရန် သွားမည်ဟု ဆရာဆောင်းကိုပြောကာ သူတို့ညီအစ်ကိုသည် သစ္စာခံတပည့်ရင်း ယက္ခကိုခေါ်လျက် မြင်းကိုယ်စီဖြင့် စခန်းမှ ထွက်ခဲ့ကြလေသည်။

''ငမောက်''

''ဗျာ ... ဆရာဆောင်း''

''ခွန်နာရာတို့ညီအစ်ကိုဟာ ရွာကနေပြန်လာကတည်းက မူပျက်နေတယ်ကွ၊ မင်း သတိထားမိသလား''

''ဟင့်အင်း ... သတိမထားမိဘူးဆရာ၊ အမှတ်တမဲ့ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ''

''ခါတိုင်းဆို အဲဒီကောင်တွေဟာ တိုက်ဖို့ခိုက်ဖို့ပဲ ပြောနေကြတယ်၊ ဒီတစ်ခါတော့ ရွာကပြန်လာမှ ငြိမ်နေကြတယ်ကွ၊ ကျုပ်ကိုတောင် စကားဟက်ဟက်ပက်ပက် မပြောဘူး''

ကွပ်ပျစ်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ ဆေးတံကြီးခဲထားလျက်မှ ဆရာဆောင်းက ဆက်ပြောသည်။

''ပြီးတော့ မဘိန်းဘက်ကို အကြောင်းမရှိ အကြောင်းရှာပြီး ထွက်သွားကြတယ်၊ မဘိန်းဘက်မှာ စနည်းနာဖို့ မောင်ညွှက်ကို လွှတ်ထားပြီးပြီပဲ၊ မောင်ညွှက်ဆီက သတင်းမရဘဲ သူတို့ ဘာသွားစရာလိုသလဲ၊ သင်းတို့မှာ အကြံအစည်တစ်ခုခု ရှိပုံရတယ်ကွ''

''အဲဒီတော့ ဆရာဆောင်းက ဘာလုပ်ချင်လို့လဲ''

''မင်းရယ်၊ ကျုပ်ရယ်၊ ဒိဗ္ဗနဲ့ မိုးသက်တို့ကိုခေါ်ပြီး သူတို့နောက်က နောက်ယောင်ခံလိုက်ကြည့်ရအောင်၊ ဒိဗ္ဗတို့ကို ပြောပြီး မြင်းပြင်လိုက်စမ်း၊ ကျုပ်တို့လည်း စီအူးရွာဘက် စနည်းနာဖို့သွားမှာလို့ ကျန်တဲ့အဖွဲ့သားတွေကိုပြော''

''ဟုတ်ကဲ့ ဆရာဆောင်း''

ထို့နောက်မှာမူ ဆရာဆောင်းတို့ ငါးဦးလည်း စခန်းမှ

ခု နစ် စဉ် ကြယ် စာ ပေ



မြင်းကိုယ်စီဖြင့် ထွက်ခဲ့ကြတော့၏။

✪

ဆရာဆောင်း၏စိတ်ထဲတွင် တော်လှန်ရေးရန်ပုံငွေ သေတ္တာများအတွက် စိတ်လေးနေမိ၏။

နောက်ဆုံးအခေါက် တိုက်ရာပါရွှေငွေရတနာတို့ကို လျှို့ဝှက်ဂူ၌ သွားထားစဉ် များပြားစွာ စုဆောင်းမိပြီဖြစ်သည့် ရွှေငွေရတနာတို့ကို ကြည့်နေခဲ့သည့် ခွန်နာရာ၏မျက်လုံးတို့တွင် လောဘသက္ကာရ၏ အရိပ်အယောင်တို့ကို သတိထားတွေ့မြင်မိသည်။

ငွေကြေးနေဥစ္စာသည် လူ၏စိတ်ကို ဖောက်ပြန်စေနိုင်မှန်း ဆရာဆောင်းသိ၏။

ထို့ကြောင့် စိတ်ထဲထင့်နေသည့်ကြားထဲ ခွန်နာရာတို့ ညီအစ်ကို၏ လှုပ်ရှားမှုများကလည်း မသင်္ကာစရာဖြစ်နေရာ မလိုလဲလိုလဲ နောက်က,လိုက်ကြည့်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... သင်းတို့ရဲ့ မြင်းခွာရာတွေက မဘိန်း ဘက်ကို ဦးတည်မနေဘဲ တောနက်ထဲကို ဦးတည်နေပါလား၊ ငါထင်တဲ့အတိုင်း ဒီကောင်တွေ အကြံပက်စက်တော့မယ်နဲ့ တူရဲ့"

ဆရာဆောင်းတို့သည် မြင်းခွာသံ သိပ်မထွက်စေရန် သတိထားပြီး လျှို့ဝှက်ဂူရှိရာသို့ ဦးတည်ကာ လာခဲ့ကြတော့သည်။

နေ့ဝက်ခန့်ခရီးနှင်လာပြီးလျှင်မှ လျှို့ဝှက်ဂူနှင့် နီးလာပြီမို့ မြင်းပေါ်မှ ဆင်းလိုက်ကြပြီးလျှင် ...

"ကဲ ဒီဗွ ... မင်းက ဒီမှာမြင်းတွေစောင့်ရင်း နေရစ်ခဲ့၊ ကျုပ်တို့လေးယောက်ပဲ ဆက်သွားမယ်၊ သတိဝီရိယနဲ့လည်း နေဦး"

"ဟုတ်ကဲ့ ဆရာဆောင်း"

ထို့နောက် ဆရာဆောင်း၊ မြကြီး၊ ငမောက်နှင့် မိုးသက်တို့သည် ခြေသံလုံလုံဖြင့် နှစ်ဖာလုံခန့်ခရီးကို သတိကြီးစွာထားလျက် တိတ်တဆိတ် ချီတက်ခဲ့ကြတော့၏။

"ဟာ ဆရာဆောင်း ... မြင်းခွာသံတွေကြားရပါလား"

ဟုတ်သည်။ မြင်းခွာသံများက လေးလေးမှန်မှန်ဖြင့်





သူတို့၏ရှေ့ ကိုက်အတော်ဝေးဝေးမှ ထွက်ပေါ်လျက်ရှိပြီး တဖြည်းဖြည်း ပီပြင်စွာ ကြားလာရလေသည်။

"ဒီကောင်တွေ ပြန်လာတာအတော်မြန်တာပဲ၊ လာ ... ငါတို့ ဒီစောင်းချမ်းပင်တွေနောက်မှာ ပုန်းပြီး အခြေအနေ စောင့်ကြည့်ရအောင်"

ဆရာဆောင်းတို့သုံးဦး ပုန်းခိုနေသည့် ခင်တန်းလေးသို့ မြင်းသုံးစီးက ချိုးကွေ့လာခဲ့ပြီ။ ရှေ့ဆုံးမှမြင်းကို ခွန်နာရာက စီးနင်းလာပြီး သူ့နောက်မှမြင်းကို ယက္ခက စီးနင်းလာကာ ယက္ခ၏မြင်းကျောနောက်ပိုင်း ဘေးတစ်ဖက်တစ်ချက်တွင် သံသေတ္တာတစ်လုံးစီကို ကြိုးဖြင့် သိုင်းချည်ထားလေသည်။

နောက်ဆုံးမှ မြင်းကိုစီးနင်းလာသူမှာ ခွန်မှတ်ဖြစ်ပြီး ခွန်မှတ်၏မြင်းကျောပေါ်မှာမူ သေတ္တာတစ်လုံးသာ ပါလေ၏။

သူတို့သည် သံသေတ္တာများကို သယ်လာကြရသဖြင့် မြင်းတို့ကို လေးဖက်ကျ ခပ်မှန်မှန်သာ စီးနင်းလာကြလေသည်။

သူတို့ တောင်စောင်းခင်တန်းလေးကို လွန်လာသည်နှင့် ဆရာဆောင်းက စောင်းချမ်းပင်နောက်မှ ခုန်ထွက်လိုက်သလို မြကြီး၊ ငမောက်နှင့် မိုးသက်တို့လည်း လိုက်ထွက်လိုက်ကြလေ၏။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဆောင်းတို့လူစုကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသည့် ခွန်နာရာတို့လူစုမှာ အံ့အားကြီးသင့်ပြီး တစ္ဆေသရဲကို တွေ့ရသူနှယ် အကြီးအကျယ် ချောက်ချားတုန်လှုပ်သွားကြတော့သည်။

ဆရာဆောင်းက သူတို့၏ရှေ့ ဝါးနှစ်ရိုက်ခန့်အကွာတွင် ခါးထောက်ရပ်လိုက်ပြီး ခက်ထန်တင်းမာစွာ မေးလိုက်လေ၏။

"ခွန်ကြီး ...မင်းတို့ ဒါဘာသဘောလဲကွ ဟင်"

ခွန်နာရာက ခါးမှ ကျည်ခါးပတ်တွင် ချိတ်ဆွဲထားသည့် ခြောက်လုံးပြူးကို လျင်မြန်စွာထုတ်ကာ ဆရာဆောင်းတို့ကို ချိန်လိုက်လေသည်။

"ဟား ဟား ဟား ... ဘာသဘောရမလဲဗျ၊ ဒါတွေကို ယူတာလေ၊ ယူတာ ... ဟား ဟား ဟား"

"မင်း မင်းတို့ သစ္စာမဲ့လှချေလား ...ဟင်၊ ငါတို့စုဆောင်းထားတဲ့ တော်လှန်ရေးရန်ပုံငွေတွေ, ရတနာတွေဟာ တိုင်းပြည်နဲ့လူမျိုးအတွက်ကွ၊ မင်းတို့ တစ်ကိုယ်ကောင်းသုံးဖို့ မဟုတ်ဘူး။ အဖွဲ့သားအားလုံး အသက်စွန့်ပြီး ရှာဖွေထားတဲ့ ဒီရန်ပုံငွေတွေ, ရတနာတွေကို မင်းတို့ ဒီလိုသုံးချင်လို့ မရဘူးကွ၊ အဲဒီသေတ္တာတွေကို ငါတို့ရဲ့လက် အခုအပ်စမ်း"

ခု နစ် စဉ် ကြယ် စာ ပေ



"ဟား ဟား ဟား ...အာဏာသံပြင်းလှချေလား ဆရာဆောင်းရဲ့၊ ခင်ဗျားက ဒီရတနာရွှေငွေတွေနဲ့ ဘာဆိုင်လဲ၊ ဒီဟာတွေရဖို့ တိုက်ခဲ့ခိုက်ခဲ့တုန်းက ခင်ဗျားပါလို့လား၊ ကျုပ်တို့ အသက်စွန့်ပြီးတိုက်လို့ရတဲ့ဟာတွေကို ကျုပ်တို့ယူတယ်ဗျာ ... ဘာဖြစ်လဲ"

ဤတွင် ငမောက်က မခံနိုင်စွာ ဝင်ပြောတော့သည်။

"ဒီမှာ ဆရာခွန်နာရာ ... ကျုပ်တို့လည်း အသက်ပေးပြီး တိုက်ခဲ့ရတာပါဗျ၊ ဒါပေမဲ့ ဒါတွေကို ကျုပ်တို့ရဲ့ကိုယ်ကျိုးအတွက် ရှာဖွေခဲ့တာမဟုတ်ဘူး၊ တိုင်းပြည်နဲ့လူမျိုးအတွက်ပဲ ဖြစ်ရမယ်၊ ဆရာဆောင်းပြောသလိုပဲ အဲဒီသေတ္တာတွေ ကျုပ်တို့ရဲ့လက်ထဲအပ်ပါ"

"ဘာကွ ... ဒီသေတ္တာတွေကို မင်းတို့ရဲ့လက်ထဲ အပ်ရမယ် ...ဟုတ်လား၊ အေး ... ရွှေငွေရတနာသေတ္တာတော့ မရဘူး၊ ကျည်ဆန်ပဲရမယ်၊ ကဲကွာ"

'ဒိုင်း ဒိုင်း ဒိုင်း'

ခွန်နာရာ ထိုသို့ ယုတ်မာရက်စက်တော့မည်ကို ကြိုတွက်ထားပြီးဖြစ်သဖြင့် ဆရာဆောင်းတို့ နံဘေးသို့ လှိမ့်ရှောင်လိုက်ကြ၏။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခွန်နာရာတင်မက ယက္ခရော ခွန်မှတ်တို့ကပါ သေနတ်တို့ဖြင့် အဆက်မပြတ် ပစ်ကြလေရာ ဆရာဆောင်း၏ ဝဲဘက်လက်မောင်းကို လည်းကောင်း၊ ဒီဗွ၏ ယာဘက်ပေါင်ကို လည်းကောင်း၊ မိုးသက်၏ဝဲဘက် နံရိုးအောက်နှင့် ဝဲဘက်ပခုံးကို လည်းကောင်း ကျည်ဆန်တို့ ရှပ်မှန်သွားတော့သည်။

သည့်အပြင် ခွန်နာရာတို့က မနားတမ်း ရက်ရက်စက်စက် အဆက်မပြတ် ပစ်ခတ်ကြလေရာ ဆရာဆောင်းတို့မှာ နံဘေးရှိချုံများကြားသို့ လိမ့်ဆင်းလိုက်ကြပြီးနောက် ချုံနွယ် ပိတ်ပေါင်းတို့ ရှုပ်ထွေးပိတ်ဆီးလျက်ရှိသော ချောက်ကမ်းပါး အတွင်းသို့ အသက်လုကာ လိမ့်ဆင်းလိုက်ကြရပါတော့သတည်း။

✪

သေနတ်ဒဏ်ရာကိုယ်စီ ရခဲ့ကြသည့် ဆရာဆောင်းတို့ ဆရာတပည့်မှာ နက်ရှိုင်းလှသည့် ချောက်ကြီးထဲ အသီးသီး ပြုတ်ကျခဲ့ကြသော်လည်း ချောက်မှာ စောက်မနက်လှဘဲ ဆင်ခြေ လျှောဖြစ်ပြီး ချုံပုတ်တို့ကို ဆွဲကိုင်မိသဖြင့် အောက်သို့ ဆက်လက်





ကျမသွားဘဲ လမ်းခုလတ်မှာ တန်းလန်းဖြစ်သူဖြစ်နှင့် အသက် အန္တရာယ် ကင်းသွားကြရလေသည်။

သို့သော် သူတို့ ချောက်အပေါ်သို့ ကြိုးစားကုတ်ကတ် တက်လာနိုင်သည့်အခါမှာမူ ခွန်နာရာတို့၏ အရိပ်အယောင်သော် မျှ မတွေ့ရတော့ချေ။

"တောက် ... အဲဒီကောင်တွေ လစ်ပြေးပြီကွ"

"အဲဒီကောင်တွေ စခန်းဘက်တော့ သွားမှာမဟုတ်ဘူး ဆရာဆောင်း"

"ဘာပဲဖြစ်ဖြစ် ဒီဗွဆီ အရင်သွားကြစို့၊ အဲဒီကောင်တွေ ဒီဗွကိုများ သတ်သွားကြသလားမသိဘူး"

ဒီဗွမှာ မည်သည့်အန္တရာယ်နှင့်မျှ မကြုံတွေ့ရပါ။ ခွန်နာ ရာတို့က ဒီဗွနှင့် မြင်းများရှိရာဘက်မှ မသွားဘဲ မြောင်တစ်ခု အတိုင်း အနောက်တောင်ဘက်သို့ ဦးတည်သွားခဲ့ကြခြင်းဖြစ်၏။

"ခွန်နာရာတို့ အဲဒီဘက်သွားတာကို ဒီတောင်စောင်း ပေါ်က ဆီးပြီးမြင်လိုက်ရတယ် ဆရာဆောင်း"

ဒီဗွညွှန်ပြရာ မြောင်အောက်ဘက်သို့ ဆရာဆောင်းက မျှော်ကြည့်လိုက်သည်။

"ဟုတ်ပြီ ... အဲဒီမိစ္ဆာကောင် သစ္စာဖောက်တွေ ရွှေလီ



www.burmeseclassic.com

www.burmeseclassic.com



မြစ်ဘက် ပြေးတာဖြစ်မယ်၊ လာ . . . ငါတို့ မြစ်ကြောင်းအတိုင်း လိုက်ကြမယ်"

သို့ဖြင့် ဆရာဆောင်းတို့သည် မြင်းကိုယ်စီဖြင့် ရှေ့လီမြစ်ဆီ ဦးတည်ခရီးနှင်ခဲ့ကြပြီးနောက် မြစ်ကမ်းနံဘေးမှနေ၍ ကြိုးစားပမ်းစားလိုက်ကြလေတော့၏။

မြစ်ကမ်းပါးတစ်လျှောက်မှာ မြေညီပြင်ရှိသည့်နေရာရှိသော်လည်း များသောအားဖြင့် မြစ်ကွေ့နေရာတို့၌ ဆူးချုံတောကြီးများ ဝါးတောကြီးများခံနေခြင်း၊ ကျောက်ဆောင် ကျောက်တောင်တို့ ခံနေခြင်းကြောင့် ယင်းတို့ကိုကွေ့ပတ်ကာ မြစ်ကြောင်းကို မျက်ခြည်ပြတ်မခံဘဲ ခရီးနှင်နေရခြင်းဖြစ်၏။

သို့တိုင် ဆရာဆောင်းတို့မှာ ဒဏ်ရာကိုယ်စီ ရထားသဖြင့် မြင်းကို အပြင်းစီး၍မရဘဲ ဖြည်းဖြည်းမှန်မှန်ဖြင့် လိုက်ကြရလေသည်။

သို့ဖြင့် ဖွဲနပဲကြီးစွာလိုက်ကြရာ ညနေရီမှောင်စပျိုးချိန်တွင် မြစ်ကြောင်းအတိုင်း စက်ရှိန်မြင့်ခုတ်မောင်းနေသည့် မော်တော်တစ်စင်းကို မြစ်ကွေ့တစ်ခုတွင် လှမ်းတွေ့ကြရလေ၏။

"ဟော . . . ဟောဟိုမော်တော်ဦးပိုင်းမှာ ခါးထောက်ရပ်နေတာ ခွန်ကြီးမဟုတ်လား"





"ဟုတ်တယ် ဆရာဆောင်း . . . အဲဒီကောင်တွေ ရေကြောင်းကနေ လစ်ပြေးကြတာပဲ"

ဆရာဆောင်းတို့မှာ မြစ်ကြောင်းနံဘေးမှ ကြိုးစားပမ်းစား လိုက်ကြသော်လည်း မော်တော်ကို မမီတော့ဘဲ မော်တော်လေးက သူတို့နှင့်ဝေးသည်ထက်ဝေးသွားကာ ရှေ့မှမြစ်ကွေ့တစ်ခုတွင် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။

"တောက် . . . အဲဒီကောင်တွေ လွတ်သွားလို့မဖြစ်ဘူး"

"ဘယ်လိုလုပ်ကြမလဲ ဆရာဆောင်း"

"အဲဒီကောင်တွေရဲ့နောက်ကို မရ ရအောင် လိုက်ရမှာပဲ၊ ရှေ့မှာ တောင်ကုန်းရွာ မဟုတ်လား၊ အဲဒီရွာကို ဖြတ်ဝင်ကွာ၊ အဲဒီရွာမြစ်ဆိပ်မှာ စက်လှေငှားလို့ရရင် ငှားပြီးလိုက်ကြမယ်"

သို့ဖြင့် ဆရာဆောင်းတို့လူစုသည် တောင်ကုန်းရွာထဲသို့ မြင်းများ စိုင်းနှင်ကာ ဖြတ်ဝင်ခဲ့ကြတော့၏။

ညမှောင်လုလုတွင် ရွာထဲဖြတ်ဝင်လာကြသည့် သူတို့မြင်းစီးသမားများကို ကလေးသူငယ်မှအစ ရွာသူရွာသားတို့က အထူးအဆန်းသဖွယ် ငေးကြည့်နေကြလေသည်။

ထိုထဲမှ ရွာသားတစ်ဦးက ဒဏ်ရာမှသွေးများ စိမ့်ထွက်ကာ အင်္ကျီနံဘေးတစ်ခြမ်းလုံး သွေးရောင်လွှမ်းနေသည့် မိုးသက်



www.burmeseclassic.com

www.burmeseclassic.com



ကို သတိပြုမိသွားသလို ရွာသူတစ်ဦးကလည်း ငမောက်၏ ခါးပတ်၌ သားရေအိတ်ဖြင့် ထည့်ထားသည့် ခြောက်လုံးပြူး သေနတ်ဒင်ကို တွေ့သွားလေ၏။

"ဓားပြတွေလား မသိဘူး"

"ဟုတ်တယ် . . . ဒဏ်ရာရပြီး ဘယ်ကနေ ပြေးလာကြသလဲ မသိဘူး"

"သူကြီးရဲ့အိမ်မှာ ရာဇဝတ်အုပ်နဲ့အဖွဲ့ ရောက်နေတယ် မဟုတ်လား၊ သွားအကြောင်းကြားမှ ဖြစ်မယ်ဟေ့၊ တော်ကြာ ငါတို့ရွာကို အန္တရာယ်ပြုလာဦးမယ်"

တောင်ကုန်းတစ်ရွာလုံး ရုတ်ရုတ်သဲသဲဖြစ်ပြီး သူကြီးအိမ်သို့ ပြေးသူပြေးကြပြီ။

ခွန်နာရာတို့ လွတ်သွားမည်ကိုသာ စိုးရိမ်ပူပန်နေကြသည့် ဆရာဆောင်းတို့လူစုမှာ ဖောကပ်နေသဖြင့် သူတို့၏ အန္တရာယ်ကို သူတို့မမြင်မိကြချေ။

ဆရာဆောင်းတို့သည် မြစ်ကမ်းဆိပ်သို့ ရောက်လေလျှင် မြင်းများပေါ်မှဆင်းပြီး စက်လှေတစ်စီးငှားရမ်းနိုင်ရန် ဟိုလူ့မေး သည်လူ့စမ်းဖြင့် ယောက်ယက်ခတ်နေကြလေ၏။

ထိုစဉ်မှာပင် ရာဇဝတ်အုပ်နှင့်ပုလိပ်သားတစ်စု ရုတ်





တရက်ရောက်ရှိလာပြီး သူတို့ကို ဖမ်းဆီးလိုက်တော့၏။

သူတို့ကိုယ်မှာရှာတော့ ခြောက်လုံးပြူးနှစ်လက်နှင့် ဓားမြှောင်သုံးချောင်း ရှာဖွေတွေ့ရှိလေသည်။

ဆရာဆောင်းတို့အနေဖြင့် ဖွတ်မရ ဓားမဆုံးဆိုသည့် အဖြစ်မျိုး ကြုံလိုက်ရခြင်းဖြစ်သည်။

တော်လှန်ရေးရန်ပုံငွေများကို ခိုးယူသွားသည့် သစ္စာဖောက်ခွန်နာရာတို့ကို မဖမ်းမိသည့်အပြင် သူတို့သာ လက်နက်မှုဖြင့် အဖမ်းခံရကိန်း ဆိုက်နေတော့၏။

"တောက် . . . ဒီလိုတော့ အဖြစ်မခံဘူး၊ အမျိုးသားသစ္စာဖောက် ခွန်နာရာတို့ကို မမိမိအောင် လုပ်ရမယ်"

ဆရာဆောင်းသည် ထိုသို့တွေးပြီး ရာဇဝတ်အုပ်ကို ပြတ်သားစွာ ပြောလိုက်လေသည်။

"ရာဇဝတ်အုပ်ကြီး ကျုပ် တစ်ခုတင်ပြပါရစေ . . . ကျုပ်တို့ အခု ဒီရွာကိုလာတာ ဒီရွာကလူတွေကို ဒုက္ခပေးဖို့ မဟုတ်ပါဘူး၊ ဒီရွှေလီမြစ်ကြောင်းအတိုင်း မောင်းပြေးသွားတဲ့ မော်တော်တစ်စင်းရဲ့နောက်ကို လိုက်ဖို့လာတာပါ၊ အဲဒီမော်တော်ပေါ်မှာ ကြယ်နက်သူပုန်ဂိုဏ်း ပါသွားတယ်"

"ဟင် . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ်က မိုးလုံ့ရွာက သူကြီးရဲ့ဘက်တော်သားတွေပါ၊ ကြယ်နက်ဂိုဏ်းက ရွာကို ဓားပြလာတိုက်ရင်း ကျုပ်တို့နဲ့ တိုက်ပွဲဖြစ်ခဲ့ရတာပါ၊ ဒါကြောင့် ကျုပ်တို့ ဒဏ်ရာတွေ ရခဲ့တာပေါ့၊ အခု အဲဒီသူပုန်ဓားပြအဖွဲ့ဟာ ကျုပ်တို့ရွာကတိုက်လို့ ရတဲ့ ငွေတွေယူပြေးလို့ လိုက်လာရတာပါ"

"ခင်ဗျားပြောတာ အမှန်တွေလား"

"အမှန်ပါပဲ ရာဇဝတ်အုပ်ကြီး၊ အဲဒီကောင်တွေ ရောဝတီမြစ်ဆုံကို မရောက်ခင် မိဖို့အရေးကြီးတယ်၊ အဲဒီမော်တော်ပေါ်မှာ အစိုးရက အလိုရှိနေတဲ့ ကြယ်နက်ဂိုဏ်းရဲ့ ခေါင်းဆောင်တွေ ပါသွားတယ်"

ကြယ်နက်ဂိုဏ်းမှာ နာမည်ကြီးသူပုန်ဓားပြဂိုဏ်းမို့ ရာဇဝတ်အုပ် ဦးကျော်ငြိမ်းမှာ လက်ရဖမ်းဆီးလိုသဖြင့် စက်လှေနှစ်စင်းကို ချက်ချင်းခေါ်ကာ ဆရာဆောင်းတို့ပါ တင်လျက် ရွှေလီမြစ်ကြောင်းအတိုင်း အလျင်အမြန် လိုက်တော့၏။

သူတို့စက်လှေနှစ်စင်းသည် ရွှေလီမြစ်ရေပြင်ကို ခွဲဖြတ်လျက် ရေပန်းတဖွားဖွားဖြင့် တစ်ဟုန်ထိုး စက်ကုန်ဖွင့်မောင်းနှင်လေရာ တစ်နာရီခွဲခန့် မောင်းနှင်မိလေလျှင် ရှေ့မှ မော်တော်ကို မီလာလေ၏။





"ဟုတ်တယ် ... အဲဒီမော်တော်ပဲ"

'ဒိုင်း ဒိုင်း ဒိုင်း'

"ဟေ့ ... မော်တော်ရပ်စမ်း၊ ရပ်စမ်း"

ရာဇဝတ်အုပ်နှင့်အဖွဲ့က ရှေ့မှမော်တော်အား မီးဆလိုက်ထိုးပြီး အော်ဟစ်ရပ်ခိုင်းသလို သေနတ်များကိုလည်း မိုးပေါ်ထောင်ဖောက်လိုက်လေ၏။

ခွန်နာရာတို့လည်း သူတို့၏နောက်သို့ ပုလိပ်များလိုက်လာကြောင်း သိလေလျှင် အညှံ့မခံဘဲ ဦးအောင်စတင်ပစ်ခတ်တော့၏။

'ဒိုင်း ဒိုင်း ဒိုင်း'

ချက်ချင်းဆိုသလိုပင် ရွှေလီမြစ်အတွင်း၌ ပစ်ခတ်တိုက်နိုက်သံများ ဆူညံသွားပြီး ခဏအကြာမှာပင် စက်လှေနှစ်စီးမှ ညှပ်ပူးညှပ်ပိတ် ပစ်ခတ်လိုက်သော ကျည်ဖူးတို့က ခွန်နာရာတို့မော်တော်ပေါ်မှ လူသားတို့၏ ဇီဝိန်ကို ရက်ရက်စက်စက် ခြွေတော့၏။

သေနတ်ကျည်မှန်သဖြင့် နန်းဒေဝီမှာ ပွဲချင်းပြီး သေဆုံးသွားရသလို မော်တော်ဆလင်မှာ ခေါင်းတစ်ခြမ်း ပွင့်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားမော်တော်သမားထို့လည်း ရေထဲခုန်ချကူးပြေးကြပြီး ခဏအကြာမှာပင် မော်တော်ကို မီးစွဲလောင်ကာ မော်တော်နစ်တော့၏။

မီးလောင်နေသည့်မော်တော် ရေထဲနစ်မြုပ်နေသည်ကို တွေ့ရလေလျှင် ဆရာဆောင်းသည် သူ့လူတို့ကို ခပ်တိုးတိုး အမိန့်ပေးလိုက်တော့သည်။

"ဟော့ . . . မိစ္ဆာကောင် သစ္စာဖောက်တွေ ခိုးသွားတဲ့ သေတ္တာသုံးလုံးတော့ ရေအောက်သချိုင်းရောက်သွားပြီး အမျိုးသားသစ္စာဖောက်တွေကိုလည်း ဒဏ်ခတ်နိုင်ခဲ့ပြီ၊ ငါတို့လည်း ပြေးကြစို့"

ထို့နောက် ပုလိပ်အဖွဲ့သားများ မော်တော်ဆီ အာရုံရောက်နေစဉ် ဆရာဆောင်းတို့ငါးဦးသည် ရေထဲသို့ ဒိုင်ဗင်ထိုးချပြီး ကူးခတ်ပြေးခဲ့ပါတော့သတည်း။

✪ ✪ ✪





## သမုဒယအချက်

"ဖြစ်ရပ်ကတော့ အဲဒီအတိုင်းပါပဲ၊ အဲဒီနောက် ကျုပ်တို့ငါးဦးဟာ ဘေးမသီ ရန်မခဘဲ ကမ်းပေါ်ရောက်ခဲ့ကြတယ်၊ နောက် လူစုခွဲခဲ့ကြတယ် . . .၊

မိုးသက်က ရောင်နီလို့နာမည်ပြောင်းပြီး ရန်ကုန်ကို ဆင်းသွားတယ်၊ အဲဒီမှာပဲ အခြေချတယ် . . .၊

မြကြီးက မြကျော်အမည်နဲ့ မန္တလေးမှာ အခြေချတယ်၊

ငမောက်ကလည်း စစ်ကိုင်းဘက်က အမျိုးတွေဆီမှာ လေးငါးနှစ်လောက် သွားရှောင်နေပြီးမှ သူ့ရဲ့ဇာတိ ကသာကို မောက်ကြီးအဖြစ်နဲ့ ပြန်ရောက်သွားတယ် . . .၊

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီဗွက ဘသိုက်အမည်နဲ့ မအူပင်ဘက်မှာ စပါးပွဲစားလုပ်ရင်း ကြီးပွားလာရာက လေးငါးနှစ်ကြာမှ ဒီမိုးကောင်းကို ပြောင်းရွှေ့အခြေချပြီး ဆန်စက်သူဌေး ဖြစ်လာခဲ့တယ် …။

ကျုပ်ကတော့ လောကီရေးရာတွေကို စိတ်ကုန်ပြီး ခုလို ဝတ်ဖြူစင်ကြယ်ဝတ်လို့ အဘပေါင်းအမည်နဲ့ အလောင်းတော်ကဿပမှာ တရားအားထုတ်နေခဲ့တယ်၊ တစ်ခါတလေတော့လည်း နယ်လှည့်ပြီး ဆေးကုရင်း ခုနစ်ရက်သားသမီးကို ကယ်တင်ခဲ့တယ်ပေါ့ …။

အဲဒီလို နယ်လှည့်ရင်း ကြယ်နက်မျိုးဆက်သစ်အဖွဲ့ ပြန်စုစည်းတဲ့သတင်းနဲ့ တစ်ချိန်က ကြယ်နက်အဖွဲ့ရဲ့ခေါင်းဆောင် ခွန်နာရာတို့အတွက် ကလဲ့စားပြန်ချေဖို့ စနစ်တကျ ကြံစည်နေတဲ့ သတင်းကို ကြားသိခဲ့ရတယ် …။

ဒါကြောင့် ကျုပ်ဟာ မလွှဲရှောင်သာဘဲ ရောင်နီလို့ခေါ်တဲ့ မိုးသက်ဆီကို ဇာတိုက်ကနေ မျောက်စမပုံပို့ပြီး လျှို့ဝှက်သတင်းပေးခဲ့တယ်၊ ကြယ်နက်တွေဟာ သူ့ရဲ့အနီးအနားမှာ ရှိနိုင်တာမို့ လူကိုယ်တိုင်သွားပြီး သတင်းမပေးနိုင်ခဲ့ဘူး၊ ကျုပ်ဟာ ရန်သူနဲ့ ထိပ်တိုက်တိုးရင် သတ်ဖြတ်ခွင့်မရှိသူမို့ ရန်သူကို ကြိုပြီးသတိကြီးကြီးနဲ့ ရှောင်ရှားတဲ့သဘောပါပဲ …။





ကျုပ် သတိပေးတဲ့ကြားက ရောင်နီလို့ခေါ်တဲ့ မိုးသက် အသတ်ခံခဲ့ရတယ် …။

မောက်ကြီးလို့ခေါ်တဲ့ ငမောက်ကိုလည်း ရောင်နီနဲ့ တစ်ချိန်တည်း ဇာတိုက်ကနေ မျောက်စမပုံပို့ပြီး သတိပေးခဲ့တာပဲ၊ စာမရေးဘဲ မျောက်စမပုံ ပို့ရတာကတော့ ရန်သူကြယ်နက်တွေ မရိပ်မိအောင်ပါ၊ ခြေရာခံလို့ မရအောင်ပါ၊ မောက်ကြီးတို့က ကျုပ်ဆီမှာ ဂမ္ဘီရဝိဇ္ဇာပညာရပ်တွေ သင်ကြားဖူးတော့ မျောက်စမပုံအောက်မှာ ဝိဇ္ဇာလက်ရေးနဲ့ရေးထားတဲ့ သတိပေးစာကို ဖတ်တတ်တယ်လေ …။

မြကြီးခေါ် မြကျော်ကိုလည်း ဒီလိုပဲ သတိပေးခဲ့တယ်၊

ဒီဗွကိုတော့ ကျုပ် ဘယ်မှာနေမှန်း စုံစမ်းမရခဲ့ဘူး၊ နောက်မှ မိုးကောင်းရောက်နေတယ်လို့ သတင်းရခဲ့တယ်၊ ကျုပ်ဟာ ရောဝတီမြစ်ကို မြစ်ကြီးနားအထိ အစုန်အဆန်သွားလာဖူးပေမယ့် မိုးကောင်းမှာ မနားခိုဖူးတော့ သူနဲ့နီးလျက်နဲ့ ဝေးနေရတာပါ …။

မကြာခင် ရက်ပိုင်းကမှ မိုးကောင်းက သူဌေးဦးဘသိုက် အလှူအကြီးအကျယ်လုပ်မယ်လို့ သတင်းကြားရပြီး ဦးဘသိုက်ရဲ့ ရုပ်သွင်ပုံပန်းသဏ္ဍာန်ကို ထောက်လှမ်းမေးမြန်း စုံစမ်းကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒီဗွနဲ့ အတော်တူနေတယ်လေ၊ ပြီးတော့ ကြယ်နက်တွေ မိုးကောင်းဘက်သွားမယ်လို့လည်း သတင်းကြားရတော့ သူဌေးဦးဘသိုက်ဆိုတာ ဒီဗွဖြစ်နိုင်တယ်လို့တွေးပြီး မိုးကောင်းကို ရွှေနဒီသင်္ဘောစီးလို့ လိုက်လာခဲ့တာပါပဲ ...၊

ဒီရောက်တော့ ကျုပ်ထင်တဲ့အတိုင်း သူဌေးဦးဘသိုက်ဆိုတာ ဒီဗွဖြစ်နေတယ်၊ သူ့ကိုတော့ စာပို့ပြီး သတိပေးဖို့ အချိန်မရတော့လို့ လူကိုယ်တိုင် သူ့အိမ်ထဲ ဖောက်ထွင်းဝင်ရောက်ပြီး သူ့အိပ်ခန်းက တံခါးရွက်မှာ စာရေးသတိပေးခဲ့ရတာပါပဲ''

အဘပေါင်း (ခေါ်) ဆရာဆောင်း၏စကားအဆုံးတွင် စံဒေဝီကလည်း ဝန်ခံခြင်းပြုလေ၏။

''ကျွန်မဟာ ရွှေလီမြစ်ထဲမှာ မော်တော်မီးလောင်တော့ အသက်မသေခဲ့ပေမယ့် မျက်နှာတစ်ခြမ်း မီးစွဲလောင်ပြီး ရုပ်ဆင်းပျက်ခဲ့ရပါတယ်၊ ညီမလေးစံရတီကတော့ အဝေးမှာ ကျောင်းအိပ်ကျောင်းစား သွားနေတာမို့ ကျွန်မတို့ရဲ့အဖြစ်အပျက်ကို ဂဃနဏ မသိရှာပါဘူး ...၊

အဲဒီတုန်းက အမေနန်းဒေဝီ သေနတ်မှန်ပြီး သေဆုံးခဲ့ရတယ်၊ ကျွန်မက မျက်နှာတစ်ခြမ်း မီးစွဲလောင်ပြီး ရုပ်ပျက်ခဲ့ရရုံမက သူပုန်မိသားစုဝင်ဆိုပြီး ထောင်ငါးနှစ်အချခံခဲ့ရတယ်၊ အဖေ





ကတော့ နာမည်ကြီးသူပုန်ဗိုလ်ဆိုပြီး ကြိုးပေးကွပ်မျက်တာ ခံခဲ့ရတယ်၊ အဲဒီတုန်းက မီးလောင်, မော်တော်နစ်ပြီး လူတွေကို ပုလိပ်သားတွေက ရေထဲက ဆယ်တင်ဖမ်းဆီးခဲ့ကြတယ်၊ တရားစွဲခဲ့ကြတယ်၊ အဲဒီထဲမှာ ဦးလေးအရင်းဖြစ်တဲ့ ဦးခွန်မှတ်လည်း ဦးယက္ခနဲ့အတူ စက်တိုင်တက်ခဲ့ရတယ် ...၊

ကျွန်မတို့မိသားစုတွေ အဲဒီလို ဘဝပျက်, အသက်တွေပါ ဆုံးရှုံးခဲ့ရတာ ဖော်ကောင်လုပ်ခဲ့တဲ့ ဆရာဆောင်းတို့ သစ္စာဖောက်တစ်စုကြောင့်လို့ စွဲမှတ်ပြီး ထောင်ကလွတ်တာနဲ့ သွေးကြွေးဆပ် လက်စားချေဖို့ ဆုံးဖြတ်ခဲ့တယ် ...၊

ကျွန်မ ထောင်ကထွက်လာတော့ ဦးယက္ခရဲ့သား စက္ကနဲ့ ဆက်သွယ်မိပြီး ကြယ်နက်အဖွဲ့ကို ပြန်ဖွဲ့ခဲ့တယ်၊ ကျွန်မက မမြစိမ်းနာမည်နဲ့ အဖွဲ့ခေါင်းဆောင်လုပ်ခဲ့တယ်၊ ကျွန်မရော, စက္ကရော တော်လှန်ရေးရန်ပုံငွေကိစ္စကို လုံးဝမသိခဲ့ပါဘူး၊ ဆရာဆောင်းတို့အဖွဲ့ သစ္စာမဲ့ခဲ့တယ်လို့ပဲ ယူဆခဲ့ကြတာပါ ...၊

ဒါကြောင့် သူတို့ ဘယ်မှာပုန်းခိုနေကြသလဲဆိုတာကို ကျွန်မတို့ကြယ်နက်အဖွဲ့ဟာ သေသေချာချာ ထောက်လှမ်းစုံစမ်းပြီး သူတို့ကို တစ်ယောက်ချင်း လက်ရဖမ်းဆီးခဲ့ကြတယ်၊ ပြီးတော့ အဖေတို့, ဦးလေးတို့, ဦးယက္ခတို့သေသလို သင်းတို့



www.burmeseclassic.com

www.burmeseclassic.com



သေရမယ်ဆိုပြီး သူတို့ကို ဆွဲကြိုးချသတ်ဖြတ် ကြိုးဒဏ်ပေးခဲ့ကြတာပါပဲ ...။

ကျွန်မရဲ့လုပ်ရပ်အတွက် ဥပဒေကပေးတဲ့အပြစ်ကို ကျေကျေနပ်နပ်ခံယူပါ့မယ်၊ တစ်ခုရှိတာက ကျွန်မရဲ့လုပ်ဆောင်ချက် အားလုံးကို ကျွန်မရဲ့ညီမလေး စံရတီ လုံးဝမသိရှာပါဘူး၊ သူ့ကိုတော့ အန္တရာယ် မပြုကြပါနဲ့ရှင်"

ဤတွင် ဆရာဆောင်း (ခေါ်) အဘပေါင်းနှင့် ဦးဘသိုက် (ခေါ်) ဦးဒိဗ္ဗတို့ကလည်း သူတို့ကို ဥပဒေအရ အပြစ်ပေးပါက အပြစ်ဒဏ်ကို ကျေကျေနပ်နပ်ခံယူမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကြလေသတည်း။

✪

BURMESE CLASSIC .com

"ရတီ ... ရတီရဲ့အစ်မအတွက် ကိုယ်စိတ်မကောင်းပါဘူး၊ တရားနဲ့သာဖြေပါ ရတီ"

ကိစ္စအားလုံးပြီးသည့်နောက် တစ်နေ့သောအခါတွင် စံရတီနေထိုင်ရာ မန္တလေးချမ်းမြသာစည်အရပ်မှ သစ်သားအိမ်





ကလေးသို့ အလည်အပတ်လာရင်း အိမ်ရှေ့ဧည့်ခန်းမှာပင် အိုင်အိုချစ်သွေးက နှစ်သိမ့်စကားဆိုသည်။

"ရတီ နားလည်ပါတယ် အစ်ကိုရယ်၊ လောကမှာ ဘယ်သူမပြု မိမိမှုဆိုသလိုပါပဲ၊ မမဒေဝီဟာ သူ့တရား သူစီရင်သွားတယ်လို့ပဲ ရတီမှတ်ယူပါတယ်ရှင်"

"ဒေဝီ့အတွက်နဲ့ ကိုယ့်ကိုရော စိတ်နာမုန်းတီးသွားပြီလား ရတီ၊ ကိုယ်က တာဝန်အရ လုပ်ရတာပါ"

စံရတီက သက်ပြင်းလေး ဖွဖွချသည်။

"ရတီနားလည်ပါတယ် အစ်ကိုရယ်၊ အကုသိုလ်ပြုသူအတွက် အကုသိုလ်ကံက တစ်နေ့မှာတော့ အကျိုးပြန်ပေးမှာပဲလေ၊ မမဒေဝီဟာ ကြယ်နက်သမီးတော်အဖြစ် သူ့တာဝန်သူကျေအောင် ထမ်းဆောင်ရင်း သူ့ရဲ့အကုသိုလ်က သူ့ကို အကျိုးပြန်ပေးသွားတာပါပဲ၊ ဒီအတွက်နဲ့ အစ်ကို့ကို စိတ်ခုစရာအကြောင်းမရှိပါဘူးရှင်"

"ဝမ်းသာလိုက်တာ ရတီရယ် ... ရတီများ ကိုယ့်ကိုနာကြည်း မုန်းတီးသွားပြီလားလို့ စိတ်ပူစိုးရိမ်ပြီး ဒီကို ရုတ်တရက် လိုက်မလာရဲတာပါ"

"ခုတော့ ဘာ့ဖြစ်လို့ လိုက်လာရဲတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရတီရဲ့မျက်နှာလှလှလေးကို မမြင်ရတာကြာလို့ သိပ်မြင်ချင်လာတာနဲ့ စိတ်ဆိုးရင်လည်း ခံလိုက်မယ်ဆိုပြီး အရဲစွန့်ဖွတ်မိုတ်လာခဲ့ရတာပါ ရတီ"

"ဟွန်း . . . အိုင်အိုကြီးက ဒီလိုတော့လည်း စကားတတ်သားပဲနော်"

"သင်ပေးတဲ့သူရှိတာကိုး"

"ဟင် . . . ဘယ်သူက သင်ပေးတာလဲ"

"အချစ်ဆိုတဲ့ အရာကလေ၊ ရတီ့ကို သိပ်ချစ်နေမိတဲ့ အချစ်ဆိုတဲ့ အရာကသင်ပေးတာလေ"

"အို . . . သွား"

စိုးကြူအင္ဂ

BURMESE CLASSIC .com

www.burmeseclassic.com